ဖြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ သောကြာနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၂၀]

## ဝီရိယနှင့် ဆန္ဒအကျိုး

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

# အရည်အသွေးပြည့်ဝသည့်လူငယ်များ ပေါ်ထွန်းလာစေရန် ဆရာ ဆရာမများအပေါ် မူတည်



**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက သူနာပြုနှင့်သားဖွားသင်တန်းကျောင်း သုံးထပ်ဆောင်တည်ဆောက်မှုတွင် သတိပြုရမည့်အချက်များ၊ မကြာမီသင်တန်းဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းသူများ၏ အရည်အသွေးတိုးတက်ရေးအတွက် သင်ကြားမှု၊ သင်ယူမှုဆိုင်ရာများနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ကလေးတက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံရာ ရှေးဦးစွာ ပါမောက္ခချုပ် ဦးသန်းဝင်းက ကလေးတက္ကသိုလ်ဆိုင်ရာ အချက်အလက်များနှင့် တက္ကသိုလ်၏ လတ်တလောလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက တက္ကသိုလ်တစ်ခု၏ အင်္ဂါရပ်များဖြစ်သော *စာမျက်နှာ ၃ ကော်လံ ၁* ❁

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

## ယနေ့ ဖတ်စရာ

### ခမုံနှင့် ကျောက်အိုင်ဘူတာအကြား ပြိုပျက်သွားသော ရထားလမ်း ပြုပြင်မှုလုပ်ငန်းများစတင်

စာမျက်နှာ-၁၀

### ရောဝတီလင်းပိုင်ကို မြစ်ဝကျွန်းပေါ်ရှိ စာဖြူကြီးဂွနေရာတွင် ထူးဆန်းစွာတွေ့ရှိဟုဆို

စာမျက်နှာ-၁၁

# ကမ်းနားလမ်းပိုင်းပြေးဆွဲမည့် လျှပ်စစ်ရထားများ သီလဝါဆိပ်ကမ်းသို့ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်မြို့ ကမ်းနားလမ်းပိုင်းတွင် ပထမဦးဆုံးပြေးဆွဲမည့် တင်ဒါစနစ်ဖြင့်ဝယ်ယူတင်သွင်းထားသော လျှပ်စစ်ရထား(Tram Rail) ခုနစ်တွဲနှင့် ဂျပန်နိုင်ငံအစိုးရက ပေးပို့လှူဒါန်းသော RBE အဲကွန်းရထားခြောက်တွဲမှာ ယနေ့နံနက် ၈ နာရီခွဲက အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိသည်။

လျှပ်စစ်ရထား (Tram Rail) ပြေးဆွဲမည်နှင့်စပ်လျဉ်း၍ မြန်မာ့မီးရထား တိုင်းအမှတ်(၇)မှ မန်နေဂျာ(သွားလာရေး/တိုင်း)ဦးကျော်စိုးလင်းက "အခုရောက်လာတဲ့ လျှပ်စစ်ရထားခုနစ်တွဲကတော့ ကမ်းနားလမ်းပိုင်းမှာ ပြေးဆွဲသွားမှာပါ၊ ဘယ်ထိပြေးဆွဲ *စာမျက်နှာ ၁၄ ကော်လံ ၁* ◆





# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

“ မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ ”

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ဘာသာစကားနှင့် အလုပ်အကိုင်

အလုပ်အကိုင်များခန့်ထားရာတွင် လုပ်ငန်းခွင်အသုံးချ ပညာရပ်များ ကျွမ်းကျင်တတ်မြောက်ထားရုံမက ဘာသာစကား ကျွမ်းကျင်မှုသည်လည်း အလုပ်အကိုင်ရရှိရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိပါသည်။ ဘာသာစကားကျွမ်းကျင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းသည် တိုက်ရိုက်ဆက်စပ်လျက်ရှိ ပါသည်။ နိုင်ငံခြားဘာသာစကားတစ်မျိုးမျိုး ကျွမ်းကျင်စွာ တတ်မြောက်ထားခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိ နိုင်မည်ဖြစ်ပါသည်။

အလုပ်အကိုင် တစ်ခုခုသို့ ဝင်ရောက်ရန် ကြိုးစားနေသည့် လူငယ်များအနေဖြင့် အဓိကအားဖြင့် အနည်းဆုံး ကျွမ်းကျင်မှု နှစ်ခုရှိရမည် ဖြစ်ပါသည်။ နံပါတ်(၁)အနေဖြင့် လုပ်ငန်းခွင်သုံး ပညာရပ်တစ်ခုခု တတ်မြောက်ထားရမည် ဖြစ်ပါသည်။ ဥပမာ ကွန်ပျူတာစာရင်းကိုင်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး အတတ်ပညာ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအစရှိသဖြင့် လုပ်ငန်းခွင်အသုံးချ အတတ်ပညာများ တတ်မြောက်ထားသင့်ပါသည်။ နံပါတ်(၂) အနေဖြင့် ဘာသာစကားကျွမ်းကျင်မှု ဖြစ်ပါသည်။ အင်္ဂလိပ် ဘာသာစကားသာမက ဂျပန်၊ ထိုင်း၊ မလေးရှားနှင့် ကိုရီးယား ဘာသာစကားစသည်ဖြင့်လည်း ကျွမ်းကျင်စွာတတ်မြောက်ထား သင့်ပါသည်။

ယခုအခါ ပြည်ပသို့ မြန်မာနိုင်ငံသားအများဆုံး သွား ရောက်အလုပ်လုပ်ကိုင်နေကြသော ထိုင်း၊ ကိုရီးယား၊ ဂျပန်နှင့် မလေးရှားနိုင်ငံတို့က ယင်းတို့၏ မိခင်ဘာသာစကား ကျွမ်းကျင် သူများကို အလုပ်အကိုင်များ အလေးထားခေါ်ယူလျက်ရှိပါသည်။ လစာကောင်းကောင်းပေးပြီး ခေါ်ယူလျက်ရှိပါသည်။ မြန်မာနိုင်ငံ အစိုးရနှင့် သက်ဆိုင်ရာနိုင်ငံများအကြား သဘောတူညီချက် ဖြင့် ခေါ်ယူသော ပြည်ပအလုပ်အကိုင်များသည် ဘာသာစကား ကျွမ်းကျင်မှုကို အလေးထားလျက်ရှိပါသည်။ ဘာသာစကား ဟုဆိုရာ၌ အလွန်ကျွမ်းကျင်စွာမတတ်သည့်တိုင်အောင် ထမင်းစား ရေသောက် အတန်အသင့်ပြောနိုင်ဆိုနိုင်မှသာ အဆင်ပြေမည်ဖြစ် ပါသည်။ ပြည်ပအလုပ်အကိုင်အများစုသည် အောက်ခြေသိမ်း လုပ်ငန်းများဖြစ်သည့် ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြစ်ပါသည်။ ဤလုပ်ငန်းများ ၌ အင်္ဂလိပ်စာအသုံးပြုမှုနည်းပါးပြီး သက်ဆိုင်ရာနိုင်ငံ၏ မိခင် ဘာသာစကားကိုသာ အသုံးပြုမှုများပြားပါသည်။

ပြည်ပသို့ အောက်ခြေသိမ်းလုပ်ငန်းများ သွားရောက် အလုပ်လုပ်ကိုင်ကြမည့် မြန်မာလူငယ်များအနေဖြင့် ဂျပန်၊ ထိုင်း၊ ကိုရီးယားနှင့် မလေးရှားစကားတို့ကို အထိုက်အလျောက် တတ်မြောက်ထားရန် လိုအပ်လာပြီဖြစ်ပါသည်။ မိမိသွားရောက် အလုပ်လုပ်ကိုင်မည့် နိုင်ငံ၏ ဘာသာစကားကို အနည်းဆုံးအခြေခံ တတ်မြောက်ထားရန် လိုအပ်လာပြီဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်ပ သို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် မြန်မာလူငယ်များအနေ ဖြင့် လုပ်ငန်းခွင်ကျွမ်းကျင်မှု အတတ်ပညာများသာမက ဘာသာ စကားအခြေခံတတ်မြောက်ထားရန်လည်း ပြင်ဆင်ထားသင့်ပါ ကြောင်း။ ။


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အခြေခံပညာမူလတန်းအဆင့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

ပညာရေးဝန်ကြီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်သော အခြေခံပညာ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲ ရေးအတွက် ဒုတိယအကြိမ် စစ်ဆေး အကဲဖြတ်ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် နိုင်ငံတော် သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ဝင် ဒေါက်တာသန်းဦးက နှုတ်ခွန်းဆက် စကားပြောကြားပြီး မြန်မာနိုင်ငံ ပညာရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်မြနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ CREATE Project team Leader Dr.Noriokato တို့က အမှာစကားပြောကြားသည်။

ထို့နောက် မူလတန်း ပညာရေး တတ်မြောက်မှု စစ်ဆေးအကဲဖြတ် ခြင်း၊ မေးခွန်းပုံစံ ပြုစုခြင်းနှင့် ကျောင်းအဆင့် အကဲဖြတ်ခြင်း ဆိုင်ရာများကို CREATE Project မှ Assessment Advisor Professor Mr.Masatsugu, MURASE က စစ်ဆေးအကဲဖြတ် ခြင်းနမူနာပုံစံနှင့် လမ်းညွှန်ချက်များ ကို ရှင်းလင်းတင်ပြသည်။ ဆက်လက် ၍ မူလတန်းအဆင့် ဘာသာရပ် ၁၀ ခုမှ ရေးဆွဲထားသော စစ်ဆေးအကဲ ဖြတ် နမူနာပုံစံများကို တင်ပြဆွေး နွေးကြပြီး သင်ရိုးညွှန်းတမ်း ပြုပြင် ပြောင်းလဲရေးအတွက် တက်ရောက် လာကြသူများ၏ အကြံပြုချက်များ ကို ရယူဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။ **(ပညာရေး)**




ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးတက္ကသိုလ်ဘာသာရပ် ဌာနများရှိ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများက အခြေခံပညာဦးစီးဌာနရှိ ရေဘေးသင့်သော ကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် စာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများ၊ ပစ္စည်းများနှင့် အလှူငွေများ (ပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ်သိန်း ၃၁၇၈၂၂၀) ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၉ ရက်က မန္တလေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ မောင်မောင်(MU)

## ရေဘေးသင့်ပြည်သူများအတွက် ရွှေလီမြို့ ပြည်သူ့အစိုးရက အလှူငွေပေးအပ်

**ရွှေလီ ဩဂုတ် ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ အိမ်နီးချင်း နိုင်ငံဖြစ်သော တရုတ်နိုင်ငံ ရွှေလီမြို့ ပြည်သူ့အစိုးရက မြန်မာနိုင်ငံရှိ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ နိုင်ရန်အတွက် အလှူငွေပေးအပ်ခြင်းကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက နှစ်နိုင်ငံ ဝင်/ ထွက်ပေါက်ဖြစ်သော နန်းတော်ဂိတ် (ကျယ်ဂေါင်)၌ ကျင်းပသည်။

အဆိုပါ အလှူငွေပေးအပ်ရာတွင် တရုတ်နိုင်ငံ ရွှေလီမြို့ ပြည်သူ့အစိုးရအဖွဲ့မှ ပြည်ပဆက်ဆံရေးဌာနမှူး မစ္စတာ ကျန်းယီရှောက်က မြန်မာပြည် ရေဘေးသင့်ပြည်သူများ အတွက် တရုတ်ငွေ ၁၅၃၅၈၈ ယွမ်၊ မြန်မာကျပ်ငွေ ၃၀၂၇၆၂၀၀၀ ကို လွှဲပြောင်းပေးအပ်လှူဒါန်းရာ မူဆယ် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက လက်ခံယူခဲ့သည်။

**(မူဆယ် ခရိုင် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၈-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၂၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၃ |
| ဥရောပ | တစ်ယူရို | ၁၄၂၈.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၆.၄၉ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၀၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၇၁၅ |
| တရုတ် | တစ်ယွမ် | ၂၀၀.၅၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၃.၈၁ |

ခင်ရတနာ-စုစည်းသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကလေးတက္ကသိုလ်တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❁ ရှေ့ဖုံးမှ

အဆောက်အအုံ၊ ဆရာဆရာမ၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ပြည့်စုံရမည်ဖြစ်ရာ ကလေးတက္ကသိုလ်သည် ခံ့ညားထည်ဝါသည့် အဆောက်အအုံနှင့် အခြားအင်္ဂါရပ်များစွာ ပြည့်စုံကြောင်းတွေ့ရှိရသဖြင့် အားရကျေနပ်မိပါကြောင်း၊ တက္ကသိုလ်တစ်ခု၏ အဓိကလိုအပ်ချက်မှာ တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် လူငယ်များသည် အနာဂတ်၏မျိုးဆက်သစ်များဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝရန်လိုအပ်ပါကြောင်း၊ အရည်အသွေးပြည့်ဝသည့်လူငယ်များ ပေါ်ထွန်းလာစေရန် သင်ကြားရေးပိုင်းတွင် အဓိကဖြစ်သည့် ဆရာ ဆရာမများအပေါ်တွင် မူတည်ပါကြောင်း၊ ဆရာ ဆရာမများကိုယ်တိုင် အရည်အချင်းပြည့်ဝစေရန် လေ့လာကြိုးပမ်း ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ပြည်ပနိုင်ငံများရှိ တက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကလည်း သင်ကြားမှုနှင့် သင်ယူမှုအပိုင်းတို့တွင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေး အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ကလေးတက္ကသိုလ်၏ လတ်တလောလိုအပ်ချက်များဖြစ်သော သောက်သုံးရေ၊ လျှပ်စစ်မီး၊ စက်သုံးဆီနှင့် အခြားအုပ်ချုပ်မှုကိစ္စရပ်များကိုလည်း ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်းပြီး အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့သို့ မွန်းလွဲပိုင်းတွင်ရောက်ရှိပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မကွေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူးက ပွင့်ဖြူမြို့နယ်နှင့်စေတုတ္တရာမြို့နယ်များတွင် အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိ မြို့ဖတို့က ဒေသအတွက် လိုအပ်ချက်များကို တင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက သဘာဝဘေးအန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့ရသည့်အခါတိုင်း လုပ်ငန်းစဉ်ကြီးသုံးရပ်ဖြစ်သည့် အရေးပေါ်ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ ရေတိုနှင့် ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ရပါကြောင်း၊ ပွင့်ဖြူဒေသ ရေကြီးရေလျှံမှုနှင့် ပတ်သက်၍ လတ်တလောလိုအပ်ချက်များကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့မှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အချိန်ကာလဖြစ်၍ ဒေသခံပြည်သူများ အနေဖြင့် ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆရာ ဆရာမများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စာသင်ကျောင်းအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ပွင့်ဖြူမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာဆောင်များအတွင်း ဆေးရုံတက်လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားကာ ဆေးရုံဝန်ထမ်းများကိုလည်း ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မကွေးမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

# ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာအိုမှ ဂျပန်နိုင်ငံသို့ ထွက်ခွာ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သောအဖွဲ့ တိုကျိုမြို့ New Otani Hotel ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (မြဝတီ)



**နေပြည်တော် ဩဂုတ် ၂၀**

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၉ ရက် ဒေသစံတော်ချိန် ည ၉ နာရီ မိနစ် ၅၀တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ဂျပန်နိုင်ငံသို့ TG လေကြောင်းလိုင်းဖြင့် ထွက်ခွာသည်။

ထို့နောက် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ည ၁၁ နာရီ မိနစ် ၂၀တွင်ရောက်ရှိပြီး ထိုမှတစ်ဆင့် ဂျပန်နိုင်ငံ တိုကျိုမြို့ နာရီတာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင်ရောက်ရှိရာ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ Major General Harada နှင့်ဇနီး၊ မြန်မာသံရုံးမှ သံမှူးကြီး ဦးဝင်းအောင်နှင့်ဇနီး၊ မြန်မာစစ်သံမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဝင်းကိုကိုနှင့်ဇနီး၊ ဗိုလ်မှူးကြီး ထင်ကျော်သူနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် လေဆိပ်မှ ခေတ္တတည်းခိုမည့် တိုကျိုမြို့ New Otani Hotel သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိကြသည်။

**(မြဝတီ)**

# သံအမတ်ကြီး ဦးမြင့်နောင်အား ရိုမေးနီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဩဂုတ် ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမြင့်နောင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ရိုမေးနီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဩဂုတ် ၂၀**

၁၈-၈-၂၀၁၅ ရက်နေ့ထုတ် စောင့်ကြည့်သတင်းဂျာနယ် (News Watch WEEKLY ) အတွဲ(၁၀)၊အမှတ် (၁၅)တွင် "နိုင်ငံတကာအကူအညီများအား အစိုးရတံဆိပ်ကပ်၍ လှူဒါန်းမှုအပေါ် ဝေဖန်မှုများမြင့်တက်" ခေါင်းစဉ်ဖြင့် သတင်းပါရှိခဲ့ပါသည်။ အဆိုပါသတင်းတွင် ဩစတြေးလျမှ လှူဒါန်းသည့် အိမ်ထောင်တစ်စုတွင် ပစ္စည်း ၃၆ မျိုးပါ ပလတ်စတစ်ဘူးတစ်ဘူး လှူဒါန်းမှုအပေါ် နိုင်ငံတော်သမ္မတမှလှူဒါန်းသည့်ပုံစံ တံဆိပ်ကပ်မှုအပေါ် ဝေဖန်မှုများရှိနေကြောင်း ဖော်ပြထားပါသည်။ နိုင်ငံတော်အစိုးရမှ လှူဒါန်းသည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် ပတ်သက်သောသတင်းများကို နိုင်ငံပိုင်သတင်းစာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့တွင် ၁၂-၈-၂၀၁၅ ရက်နှင့် ၁၅-၈-၂၀၁၅ ရက်နေ့များတွင် ထုတ်ပြန်ဖော်ပြပြီးဖြစ်ပါသည်။

ထို့ကြောင့် စောင့်ကြည့်သတင်းဂျာနယ် (News Watch WEEKLY) အနေဖြင့် ယခုကဲ့သို့ မှားယွင်းစွာရေးသားဖော်ပြခြင်းသည် ရေဘေးသင့်ပြည်သူများကို ကူညီထောက်ပံ့နေသည့်လုပ်ငန်းများအပေါ် အများပြည်သူထင်ယောင်ထင်မှားဖြစ်စေသည့်အပြင် အကူအညီပေးနေသည့် နိုင်ငံတကာအစိုးရများနှင့်အဖွဲ့အစည်းများ၊ ပြည်တွင်းစေတနာရှင်အလှူရှင်များကလည်း နိုင်ငံတော်အစိုးရအပေါ် အထင်အမြင်လွဲမှားစေနိုင်ပါသည်။ ထို့ကြောင့် ဂျာနယ်အနေဖြင့် ကျင့်ဝတ်နှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) သို့ ၁၉-၈-၂၀၁၅ ရက်နေ့တွင် စာဖြင့်ညှိနှိုင်းအကြောင်းကြားထားပါကြောင်း၊ ညှိနှိုင်းမှု အဆင်မပြေပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

**သိန်းနီ ဩဂုတ် ၂၀**

လားရှိုးခရိုင် သိန်းနီမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းယုနိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးသောင်းဒန်ဦးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသောကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က အိုင်အိုဒင်းဆား၊ ကြက်ဥ၊ ဗိုက်တာမင်ဘီဝမ်းနှင့် သံဓာတ်အားဆေးများ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

**ပြည်ထောင်စုလွှတ်တော်အစည်းအဝေး**

# “ ဒေသဖွံ့ဖြိုးမှု ရှိမလာတဲ့ဒေသတွေက သူတို့ရွေးချယ်လိုက်တဲ့ အမတ်တွေကို မကြိုက်ခွင့် ရှိတယ်”လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ မှတ်ချက်ပြုပြောကြား

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၈ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် တစ်လင်တစ်မယား စနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းနှင့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းတို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စရပ်များကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန် သင့်၊ မသင့် လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးတို့က ဆွေးနွေးကြသည်။

ယင်းဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆွေးနွေးခြင်းကို ဆိုင်းငံ့ထားရန်သင့် မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၂၆၄ မဲ၊ ကန့်ကွက်မဲ ၂၃၅ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။


လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော အာဆီယံ-ကိုရီးယား ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်မှုမူဘောင်သဘောတူစာချုပ်အောက်တွင် ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်ကို ပြင်ဆင်သည့် တတိယအခြေပြစာချုပ်အား မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန် ကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။

ယနေ့ အစည်းအဝေးတွင် အတည်ပြုသည်ဟု မှတ်ယူရမည့် ဥပဒေကြမ်းများနှင့် သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်များကို မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း၊ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ်ကိုပြင်ဆင်သည့် တတိယအခြေပြစာချုပ်အား မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများအပြီးတွင် လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေအား တွေ့ဆုံမေးမြန်းခဲ့ရာ ဦးလှဆွေက “ကျွန်တော်တို့ကို မဲဆန္ဒရှင်ပြည်သူတွေက မဲထည့်လို့ လွှတ်တော်ထဲ ရောက်လာတာ၊ လွှတ်တော်ထဲမှာ အခြေခံဥပဒေကို လိုက်နာဆောင်ရွက်ပါမယ်လို့ သစ္စာဆိုရတယ်။ အမတ်ဖြစ်ပြီး ကိုယ့်ဒေသတိုးတက်ရာ တိုးတက်ကြောင်း မလုပ်တဲ့သူ၊ မသွားတဲ့သူတွေရှိတယ်။ ဒေသဖွံ့ဖြိုးမှု ရှိမလာတဲ့ဒေသတွေက သူတို့ရွေးချယ်လိုက်တဲ့ အမတ်တွေကို “မကြိုက်ခွင့် ရှိတယ်”။ ဒီလို အမတ်တွေကို ဒီဥပဒေနဲ့ အပြစ်ပေးရမှာ၊ အခု ဒီဥပဒေကို “ဆိုင်းငံ့” ဆိုတော့ ဒီအမတ်က အမတ်ဖြစ်ပြီးရင် ဘယ်သူမှ သူ့ကိုပြန်ပြီး ဆွဲချလို့ မရတော့ဘူး၊ လစာ ၁၀ သိန်းထုတ်ပြီးတော့ ဇိမ်ပဲ၊ ဒီတစ်ရာခိုင်နှုန်းဆိုတာလည်း လုံလောက်တဲ့ပမာဏ၊ ပြည်သူရွေးချယ်လိုက်တဲ့အမတ်က ပြည်သူတစ်ရာခိုင်နှုန်းလောက်တောင် ကြိုက်အောင်မလုပ်နိုင်ရင် အဲဒါ ကိုယ့်လုပ်ရပ်အပေါ်မှာ မှတ်ကျောက်တင်မခံနိုင်တဲ့သူတွေပဲ၊ အခု ဒီအဆို ရှုံးတယ်ဆိုတော့ လွှတ်တော်ကြီးမှာ ဒီလိုလူတွေများနေပြီဆိုတာ သေချာတယ်” ဟု “Right to Recall” ဥပဒေကြမ်း ဆိုင်းငံ့ခံရခြင်းအပေါ် မှတ်ချက်ပြုပြောကြားသည်။ **(သတင်းစဉ်)**


ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

**ပြည်သူ့လွှတ်တော်အစည်းအဝေး**

# နိုင်ငံတော်၏ဘတ်ဂျက်အခြေအနေ ကောင်းမွန်တိုးတက်လာသည်နှင့်အမျှ နိုင်ငံ့ဝန်ထမ်းလစာများသာမက အငြိမ်းစားဝန်ထမ်းလစာများကို တိုးမြှင့်ခံစားနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်၏ **အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်သတ်မှတ်ရာတွင် အဘယ်ကြောင့် တိုးမြှင့်သတ်မှတ်သည့်လစာ ၄၅၀၀၀ အပေါ်တွင် မူတည်၍ တွက်ချက်သည်ကို သိလိုခြင်းနှင့် ၂၀၁၅ မတ် ၃၁ ရက်ထိ တာဝန်ထမ်းဆောင်ခဲ့ကြသော လက်ရှိ အငြိမ်းစားများကို ၂၀၁၅ ဧပြီ ၁ ရက်မှစ၍ နောက်ပိုင်းအငြိမ်းစားယူသည့် အငြိမ်းစားဝန်ထမ်းများနည်းတူ ထပ်မံတိုးမြှင့်သည့် လစာနှုန်းထားများပေါ်တွက်ချက်၍ ပင်စင်လစာခံစားခွင့်ပြုရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားအား ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်တွင် ရာထူးအဆင့်အတန်းအားလုံးအား ကျပ်နှစ်သောင်းစီ တစ်ပြေးညီတိုးမြှင့်ခဲ့ပြီး အငြိမ်းစားများကိုလည်း လက်ရှိပင်စင်လစာအပြင် တိုးမြှင့်ခွင့်ပြုသည့် လစာကျပ်နှစ်သောင်းအပေါ် ပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်ခံစားခွင့်ပြုခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မတိုင်မီ ပင်စင်ယူခဲ့သူများအတွက် ပင်စင်လစာတိုးမြှင့် သတ်မှတ်ပေးနိုင်ရန် နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေအခြေအနေပေါ်မူတည်၍ ရာထူးအနိမ့်ဆုံးဝန်ထမ်းအတွက် တိုးမြှင့်ငွေကျပ် လေးသောင်းငါးထောင်ကို အခြေခံတွက်ချက်သတ်မှတ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာအရ အသုံးအနေအထားအရ ပင်စင်စားဟောင်းများကို လက်ရှိပင်စင်လစာအပြင် ရာထူးအနိမ့်ဆုံးဝန်ထမ်းအတွက် ထပ်မံတိုးမြှင့် သတ်မှတ်သည့် လစာကျပ်လေးသောင်းငါးထောင်အပေါ်တွင် မူတည်၍ တည်ဆဲပင်စင်နည်း ဥပဒေနှင့်အညီ တွက်ချက်ခံစားခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ ပင်စင်စားဟောင်းများအတွက် ပင်စင်လစာများကို ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်နောက်ပိုင်း အငြိမ်းစားဝန်ထမ်းများနည်းတူ ခံစားခွင့်ပြုပေးရန် အစီအစဉ်မရှိသေးပါကြောင်း၊ နိုင်ငံတော်၏ ဘတ်ဂျက်အခြေအနေ ကောင်းမွန်တိုးတက်လာသည်နှင့်အမျှ နိုင်ငံ့ဝန်ထမ်း လစာများသာမက အငြိမ်းစားဝန်ထမ်း လစာများကို တိုးမြှင့်ခံစားနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။


ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြေကြားစဉ်။


ကမာရွတ် မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် မေးမြန်းစဉ်။

မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၏ **မြန်မာကျပ်ငွေ ဈေးနှုန်းသည် အိမ်နီးချင်းနိုင်ငံများ၏ ငွေကြေး၊ အမေရိကန်ဒေါ်လာများနှင့် နှိုင်းယှဉ်ပါက မည်မျှတန်ဖိုးကျသင့်နေကြောင်းကို နေ့စဉ်မီဒီယာများမှ ပြောကြားပေးရန်နှင့် မြန်မာကုန်သည်များအတွက် စီးပွားရေးဆိုင်ရာ အချက်အလက်များ အထူးအစီအစဉ်အနေဖြင့် ထုတ်ပြန်ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံရရှိကြောင်း၊ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့်ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်က ယင်းဥပဒေကြမ်းအား ဖတ်ကြားရှင်းလင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးတင့်က အမြန်လမ်းမကြီးများ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုးရယ်က ယင်းဥပဒေကြမ်းအား ဖတ်ကြားရှင်းလင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

ယနေ့ အစည်းအဝေးတွင် မေးခွန်းသုံးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းနှစ်ခုအား တင်သွင်းခြင်း၊ အစီရင်ခံစာဖတ်ကြားခြင်း၊ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်အမည် တင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ကိုယ်စားလှယ်နေရာ ၁၂၅ နေရာအတွက် လျှောက်ထားသူ လေးဆကျော်ရှိ

**မုံရွာ ဩဂုတ် ၂၀**

ယခုနှစ်အကုန်ပိုင်း နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုယ်စားလှယ်နေရာ ၁၂၅ နေရာရှိရာ လျှောက်ထားသူအရေအတွက်မှာ လေးဆကျော်ရှိသည်ဟု တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ခရိုင် ၁၀ ခုရှိပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၃၇ နေရာ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာ ၁၂ နေရာ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နေရာ ၇၄ နေရာနှင့် တိုင်းရင်းသားကိုယ်စားလှယ် နှစ်နေရာ စုစုပေါင်း ၁၂၅ နေရာ ရှိမည်ဖြစ်ပြီး လျှောက်ထားသူမှာ ၅၀၆ ဦးရှိကြောင်း သိရသည်။

“လောလောဆယ်ကတော့ စိစစ်ဆဲကာလပါ။ ဥပဒေ၊ နည်းဥပဒေနဲ့အညီ ကိုယ်စားလှယ်အရည်အချင်းတွေနဲ့ ကိုက်ညီမှု ရှိ/မရှိ စိစစ်နေတာပါ။ ၂၇ ရက်နေ့ ထက်စောပြီး နိုင်ပါတယ်။ စတင်လျှောက်ထားစဉ်က ၅၀၆ ဦးပါ။ တစ်ဦးက ပြန်လည်နုတ်ထွက်သွားပြီဖြစ်လို့ ၅၀၅ ဦးရှိပါတယ်” ဟု တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုယ်စားလှယ်အဖြစ် လျှောက်ထားကြရာတွင် ပါတီပေါင်း ၁၄ ပါတီတို့က လျှောက်ထားကြခြင်းဖြစ်ပြီး တစ်သီးပုဂ္ဂလ ရှစ်ဦးလည်း ပါဝင်သည်ဟုသိရသည်။ **မြတ်မွန်ထွေး**

# မြန်မာနှင့် ဂျပန်နှစ်နိုင်ငံအကြား လေကြောင်းပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဂျပန်နိုင်ငံ ANA Holding Inc ဘုတ်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ ရှိနိချိရို အီတို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဦးဇင်ယော်တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနှင့် ဂျပန်နှစ်နိုင်ငံအကြား လေကြောင်းပို့ဆောင်ရေးကဏ္ဍပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လေကြောင်းဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ လေ့ကျင့်သင်ကြားရေး၊ လေကြောင်းကဏ္ဍအပါအဝင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံတော် ဗဟိုဘဏ် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်ခွဲများနှင့် ကိုယ်စားလှယ်ရုံးများမှ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ရိက္ခာဆန်ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံတော် ဗဟိုဘဏ် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်ခွဲများနှင့် ကိုယ်စားလှယ်ရုံးများမှ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ရိက္ခာဆန်ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။



အဆိုပါ အခမ်းအနား၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းရသည့် အကြောင်းအရင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတထံ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် အလှူငွေနှင့် ပစ္စည်းများကို မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ)**



ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင်ထံ Siam Commercial Bank က လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က လည်းကောင်း၊ United Oversea Bank က လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၃၀၀၀၀ ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးကလည်းကောင်း၊ SMBCက လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ Kookmin Bank က လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် ANZ က လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၂၅၅၀ တို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက လည်းကောင်း လွှဲပြောင်းပေးအပ်သည်။

အလားတူ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်ခွဲအသီးသီးမှ တာဝန်ရှိသူများကလည်း သက်ဆိုင်ရာ ဘဏ်အလိုက် လှူဒါန်းငွေများကို ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက လှူဒါန်းမှုအပေါ် နိုင်ငံတော်နှင့် ပြည်သူတို့၏ ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင်က လည်း လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အရာထမ်း၊ အမှုထမ်းများက ငွေကျပ်သိန်း ၇၀၊ ဆန်အိတ် ၅၀ နှင့် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်ခွဲများဖြစ်သည့် Bangkok Bank က ကျပ်သိန်း ၃၅၀၊ Siam Commercial Bank က အမေရိကန်ဒေါ်လာ ၁၀၀၀၀၀၊ United Oversea Bank က အမေရိကန်ဒေါ်လာ ၃၀၀၀၀၊ SMBC က အမေရိကန်ဒေါ်လာ၁၀၀၀၀ ၊ Kookmin Bank က အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ ANZ Bank က အမေရိကန်ဒေါ်လာ၂၅၅၀၊ Standard Chartered Bank က အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ OCBC Bank က အမေရိကန်ဒေါ်လာ ၃၀၀၀၀၊ E-Sun Bank က အမေရိကန်ဒေါ်လာ ၃၀၀၀၀၊ Kathay Unitedက အမေရိကန်ဒေါ်လာ ၃၀၀၀၀၊ Mizuho Bank က အမေရိကန်ဒေါ်လာ ၂၀၀၀၀၊ DBS က အမေရိကန် ဒေါ်လာ ၂၀၀၀၀၊ Krung Thai Bank က အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ Shin Han Bank က အမေရိကန်ဒေါ်လာ၁၀၀၀၀၊ Maruhan Japan Bank က အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ Korea Development Bank(KDB) က အမေရိကန် ဒေါ်လာ ၁၀၀၀၀၊ Busan Bank က အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ Hana Bankက အမေရိကန်ဒေါ်လာ ၃၀၀၀၊ ICBC Bank မှ အမေရိကန်ဒေါ်လာ ၁၀၀၀၊ AEON Credit Service Co.,Ltd က အမေရိကန်ဒေါ်လာ ၁၀၀၀၊ Industrial Bank of Korea က အမေရိကန်ဒေါ်လာ ၁၀၀၀၊ UOB Bank က အမေရိကန်ဒေါ်လာ ၃၀၀၀၀၊ United Bank of India က အမေရိကန်ဒေါ်လာ ၃၀၀ စုစုပေါင်းလှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃၄၈၈၅၀ ဒေါ်လာနှင့် မြန်မာကျပ်ငွေသိန်း ၄၂၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

❋ *ကျောဖုံးမှ*

စိစဉ်ကြီးကြပ်မှုဖြင့် တပ်မတော်မှ အရာရှိ၊ စစ်သည်ကိုးဦး၊ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေ/ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် ကွန်းကျေးရွာ( အနောက်စု) မှ နွား ၅၇ ကောင်၊ ဝက်ငါးကောင်၊ လှည်းတစ်စီးတို့ကို အင်းလတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ကွန်းကျေးရွာသို့ လည်းကောင်း။

ဆင်ပေါင်ဝဲ မြို့ပေါ်နှင့်နီး စပ်ရာ ကျေးရွာများတွင်ထားရှိသော ကွန်းကျေးရွာ (အလယ်စု)နှင့် ကွန်းကျေးရွာ (အရှေ့စု) တို့မှ နွား ၉၈ ကောင်၊ လှည်းသုံးစီး၊ နွားစာစဉ်းစက်တစ်စီး စုစုပေါင်း နွားကောင်ရေ ၁၅၅ ကောင်ကို ဇက်ရေယာဉ်ဖြင့် ဆင်ပေါင်ဝဲမြို့ အမှတ်(၃) ရပ်ကွက် သာဂေါင်မြစ်ဆိပ်ကမ်းမှ ကွန်းကျေးရွာသို့ လည်းကောင်း၊ အသီးသီးပြန်လည် ပို့ဆောင်ပေးပြီးဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

■ *ကျောဖုံးမှ*

နှစ်ဂိုးပြတ်ဖြင့် ထပ်မံအနိုင်ရရှိကာ နှစ်ကျော့ပေါင်း ရှစ်ဂိုးပြတ်ဖြင့် ဗိုလ်လုပွဲ ရောက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိချန်ပီယံ ဧရာဝတီအသင်းသည်လည်း ရခိုင်အသင်းကို ဒုတိယအကျော့၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဧရာဝတီအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၂၄ မိနစ်တွင် သီဟဇော်ကသွင်းယူခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲတွင် ရတနာပုံနှင့် ဧရာဝတီတို့တွေ့ဆုံနေပြီး စက်တင်ဘာ ၂၇ ရက်တွင် ကစားမည်ဖြစ်ရာ အကြိတ်အနယ်ရှိမည့် ပရိသတ်အကြိုက် ဘောလုံးပွဲဖြစ်ပေလိမ့်မည်။

**(မြန်မာ့အလင်း)**

**ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး**

# ပင်လယ်ရေကြောင်းလုံခြုံရေးသည် အရေးကြီးသဖြင့် အာဆီယံရေတပ်များ၏ဆောင်ပုဒ်နှင့်အညီ ပူးပေါင်းဆောင်ရွက်ပါက အောင်မြင်မှုရမည်ယုံကြည်

**နေပြည်တော် ဩဂုတ် ၂၀**

အာဆီယံရေတပ် ဦးစီးချုပ်များ အစည်းအဝေး ခေါင်းစဉ်ဖြစ်သည့် Fostering ASEAN Naval Teamwork in Regional Maritime Security မှာ လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိသဖြင့် အာဆီယံ ရေတပ်မတော်များ၏ လုပ်ဆောင်ချက်ကို ပိုမိုထွန်းတောက်စေမည်ဟု ယုံကြည်ပါကြောင်းဖြင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်သည့် အာဆီယံရေတပ်ဦးစီးချုပ်များ ညီလာခံ (9th ANCM)သို့ တက်ရောက်မည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရေတပ်ဦးစီးချုပ်များအား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။



အဆိုပါ တွေ့ဆုံပွဲသို့ **(အပေါ်ယာပုံ)** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် အာဆီယံရေတပ်ဦးစီးချုပ်များညီလာခံ (9th ANCM) သို့ တက်ရောက်မည့် အဖွဲ့ခေါင်းဆောင် မလေးရှားနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Tan Sri Abdul Aziz Jaafar၊ ဘရူနိုင်းနိုင်ငံ ရေတပ်ဦးစီးချုပ် First Admiral Pengiran Dato Seri Pahlawan Norazmi Bin Pengiran Haji Muhammad၊ ကမ္ဘောဒီးယားနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Tea Vinh ၊ အင်ဒိုနီးရှားနိုင်ငံ ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Widodo ၊ ဖိလစ်ပိုင်နိုင်ငံ ရေတပ်ဦးစီးချုပ် Vice Admiral Caesar C Taccad AFP ၊ စင်ကာပူနိုင်ငံ ရေတပ်ဦးစီးချုပ် Rear Admiral Lai Chung Han ၊ ထိုင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Kraisorn Chansuvamich၊ ဗီယက်နမ်နိုင်ငံ ရေတပ်ဦးစီးချုပ် Rear Admiral Pham Hoai Nam နှင့် လာအိုနိုင်ငံဆိုင်ရာ (ကြည်း၊ ရေ၊ လေ)စစ်သံမှူး Colonel Daokai Lertlivanh တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အာဆီယံနိုင်ငံများ၏ စုစည်းညီညွတ်မှုသည်များစွာခိုင်မာသည့်အတွက် ကမ္ဘာ့နိုင်ငံအသိုင်းအဝိုင်းကပါ အလေးထားသည်ကို တွေ့ရပါကြောင်း၊ အာဆီယံအသိုင်းအဝိုင်းတွင် လူဦးရေ သန်း ၆၀၀ ကျော်ရှိပြီး ရေသယံဇာတ၊ မြေသယံဇာတနှင့် လုပ်သားများ ပေါကြွယ်ဝသည့် နိုင်ငံများဖြစ်ပြီး နိုင်ငံရေး၊ နိုင်ငံသားအရေး၊ ဘာသာရေးအရ ခွဲခြားမှုမရှိသည်မှာလည်း အာဆီယံနိုင်ငံများ၏ ထူးခြားချက်ပင်ဖြစ်ကြောင်း၊ ရေတပ်နှင့် ပတ်သက်၍ ကမ္ဘာတွင် သင်္ဘောသွားလာမှုအများဆုံးဖြစ်သည့် မလက္ကာရေလက်ကြားမှာ အာဆီယံနိုင်ငံများနှင့် တိုက်ရိုက် ဆက်စပ်နေပါကြောင်း၊ ပင်လယ်ရေကြောင်း လုံခြုံရေးသည်လည်း အရေးကြီးသဖြင့် အာဆီယံရေတပ်များ၏ ဆောင်ပုဒ်နှင့်အညီ ညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်မည်ဆိုပါက အားလုံးအောင်မြင်မှုရမည်ဟု ယုံကြည်ထားပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံရေတပ်ဦးစီးချုပ်များ၏ အဖွဲ့ခေါင်းဆောင် မလေးရှားနိုင်ငံ ရေတပ်ဦးစီးချုပ်က အာဆီယံရေတပ် အစည်းအဝေး လက်ခံကျင်းပမှု၊ နွေးထွေးစွာ ကြိုဆိုမှုများအတွက် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံရေတပ်အသိုင်းအဝိုင်းတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။ **(မြဝတီ)**

# တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲဆက်ဆံရေးကို ခိုင်မာအောင်ဆက်လက်လုပ်ဆောင်သွားမည်

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (မြဝတီ)



**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသည် အိမ်နီးချင်းမိတ်ဆွေနိုင်ငံသာမက မဟာဗျူဟာမိတ်ဖက်နိုင်ငံအဖြစ် နှစ်နိုင်ငံ သဘောတူဆက်ဆံနေသည့် နိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ၆၅ နှစ်ရှိခဲ့ပြီဖြစ်ပြီး ကောင်းမွန်သည့် ဆက်ဆံရေးများရှိခဲ့ကြောင်း၊ နိုင်ငံရေးအရ ဆက်ဆံရေးအပြင်တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးမှာလည်း ကောင်းမွန်လျက်ရှိပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲဆက်ဆံရေးကို ခိုင်မာအောင်ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်က လာရောက်ဂါရဝပြုတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်နိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Colonel Wang Jimbo နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသည် ကီလိုမီတာ ၂၀၀၀ ကျော် နယ်နိမိတ်ထိစပ်လျက်ရှိကာ နှစ်ဖက်နယ်စပ်တွင် တူညီသောတိုင်းရင်းသားများနေထိုင်လျက်ရှိပြီး ကူးလူးဆက်ဆံမှုများရှိကြောင်း၊ နယ်စပ်ပြဿနာအချို့ ရှိနိုင်သော်လည်း ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်းဖြင့် ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ နှစ်နိုင်ငံအစိုးရ၏ စီမံခန့်ခွဲမှုကို နယ်စပ်ဒေသတွင် နေထိုင်သူများက လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ မြန်မာနိုင်ငံတွင် နှစ် ၇၀ အတွင်း အကြီးမားဆုံးရေကြီးမှု ကြုံတွေ့ရချိန်တွင် တရုတ်နိုင်ငံမှ စိတ်ဓာတ်ရေးရာ အားပေးကူညီမှု၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ကူညီမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အလားတူ တရုတ်နိုင်ငံတွင်လည်း ရေကြီးရေလျှံမှုနှင့် ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ပြီး အသက်ဆုံးရှုံးမှုများရှိခဲ့သည့်အတွက် ကိုယ်ချင်းစာပါကြောင်း၊ ရာသီဥတု ပြောင်းလဲမှုကြောင့် ဒေသတွင်းနိုင်ငံအချို့တွင်လည်း သဘာဝဘေးဒဏ်များ ဖြစ်ပေါ်ခဲ့သဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရန်လိုကြောင်း၊ မူးယစ်ဆေးဝါးပြဿနာနှင့်ပတ်သက်၍ မြန်မာနိုင်ငံကိုအခြေခံပြီး မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်းများမပြုလုပ်နိုင်အောင် ယခုထက်ပိုမို၍ အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ပတ်သက်၍ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်စေမည့် ကိစ္စရပ်များကို တပ်မတော်အနေဖြင့်လက်မခံနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ရေး၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် နယ်စပ်ရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ဘက်ဆက်ဆံရေးအပြင် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့်အားကစားစသည့် ကဏ္ဍများတွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးဒဏ်များအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။ **(မြဝတီ)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လွတ်လပ်သောအာရှအသံ(RFA) တွေ့ဆုံမေးမြန်းမှု ဖြေကြား

**နေပြည်တော် ဩဂုတ် ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တော်အခြေစိုက် လွတ်လပ်သောအာရှအသံ (Radio Free Asia, RFA) မြန်မာပိုင်းအစီအစဉ်၏ ဌာနမှူး ဒေါ်ညိမ်းရွှေအား ယနေ့နံနက် ၁၁ နာရီခွဲတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ၍ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။ **(ဝဲပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်နေမှု၊ တပ်မတော်အရာရှိများ ရွေးချယ်ခန့်ထားမှု၊ တပ်မတော်အမျိုးသမီး စစ်မှုထမ်းကဏ္ဍ၊ တပ်မတော်၏ အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ အစွန်းရောက်အကြမ်းဖက်အန္တရာယ်ကာကွယ်ရေး၊ တောင်တရုတ်ပင်လယ်အရေးနှင့် မြန်မာ့တပ်မတော်(ရေ)ကဏ္ဍ၊ ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိစ္စရပ်ဆိုင်ရာ မေးမြန်းမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောထားအမြင်များကို ရှင်းလင်းပြောကြားခဲ့သည်။ **(မြဝတီ)**

# ရေကြီးနစ်မြုပ်ဒဏ်ခံရသည့် ဒေသများတွင် နိုင်ငံတော်အစိုးရ၏ လယ်ယာကဏ္ဍနှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်များ



ကလေး-ကလေးဝလမ်းဘေး ရေနုတ်မြောင်းတူးဖော်နေစဉ်။

ရေကြီးနစ်မြုပ်လယ်မြေများ စက်ကိရိယာဖြင့် ပြန်လည်ထွန်ယက်ပြီးစီးမှု အခြေအနေ (၁၅-၈-၂၀၁၅ နေ့ထိ)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဌာနပိုင်ထွန်စက်ဖြင့်ထွန်ယက်ခြင်း | | | တောင်သူပိုင်လက်တွန်း ထွန်စက်ဖြင့်ထွန်ယက်ခြင်း | | စုစုပေါင်း ပြီးစီးဧက |
|---|---|---|---|---|---|---|---|
| | | စက်စီးရေ | လျာထားဧက | ပြီးစီးဧက | စက်စီးရေ | ပြီးစီးဧက | |
| ၁။ | စစ်ကိုင်း | ၁၅၄ | ၈၂၅၀ | ၁၂၆၂ | ၄၅၀၀ | ၄၂၉၉ | ၅၅၆၁ |
| ၂။ | ရခိုင် | ၄၀ | ၂၀၀၀ | ၄၁၆ | ၆၀၀၀ | ၄၅၁၇ | ၄၉၃၃ |
| ၃။ | မကွေး | ၆၀ | ၃၆၀၀ | ၁၀၆၅ | ၃၀၀၀ | ၅၆၂၈ | ၆၆၉၃ |
| ၄။ | ကချင် | ၂၂ | ၁၀၅၀ | ၃၇၇ | ၅၈၀ | ၂၈၃၆ | ၃၂၁၃ |
| ၅။ | ပဲခူး | ၁၀၀ | ၂၅၀၀ | | ၄၇၅၀ | | |
| ၆။ | ရှမ်း(မြောက်) | ၁၀ | ၁၅၀ | ၁၂၂ | ၁၆၀ | ၃၆၂ | ၄၈၄ |
| ၇။ | ဧရာဝတီ | ၁၀၂ | ၄၄၉၀ | | ၅၂၂၀ | | |
| ၈။ | ရန်ကုန် | ၂၀ | ၁၀၀၀ | | ၂၇၀ | | |
| | စုစုပေါင်း | ၅၀၈ | ၂၃၀၄၀ | ၃၂၄၂ | ၂၄၄၈၀ | ၁၇၆၄၂ | ၂၀၈၈၄ |



ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် နတ်မော်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနပိုင် ထွန်စက်များဖြင့် ထွန်ယက်ပေးနေစဉ်။



ရေနစ်မြုပ်လယ်ယာသုံးစက်ကိရိယာများ လုပ်ငန်းခွင်အချိန်မီ ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် အခမဲ့ပြန်လည်ပြင်ဆင်ပေးနိုင်မှုအခြေအနေ (၁၅-၈-၂၀၁၅ နေ့ထိ)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ပြုပြင်ပြီးစီးမှု | | |
|---|---|---|---|---|
| | | ထွန်စက်ကြီး | လက်တွန်း | ရေစုပ်စက် |
| ၁။ | စစ်ကိုင်း | - | ၆၃ | ၇၁ |
| ၂။ | ရခိုင် | - | ၅၀ | - |
| ၃။ | မကွေး | - | ၄၁၇ | - |
| ၄။ | ကချင် | - | ၁၅၀ | ၃၇ |
| ၅။ | ပဲခူး | - | ၈၇ | - |
| ၆။ | ဧရာဝတီ | - | ၈ | ၈ |
| ၇။ | ရန်ကုန် | - | ၁၀ | - |
| | စုစုပေါင်း | - | ၇၈၆ | ၁၁၆ |

ကလေးမြို့နယ်အတွင်းရှိ ဇင်းကလင်း-ရေလဲဦး-ပေါက်ခုံ ကျေးရွာလမ်းကို ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားဖြင့် ပြုပြင်ဖောက်လုပ်နေစဉ်။



ကလေးမြို့နယ်အတွင်းရှိ သစ်စိမ့်ပင်ရေပေးမြောင်းကို ဆည်မြောင်းဦးစီးဌာနပိုင် စက်ယန္တရားဖြင့် သဲနုန်းတူးဖော်နေစဉ်။



ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ ပေးပို့ခဲ့သည့် လက်တွန်းထွန်စက်များ ရေကြောင်းမှ ရောက်ရှိလာစဉ်။

# ရေဘေးသင့်ပြည်သူများနှင့် မြေပြိုမှုခံစားနေရသော ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ရေဘေးသင့်ပြည်သူများနှင့် ချင်းပြည်နယ် ဟားခါးမြို့ရှိ မြေပြိုမှုခံစားနေရသော ပြည်သူများကို ထောက်ပံ့ကူညီရန် ပြည်တွင်းအလှူရှင်များက လှူဒါန်းသည့် ထောက်ပံ့ပစ္စည်း ၉၈ တန်ခန့်ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားမှုဖြင့် မန္တလေးတိုင်းဒေသကြီး ပို့ဆောင်ရေးနှင့်လမ်းကြောင်းရှင်းလင်းရေးဆပ်ကော်မတီက ဩဂုတ် ၁၉ ရက် ညနေ ၄ နာရီခွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး မော်တော်ယာဉ်ကိုးစီးဖြင့် မန္တလေးမြို့ တံတားဦးလေဆိပ်မှ မုံရွာမြို့သို့ ပို့ဆောင်ခဲ့ကြောင်း သိရှိရသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရမှ လှူဒါန်းသည့် ဆန်အိတ်အပါအဝင် လူသုံးကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်း ၂၄ တန်ခန့်ကို မန္တလေးမြို့ မြို့ဟောင်းဘူတာမှ မြန်မာ့မီးရထားကုန်တွဲတစ်တွဲဖြင့် ပို့ဆောင်ခဲ့ရာ ပဲခူးမြို့သို့ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများကို ပဲခူးတိုင်းဒေသကြီး ပို့ဆောင်ရေးနှင့်လမ်းကြောင်းရှင်းလင်းရေး ဆပ်ကော်မတီက နီဆန်းထရပ် ၂၂ ဘီးယာဉ်နှစ်စီးဖြင့် ပဲခူးဘူတာမှ သာသနာ့ဗိမာန်သို့ ဆက်လက်ပို့ဆောင်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရေဘေးသင့်ဒေသများသို့ ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ရေဘေးသင့်ပြည်သူများနှင့်မြေပြိုမှုခံစားနေရသော ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ မန္တလေးမြို့မှ ပို့ဆောင်ပေးရန် ပြင်ဆင်နေစဉ်။

# ရန်ကုန်စီးပွားရေးတက္ကသိုလ်ရှိ ရေဘေးသင့်ဒေသ ကျောင်းသား ကျောင်းသူများကို ပညာသင်စရိတ်ထောက်ပံ့

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်စီးပွားရေး တက္ကသိုလ် ရေဘေးသင့်ဒေသများမှ ကျောင်းသား ကျောင်းသူများကို ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၉ ရက်က ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ) နီလာရတုခန်းမ၌ ကျင်းပသည်။

ရန်ကုန်စီးပွားရေး တက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ရေဘေးသင့်ဒေသများမှ ကျောင်းသား ကျောင်းသူ ၆၄ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် ၆၄ ဦးအတွက် စုစုပေါင်း ငွေကျပ်သိန်း ၁၆၀ ကို ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ထွန်းအောင်နှင့် အလှူရှင်များက ပေးအပ်သည်။

ရန်ကုန်စီးပွားရေး တက္ကသိုလ် ရေဘေးကယ်ဆယ်ရေးကော်မတီသည် လှူဒါန်းငွေ စုစုပေါင်း ငွေကျပ်သိန်း ၆၆၀ နှင့် အဝတ်အထည်များ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်အတူ အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် စာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံနှင့် လွယ်အိတ်များကို လက်ခံရရှိခဲ့ပြီး အဆိုပါ လှူဒါန်းငွေများကို ရေဘေးသင့်ဒေသများ၌ စာသင်ကျောင်းဆောက်လုပ်ခြင်းနှင့် ကျောင်းသားကျောင်းသူများအတွက် လိုအပ်သော ဗလာစာအုပ်၊ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများ ပေးပို့လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**

# ရေကြီးနစ်မြုပ်ပျက်စီး ရထားလမ်းပိုင်းများ ပြန်လည်ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာ့မီးရထားတိုင်းအမှတ် (၉) ဟင်္သာတ-ညောင်တုန်းလမ်းပိုင်းသို့ တိုင်းအရာရှိ သုံးဦးသည် စက္ကော့-ညောင်တုန်းကြား မိုင်(၆၂/၆-၈)၊ ရှမ်းစု-ညောင်တုန်းကြား မိုင် (၆၂/၀-၂) တံတားအမှတ်(၇၉)နှင့် မိုင်(၆၂/၆-၅) နေရာများသို့ သွားရောက်စစ်ဆေးပြီး အင်ဂျင်နီယာ (စီမံကိန်း)မှ ၃၅ ပေရှိ ဂါဒါပေါင်များ တင်ခြင်း၊ ပိုင်ရိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

တိုင်းအမှတ်(၉) ပုသိမ်-ဟင်္သာတ လမ်းပိုင်းနှင့် ရေကြည်-ဇရပ်လှကြားလမ်းပိုင်းတို့ကို ဩဂုတ် ၁၉ ရက် နံနက် ၁၁ နာရီ ၃၆ မိနစ်ကလည်းကောင်း၊ တိုင်းအမှတ်(၁၀) ဂန့်ဂေါ-ကလေး လမ်းပိုင်းနှင့် ဂန့်ဂေါ-မြင်းဇာ လမ်းပိုင်းတို့ကို ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီ ၁ မိနစ်ကလည်းကောင်း ပြန်လည်ဖွင့်လှစ်ပြီးဖြစ်ကြောင်း သိရှိရသည်။

တိုင်းအမှတ် (၉) သရက်-ဘုရားပေါ်လမ်းပိုင်း၊ ကံမ- ညောင်ကိုင်းကြားတွင် အင်ဂျင်နီယာ (သံလမ်း/ကံမ)နှင့် လုပ်သား ၁၈ ဦးအဖွဲ့မှ (၆၀' × ၁၀' × ၆') တောင်ပြိုမြေများကို ရှင်းလင်းခဲ့ပြီး လမ်းပိုင်းကို ဩဂုတ် ၂၀ ရက် ညနေ ၆ နာရီတွင် ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် စပါယ်မျှောင်ကျေးရွာရှိ ရေကြီးနစ်မြုပ်၍ ပြန်လည်ပြုပြင်ရန်လိုအပ်သော တောင်သူပိုင် စက်ကိရိယာများကို အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် ဩဂုတ် ၂၀ ရက်က ကြို့ပင်ကောက်မြို့နယ် အမှတ်(၃၂)စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးကျော်မင်းအောင်နှင့် ဝန်ထမ်းများက လယ်ယာလုပ်စက်များကို အခမဲ့ နေ့ချင်းပြီး ကူညီဆောင်ရွက်ပေးနေစဉ်။ သိန်းတိုး(ဇီးကုန်း)

# ရေဘေးသင့်ပြည်သူများအတွက် အလှူပစ္စည်းများ လှူဒါန်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက အလှူငွေနှင့် အလှူပစ္စည်း များလှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၉ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ နေပြည်တော်ရုံးများသို့ လာရောက်လှူဒါန်းသော ပစ္စည်းများမှာ ဆန်အိတ် ၃၀၊ ခေါက်ဆွဲခြောက် ၂၈ ဖာ ၁၆ ထုပ်၊ အဝတ်အထည် ၁၄ အိတ် ငါးဖာ၊ ကျောင်းစိမ်းအင်္ကျီ(ကြွပ်ကြွပ်အိတ်)နှစ်အိတ်၊ သက်န်းသုံးဖာ ၃၃ စုံ၊ မုန့်ကြွပ်လေးပုံးနှင့် အချိုရည်ဖာ ၁၀၀၊ အလှူပစ္စည်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၇၈၀၀ ရှိကြောင်း သိရသည်။


**(သတင်းစဉ်)**

# ငါးသိုင်းချောင်း၌ ဝေန်မြစ်ရေ ဆက်လက်ကျဆင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသိုင်းချောင်းမြို့နယ်၏ ငဝန်မြစ် စိုးရိမ်ရေမှတ်သည် ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ် လျော့နည်းကျဆင်းလျက်ရှိသော်လည်း သတ်မှတ်စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။

**(သတင်းစဉ်)**



# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၂၀ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၇၅၉၉ | ၁၅၆၆၃ | ၁၂၇၉၁ | ၅၄၅၁ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၈၀၁၁ | ၁၈၁၄၄၇ | ၁၄၄၉၂၂ | ၁၁၄၈၀၄ | ၂၅၉၁၀ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၁၆၄၉၄ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၅၅၇ | ၉၆၈၄၆ | ၉၅၈၅၈ | ၆၃၄၉ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၆၉၈၇၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၆၀၅၃၂ | ၆၆၇၇၁ | ၁၂၉၄၆ | ၁၃၂၀ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၄၉ | ၁၃၃၄၉ | ၃၈၂၉ | ၂၆၁၉ | ၃၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၁၅ | ၁၄၂၀၉၉ | ၁၃၃၄၃၄ | ၇၆၅၆၀ | ၆၃၈၂ |
| **စုစုပေါင်း** | | **၁၄၄၃၈၉၂** | **၁၂၁၁၆၈၂** | **၉၇၂၉၄၇** | **၆၅၈၇၈၁** | **၂၃၂၁၆၂** |

# ရေဘေးသင့်ကျောင်းများနှင့်ကျောင်းသားများ ပြန်လည်ထူထောင်ရေး အလှူငွေနှင့်ပစ္စည်းများပေးအပ်

**ရန်ကုန် ဩဂုတ် ၂၀**

ရေဘေးသင့်စာသင်ကျောင်းများနှင့် ကျောင်းသားကျောင်းသူများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။



ပေးအပ်လှူဒါန်းပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရေဘေးသင့်အခြေခံပညာကျောင်းများနှင့် တက်ရောက်သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအတွက် အလှူငွေများနှင့် ပစ္စည်းများကို စေတနာရှင် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယနေ့လှူဒါန်းပွဲတွင် အလှူရှင် ၁၄၆ ဦးတို့က အလှူငွေကျပ်သန်း ၅၉၇ ဒသမ ၁၂၇၊ အဆောက်အအုံ၊ ပရိဘောဂပစ္စည်းနှင့် စာရေးကိရိယာများအတွက် တန်ဖိုးငွေကျပ်သန်း ၃၀၂ ဒသမ ၆၂၉၊ စုစုပေါင်းတန်ဖိုး ငွေကျပ်သန်း ၈၉၉ ဒသမ ၇၅၆ ပေးအပ်လှူဒါန်းခဲ့ကြသည်။

နိုင်ငံတစ်ဝန်း သဘာဝဘေးဒဏ်ကြောင့် ရေဘေးသင့်ကျောင်း ၄၅၄၈ ကျောင်းရှိခဲ့ပြီး ပြန်လည်ပြုပြင်တည်ဆောက်ရန် ကျောင်းပေါင်း ၁၂၁၅ ကျောင်းရှိကာ ခန့်မှန်းပျက်စီးမှု တန်ဖိုးငွေကျပ်သန်းပေါင်း ၇၃၂၈ ဒသမ ၁၂၇ ရှိသည်။ **(မြန်မာ့အလင်း)**

## ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ ဩဂုတ် ၂၁ ရက်တွင် ချင်းပြည်နယ်၌ နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်

**နေပြည်တော် ဩဂုတ် ၂၀**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ပြည်တွင်းလေကြောင်းလိုင်းဖြစ်သည့် တပ်မတော်လေယာဉ်နှင့် ကမ္ဘောဇ လေကြောင်းတို့မှ လေယာဉ်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးလေဆိပ်သို့ ခေါက်ရေနှစ်ခေါက်ဖြင့် ဆိုလာမီးအိမ်များ၊ ခြားအစုံ(ကြီး/သေး)၊ လူသုံးကုန်ပစ္စည်းမျိုးစုံ၊ ပုဆိုးအထည်၊ ဖိနပ်အစုံ(ကျား၊မ၊ကလေး)၊ အဝတ်အထည်၊ ခြင်ထောင်နှင့် ဆေးစိမ်ခြင်ထောင်များကို ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၂၀ - ၈ - ၂၀၁၅)

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်းကောင်း၊ ဇူလိုင် ၁၆ရက်မှ ဩဂုတ် ၂၀ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၀၅၂၆၈ စုမှ လူဦးရေ ၁၆၃၀၈၇၅ ဦး ရေဘေးသင့်ခဲ့ပြီး ၁၁၇ ဦးသေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုး ငွေကျပ် ၁၀၄၀၃၇၅၀၀၊ အရေးပေါ် အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေကျပ် ၂၀၃၁၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၂၇၈၆၅၅၅၀ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၀၁၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၆၆၀၄၃၇၂၈၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

**(သတင်းစဉ်)**

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ်အစားအစာ | အိမ်ဆောက်ပစ္စည်း | ကဆရပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **၆၄၀၄၅၇၁၀** | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၂၀ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၆၀၆ | ၆၅၆၈၃ | ၃၉၉၅၆၇ | ၁၉ | ၅၀၀၅၃၀၀၀ | - | ၁၇၅၀၀၀၀ | ၅၅၂၇၄၀၆၀ | ၁၃၀၀၀၀၀ | ၁၀၈၃၇၇၀၆၀ | |
| ၂ | ကချင်ပြည်နယ် | ၅၃ | ၁၁၄၅ | ၆၂၁၉ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃ | ရှမ်းပြည်နယ် | ၁၂၇ | ၁၄၈၆ | ၇၆၁၁ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | ၇၀၈၈၈၂၂ | |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၁၈၈ | ၃၇၅၅ | ၁၅၆၁၂ | ၁၂ | ၉၄၃၆၅၀၀ | - | ၆၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅ | ချင်းပြည်နယ် | ၂၇၈၉ | ၄၀၄၂ | ၂၀၄၄၉ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | ၅၇၀၁၉၉၆၈ | |
| ၆ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၂၃၀၃၃၇၀ | ၅၅၀၀၀၀၀ | ၇၇၈၀၃၃၇၀ | |
| ၇ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂၁၃ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၂ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၁၈၆၀ | ၁၂၁၇၆၃ | ၅၀၅၇၆၁ | ၃ | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၁၆၂၁၁ | ၆၃၄၀၁ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | **စုစုပေါင်း** | **၁၇၈၁၂** | **၃၈၄၉၀၅** | **၁၆၁၅၉၆၄** | **၁၁၀** | **၁၀၀၄၉၀၁၅၀** | **၁၁၄၅၁၄၅၀** | **၁၆၂၈၉၀၀၀၀** | **၃၁၂၁၅၉၉၇၀** | **၉၄၀၀၀၀၀** | **၅၉၆၃၉၀၅၇၀** | |
| | **ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ စုစုပေါင်း** | **၁၈၂၁၇** | **၃၈၇၀၅၁** | **၁၆၃၀၈၇၅** | **၁၁၇** | **၁၀၄၀၃၇၅၀၀** | **၁၅၂၄၄၂၃၀** | **၂၀၃၁၉၀၀၀၀** | **၃၂၇၈၆၅၅၅၀** | **၁၀၁၀၀၀၀၀** | **၆၆၀၄၃၇၂၈၀** | |

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၀

**မြန်မာနိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၅ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၄. ၃၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၄. ၃၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၁. ၈၇' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၉၅' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၈၀' |
| ၆။ | ကင်းတပ်ရေထိန်းတမံ | ၃၈၂၉၅ | ၄. ၉၀' |
| ၇။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၅၈' |
| ၈။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၅၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၅၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၃၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၀၀' |
| ၁၂။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၁. ၂၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁၃။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၁၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၈၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၆၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၄၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၂၀' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၂၀' |
| ၂၀။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၁၀' |
| ၂၁။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၈၂' |
| ၂၂။ | စဥ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၃။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၅၀' |
| ၂၄။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၂၅။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၇၀' |
| ၂၆။ | ဘော်ဘင်ရေလှောင်တမံ (၁) | ၉၇၆၄၆ | ၀. ၁၅' |
| ၂၇။ | ဘော်ဘင်ရေလှောင်တမံ (၂) | ၂၆၅၈၈ | ၀. ၂၅' |
| ၂၈။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၀. ၆၀' |
| ၂၉။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၆၀' |
| ၃၀။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၁. ၄၀' |
| ၃၁။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၉၀' |
| ၃၂။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၄၀' |
| ၃၃။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၅၀' |
| ၃၄။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၄၀' |
| ၃၅။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၅၀' |

**(သတင်းစဉ်)**

# ခမုံနှင့် ကျောက်အိုင်ဘူတာအကြား ပြိုပျက်သွားသော ရထားလမ်း ပြုပြင်မှုလုပ်ငန်းများစတင်



ရေကြီးမှုကြောင့် ပျက်စီးသွားသော ရထားလမ်းပိုင်းကို မြန်မာ့မီးရထားမှ ဝန်ထမ်းများက ပြုပြင်ရန်ဆောင်ရွက်နေစဉ်။

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ဓာတ်ပုံ-ဘော်ဂါသွေး

ရန်ကုန် သြဂုတ် ၂၁

နိုင်ငံအဝန်း ရေကြီးမှုဖြစ်စဉ်တွင် ပါဝင်ခဲ့သော ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်အပိုင် ကျောက်အိုင်ဘူတာနှင့် ခမုံဆိပ်ဘူတာအကြား ချောင်းကူးတံတား အမှတ်(၁၅/အေ)မှာ သြဂုတ် ၉ ရက်က ပြိုကျပျက်စီးမှုဖြစ်ခဲ့သည်။

တံတားမှာအရှည်ပေ ၁၂၀ ခန့်ရှိပြီး ခမုံဆိပ်ဘက်ချဉ်းကပ်လမ်း မြေကိုရေတိုက်စားမှုကြောင့် ပြိုပျက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ တံတားမှာ အောက်ခံသံပေါင်တစ်ဝက် ရေထဲသို့ထိုးကျနေပြီး ရထားသံလမ်းနှင့် ကွန်ကရစ်ဇလီဖားတုံးတို့ တွဲလျက်ရှိနေသည်။ ပစောက်သဏ္ဌာန် အိကျနေခြင်းဖြစ်ပြီး အဝေးမှကြည့်ပါက ကြီးမားသော ပတ္တလားကြီးကဲ့သို့ သြဂုတ် ၁၈ ရက်က မြင်တွေ့ခဲ့ရသည်။

တံတားအမြန်ဆုံးပြုပြင်နိုင်ရန်အတွက် မြန်မာ့မီးရထားတိုင်း(၆)မှ တာဝန်ခံဦးသက်ထွန်း၊ တိုင်းအင်ဂျင်နီယာ ဦးကျော်လင်း နှင့်အဖွဲ့က ပစ္စည်းများစုခြင်း၊ ရေအနက်တိုင်းတာခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

တံတားပြုပြင်ရန် လုပ်ငန်းခွင်အတွင်းမှ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးမျိုးထွန်းနှင့်တွေ့ဆုံစဉ် "အခုပျက်နေတဲ့ ရထားလမ်းတံတားက မြစ်မခမြစ်ရဲ့ လက်တံတစ်ခုအပေါ် ဖြတ်ဆောက်ထားတဲ့ တံတားပါ။ သြဂုတ် ၆ ရက် မွန်းတည့် ၁၂ နာရီ လောက်ကတည်းက ခမုံဆိပ်အခြမ်း ချဉ်းကပ်လမ်းဘက်ကို ရေစတိုးလာတယ်။ သြဂုတ် ၇ရက်နဲ့ ၈ ရက်အထိ တောင့်ခံနေသေးတယ်။ ၉ ရက်မှာ မခံနိုင်တော့ဘဲ ရေစီးအရှိန်နဲ့ အဲဒီဘက်ခြမ်းက ပျက်စီးသွားခဲ့ပါတယ်" ဟု ပြောသည်။

သြဂုတ် ၁၈ ရက် ညနေ ၆ နာရီခန့်က ရေအနက်တိုင်းတာမှုမှာ ချောင်းအကျယ်အရ တစ်နေရာနှင့်တစ်နေရာ မတူညီဘဲ အောက်ခံကြမ်းပြင်မှ ရေမျက်နှာပြင်အထိ ကိုးပေမှ ပေ ၂၀ ဝန်းကျင်အနက်ထိ ရှိနေကြောင်း သိရသည်။

"ရေအနက်လေးပေငါးပေလောက် ရောက်သွားတာနဲ့ လုပ်ငန်းစတင်တော့မှာပါ။ ဆောက်လုပ်ရေးပစ္စည်းတွေလည်း အစုံအလင်ရောက်ရှိနေပါပြီ " ဟု ၄င်းကဆက်လက်ပြောပြသည်။

ဤရထားလမ်းမှာ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်ဘူတာမှ စတင်၍ ပဲခူးတိုင်းဒေသကြီး သာရဝေါဘူတာထိ ပြေးဆွဲပေးနေသော ရထားလမ်းဖြစ်သည်။

ယခုအခါ တံတားပြိုပျက်မှုကြောင့် ပုံမှန်အချိန်အတိုင်း ကြည့်မြင်တိုင်ဘူတာမှ လက်ပံတန်းဘူတာအထိသာ ပြေးဆွဲပေးနေပြီး၊ လက်ပံတန်းဘူတာမှ ညောင်ဝိုင်းဘူတာထိ မွန်းလွဲ ၂ နာရီတွင် လော်ကယ်ရထားတစ်စင်း ပြေးဆွဲပေးနေကြောင်း သိရသည်။

ယင်းဒေသဝန်းကျင်ရှိ ရေဘေးသင့်ပြည်သူများသို့ အရပ်ရပ်မှ ထောက်ပံ့ပစ္စည်းများ ပို့ဆောင်လိုပါက မြန်မာ့ရထားအနေဖြင့် လက်ပံတန်းဘူတာမှ တံတားပြိုပျက်သည့် ရေဆိပ်အထိ RGC (လုပ်ငန်းသုံးမီးရထား) ဖြင့် လည်းကောင်း၊ ထိုမှ မြစ်မခမြစ် လက်တက်အတွင်း တပ်မတော်မှ ဖိုင်ဘာဘုတ်များ၊ ဒေသခံပြည်သူများက လှေများဖြင့်လည်းကောင်း ကူသိုလ်ယူသယ်ပို့ပေးနေပြီး ခမုံဆိပ်ဘက်အခြမ်းရှိ RGC ဖြင့် သာရဝေါအထိ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ဝေဠုကျော်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်၊ ပရဟိတလူငယ်အဖွဲ့ ခေါင်းဆောင် ဒေါ်သီသီလွင်က "ကျွန်မတို့နှစ်ခေါက်ရှိပြီ။ ပထမတစ်ခေါက်က ဆန်အိတ် ၁၀၀ ကျော်နဲ့ ပစ္စည်းမျိုးစုံ၊ ယခုလည်း ဆန်အိတ်တွေနဲ့ ပစ္စည်းမျိုးစုံကို ခမုံအုပ်စုကကျေးရွာတွေနဲ့ မြင်ကဝကျေးရွာအုပ်စုက လိုအပ်တဲ့ကျေးရွာတွေအထိသွားရောက် ပို့ဆောင်ရာမှာလည်း မြန်မာ့မီးရထားက အများကြီး အကူအညီပေးခဲ့ပါတယ်" ဟု ပြောသည်။

ပြိုပျက်နေသော ရထားလမ်းပိုင်း အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရန် လုပ်ငန်းစနေခြင်းအတွက် ခမုံဆိပ်ကျေးရွာမှ ဒေါ်အေးအေးခိုင်က "ကျွန်မတို့ ဒေသခံတွေက သွားလာရေးအတွက် ဒီမီးရထားတစ်စင်းကိုပဲ အားထားနေရတယ်။ ဒီရထားကိုပဲ အမှီပြုပြီး စီးပွားရှာနေရတာ။ အခုတော့ ရေကြီးလို့ ဒုက္ခရောက်ရတဲ့အထဲ အသက်မွေးဝမ်းကျောင်းအတွက် မှီခိုရတဲ့ ရထားလမ်းကြီးပါ ပျက်သွားတော့ တစ်ပူပေါ် နှစ်ပူဆင့် ခံနေရသလိုပါပဲ။ အခုသက်ဆိုင်ရာက အမြန်ဆုံးပြုပြင်ဖို့ လုပ်နေတာတွေ့ရတော့ ဝမ်းသာမိပါတယ်။ ရေမြန်မြန်ကျသွားပါစေလို့ ဆုတောင်းနေပါတယ်" ဟု ပြောခဲ့သည်။

# ရေစကြိုမြို့နယ်တွင် မြစ်ရေကျချိန် ရွှံ့နွံများတင်ကျန်ရစ်ခဲ့သဖြင့် မြေနီကျောက်စရစ်များဝယ်ယူခြင်းလျက်ရှိ



ရေစကြိုမြို့ အမှတ်(၄)ရပ်ကွက်အတွင်း ရွှံ့နွံများဝင်ရောက်နေသည်ကို တွေ့ရစဉ်။

ရေစကြို သြဂုတ် ၂၀

ယခုနှစ်မိုးရာသီတွင် မြန်မာနိုင်ငံနေရာအနှံ့အပြား၌ မိုးများ သည်းထန်စွာရွာသွန်းခဲ့၍ မြစ်ချောင်းအင်းအိုင်များ ဆည်တာတမံများတွင် နှစ်စဉ်ဝင်ရောက်နေကျ ရေမှတ်အထက်ကျော်လွန်ရောက်ရှိခဲ့သဖြင့် မြန်မာနိုင်ငံအတွင်း နေရာအတော်တော်များများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာအချို့နှင့် မြို့ပေါ်ရပ်ကွက်များရှိ လူနေအိမ်များ၊ ကျောင်းများ၊ လမ်းများ၊ လယ်ယာမြေများအတွင်းမြစ်ရေဝင်ရောက်ခဲ့ရာ ယခုအချိန်တွင် မြစ်ရေပြန်ကျသွားပြီဖြစ်သော်လည်း နုန်းအနည်အနှစ်များသည် မြစ်ရေဝင်ရောက်ခဲ့သည့်နေရာအနှံ့တွင် နှစ်ပေခန့်အထိ တင်ကျန်ခဲ့သည်ဟု သိရသည်။ အဆိုပါနုန်းအနည်အနှစ်များသည် လမ်းများ၊ လူနေအိမ်များအတွင်း၌ တစ်ပေခန့်၊ နှစ်ပေခန့်အထိ နေရာလိုက်၍တင်ကျန်နေသဖြင့် မိမိတို့လမ်းအတွင်းသော်လည်းကောင်း၊ အိမ်၊ ကျောင်းများအတွင်းသော်လည်းကောင်း သွားလာရေး အဆင်ပြေလွယ်ကူစေရန် မြေနီကျောက်စရစ်များကို ဝယ်ယူခြင်းလျက်ရှိကြောင်းကို သိရသည်။

"အရင်နှစ်တွေရေဝင်တုန်းက အခုနုန်းတွေလောက် မများဘူး၊ ဒီနှစ်မှာ ရေပြန်ကျသွားတော့ နုန်းတွေတင်ကျန်ခဲ့လို့ အိမ်ထဲမှာလည်း သွားလို့လာလို့မရဖြစ်နေတာနဲ့ မြေနီကျောက်စရစ်ဝယ်ခင်းရတယ်"ဟု အမှတ်(၆) ရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါမြေနီကျောက်စရစ်များကို လေးဘီးထော်လာဂျီတစ်စီးလျှင် ငွေကျပ် ၁၀၀၀၀ဖြင့် ဝယ်ယူခင်းကြလျက်ရှိရာမှ ဝယ်ယူသူများသဖြင့် ယခုအချိန်တွင် ငွေကျပ် ၂၀၀၀ ထပ်မံဈေးတက်သွားရာ လေးဘီးထော်လာဂျီ တစ်စီးလျှင် ငွေကျပ် ၁၂၀၀၀ ဖြင့် ဝယ်ယူခင်းလျက်ရှိကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# အင်္ဂပူမြို့နယ်မှရေဝင်နစ်မြုပ်ခဲ့သောကျေးရွာများအား ကျန်းမာရေးစောင့်ရှောက်မှုကွင်းဆင်းဆောင်ရွက်


အင်္ဂပူ သြဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်း ရေနစ်မြုပ်ခဲ့သော ထန်းပင်ကုန်းကျေးရွာ၊ ရှမ်းခေါင်းပြဲကျေးရွာနှင့်ကံဦးကျေးရွာများတို့သို့ မြို့နယ်ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က သြဂုတ် ၁၈ ရက်က သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

အဆိုပါရေဝင်နစ်မြုပ်ဒေသဖြစ်သော ကံဦးကျေးရွာနှင့် ရှမ်းခေါင်းပြဲကျေးရွာတို့တွင် ဆေးတက္ကသိုလ်(၁)၁၉၇၆-၈၂ ဆရာဝန်များနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများပူးပေါင်းပြီး လူနာ ၂၂၂ ဦးကိုလည်းကောင်း၊ ထန်းပင်ကုန်းကျေးရွာတွင် Barons ကုမ္ပဏီအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းပြီး လူနာ ၁၅၄ ဦးကို လည်းကောင်း ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ပြီး အစားအသောက်နှင့် အဝတ်အထည်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# ကျိုးပေါက်သွားသော မူးတိမ်ရေဆိုးချောင်းပြန်လည်ပြုပြင်



ခင်ဦး သြဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ဇူလိုင် ၁၇ ရက်က မိုးသည်း ထန်စွာရွာသွန်းမှုကြောင့် မူးတိမ်ရေဆိုးချောင်း သုံးချောင်းတွင် အလယ်ရေဆိုးချောင်းမှာ ကျိုးပေါက်မှုအကျယ်ပေ ၅၀ မှ ၁၀၀ ခန့်အထိ ခြောက်နေရာ ကျိုးပေါက်ခဲ့သည်။ အဆိုပါကျိုးပေါက်မှုကြောင့် ၃၈၆ ဧက ရေလွှမ်းခဲ့ပြီး မြို့သစ်ကျေးရွာ၊ ပျဉ်ထောင်ကျေးရွာ၊ ကင်းပြစ်ကျေးရွာ၊ သရက်ကုန်းကျေးရွာတို့မှ တောင်သူ ၇၄ ဦး၏ နှမ်းပါး ၈၃ ဧက ပျက်စီးခဲ့သည်။

မူးတိမ်ရေဆိုးချောင်းပြန်လည် ဆောင်ရွက်ရန် သြဂုတ် ၁၉ ရက်က သာဂရကျေးရွာ မဟာဂန္ဓာရုံဘုန်းကြီးကျောင်း၌ သက်ဆိုင်ရာတာဝန်ရှိသူများက မူးတိမ်ရေဆိုးချောင်းသောက်တောင်သူများနှင့်တွေ့ဆုံပြီး နောင်နှစ်များတွင် ထပ်မံကျိုးပေါက်မှု မရှိစေရန် ကျေးရွာနေပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့သည်။

မူးတိမ်ရေဆိုးချောင်းကျိုးပေါက်သည့်အတွက် မျှောတိုင်များ၊ ဝါးများ၊ ဝါးကပ်များ၊ သဲအိတ်များ၊ မိုးကာများဖြင့် ယာယီပိတ်ဆို့ဆောင်ရွက်လျက်ရှိကြောင်း၊ စက်ယန္တရားများဝင်ရောက်နိုင်သော အခြေအနေရောက်ရှိပါက အဆိုပါအကျိုးအပေါက်များကို အခိုင်အမာပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခရိုင် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းက ပြောသည်။

**ခင်ဦးစိုးဝေ**

# ရွှေးကောက်ပွဲလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဗြိတိန်သံရုံးမှ သံအမတ်ကြီး H.E.Mr. Andrew Patrick ဦးဆောင်သည့်အဖွဲ့အား ဩဂုတ် ၁၉ ရက် ညနေ ၃ နာရီတွင် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရွှေးကောက်ပွဲလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသို့ အာဆီယံ ရဲတပ်ဦးစီးချုပ်များ၏ ဇနီးများအဖွဲ့ လာရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၂၀**

အာဆီယံ ရဲတပ်ဦးစီးချုပ်များ၏ဇနီးများနှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသို့ လာရောက်လေ့လာသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သဇင်နွယ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်တင်တင်ဝင်းက အသင်း၏ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ မိခင်နှင့်ကလေးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို (Power Point) ဖြင့် ရှင်းလင်းသည်။

ထို့နောက် ဥက္ကဋ္ဌနှင့် မြန်မာ့တပ်မတော် (ရေ) ဦးစီးချုပ်နှင့် ဇနီးတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး ဧည့်သည်တော်များအဖွဲ့သည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုး၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုပြီးနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားသော မေတ္တာစမ်းရေဆေးခန်းသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရတနာပုံတက္ကသိုလ် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂၀**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် အားကစားနှင့်ကာယပညာကော်မတီက ကြီးမှူး၍ ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်အားကစားပြိုင်ပွဲ ဗိုလ်လုပွဲကို ယမန်နေ့ နံနက် ၈ နာရီခွဲက အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) အားကစားကွင်း၌ ကျင်းပခဲ့သည်။ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀၊ ၁၅၀၀၊ လက်ဆင့်ကမ်းမီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀၊ မီတာ ၁၅၀၀၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်၊ အလျားခုန်၊ အမြင့်ခုန်စသည့် ပြိုင်ပွဲအားကစားနည်း ၁၁ မျိုးကို ယှဉ်ပြိုင်ခဲ့ကြရာ အသင်းလိုက် ပထမဆုရ အားကစားနှင့် ကာယပညာဘာသာရပ်၊ ဒုတိယ သချ်ာဘာသာရပ်နှင့် တတိယ ရူပဗေဒဘာသာရပ်အသင်းတို့က ဆုများအသီးသီးရရှိကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ ရတနာပုံတက္ကသိုလ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဘူမိဗေဒ ပါမောက္ခဌာနမှူး ဦးလှမိုး၊ ရတနာပုံတက္ကသိုလ် ပြေးခုန်ပစ်ကော်မတီဥက္ကဋ္ဌ သချ်ာဌာန ပါမောက္ခဌာနမှူး ဒေါက်တာရဲရွှေနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြပြီး ရတနာပုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ အောင်အောင်မင်းက တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုတို့အား အားကစားနှင့်ကာယပညာဘာသာရပ်ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်း ရှင်းလင်းတင်ပြ

**နေပြည်တော် ဩဂုတ် ၂၀**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံခန့်ခွဲပိုင်ခွင့်ရှိသော ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများတွင် ပုဂ္ဂလိက သစ်တောစိုက်ခင်းတည်ထောင်စိုက်ပျိုး၊ ထုတ်လုပ်ခွင့်ပြုထားသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ယနေ့ နံနက် ၁၀ နာရီ၌ကျင်းပရာ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒနှင့်စီမံကိန်း)မှ ၂၀၁၅-၂၀၁၆ ခုနှစ် စီမံကိန်းလျာထားချက်အပေါ် အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးနှင့်လျာထားချက်ပြည့်မီ စိုက်ပျိုးနိုင်ရေးအတွက် တွေ့ကြုံရသည့် အခက်အခဲများအပေါ် တင်ပြဆွေးနွေးကြရန် မှာကြားသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပုဂ္ဂလိကစိုက်ခင်း(ကျွန်း၊ သစ်မာ၊ စက်မှုကုန်ကြမ်း) လုပ်ငန်းရှင်များ၏ မေးမြန်းမှုအပေါ် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက အကြံပြုဆွေးနွေးကြသည်။

ယနေ့အထိ ပုဂ္ဂလိကကျွန်းစိုက်ခင်း ဧက ၁၇၀၈၈၀ ဧက၊ ပုဂ္ဂလိက သစ်မာစိုက်ခင်း ၁၁၇၂၆၉ ဧက၊ ပုဂ္ဂလိက ရော်ဘာ၊ ဆီအုန်း၊ စက်မှုကုန်ကြမ်း စိုက်ခင်း ၄၆၉၄၂၄ ဧက စုစုပေါင်း ဧက ၇၅၇၅၇၃ ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ တည်ထောင်စိုက်ပျိုးခွင့် ပြုပြီးဖြစ်သည်။

အလားတူ ဧရိယာပမာဏများစွာ ဆောင်ရွက်လိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခွင့်ပြုလျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခု ရှိ လုပ်ကွက်ပေါင်း ၃၄ ကွက် စုစုပေါင်းဧရိယာ ၈၂၉၀၉ ဧကကို ပထမအကြိမ် အိတ်ဖွင့်တင်ဒါအောင်မြင်ခဲ့သော လုပ်ငန်းရှင် ၁၈ ဦးက ၂၀၁၅-၂၀၁၆ ခုနှစ် စီမံကိန်း လျာထားချက်အပေါ် အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် အစီအမံများနှင့် အခက်အခဲများကို ဩဂုတ် ၁၉ ရက်တွင် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့ရာ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ပြန်လည်အကြံပြုဆွေးနွေးဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရောဝတီလင်းပိုင်ကို မြစ်ဝကျွန်းပေါ်ရှိ စာဖြူကြီးခွနေရာတွင် ထူးဆန်းစွာတွေ့ရှိဟုဆို

ရန်ကုန် ဩဂုတ် ၂၀

**ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ ကျိုက်လတ်နှင့် ဖျာပုံမြို့ကြားရှိ စာဖြူကြီးခွ မြစ်ဆုံနေရာတွင် ဧရာဝတီ လင်းပိုင်တစ်ကောင် ရောက်ရှိကျက်စားလျက်ရှိကြောင်း ဒေသခံများနှင့် ယင်းနေရာကို ရေယာဉ်များဖြင့် ဖြတ်သန်းသွားလာနေသည့်သူများ၏ ပြောကြားချက်အရ သိရသည်။**





**စာဖြူကြီးခွတွင် ငါးဖမ်းစက်လှေတစ်စင်း မောင်းသွားသည်ကို ဩဂုတ် ၁၅ ရက်က တွေ့ရစဉ်။**

"တွေ့တာတော့ တစ်နှစ်လောက်ရှိနေပြီ ၊ သူ့ဘာသာသူရောက်လာတာ၊ ဒီက တံငါနဲ့ ရေလုပ်သားတွေက သူ့ကို ရန်မပြုတော့ ဒီခွဆုံမှာပဲနေတယ်၊ သင်္ဘောကြီးတွေလာရင် တစ်ခါတလေ ထခုန်တတ်တယ်။ ပတ်ဝန်းကျင်ကိုလည်း အနှောင့်အယှက်မပေးတော့ သူ့ကိုလည်း ဘယ်သူမှ မနှောင့်ယှက်ဘူး။ ရှားပါးသတ္တဝါမှန်းတော့ မသိဘူးဗျ၊ ရုပ်ရှင်တွေထဲက လင်းပိုင်လိုတော့ နှုတ်သီးမရှည်ဘူး၊ နှုတ်ခမ်းလုံးလုံး အရောင်ကညိုညို ငါးပေကျော် ခြောက်ပေလောက်ရှိတယ်။ ကျွန်တော် ဖြတ်သွားတိုင်း ရက်ခြားဆိုသလို တွေ့ရတတ်တယ်။ ကျွန်တော်တို့အပြင် အခြားသူတွေလည်း ခဏခဏ တွေ့နေရတာပါ"ဟု စာဖြူကြီးခွပတ်ဝန်းကျင်မြစ်ထဲတွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ ဦးမျိုးကြည်က ပြောသည်။

ထို့အတူ ရန်ကုန်မှ ဧရာဝတီမြစ်ဝကျွန်းပေါ်မြို့များသို့ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်နေသူ ဦးကျော်နိုင်ကလည်း "ကျွန်တော့်သင်္ဘောနဲ့ အသွားအပြန် အဲ့ဒီနေရာရောက်တိုင်း သူ့ကို ခဏခဏ တွေ့ရတတ်တယ်။ ရာသီဥတုကောင်းတဲ့အချိန်ဆို ပိုတွေ့ရတတ်တယ်၊ တွေ့ရင်လည်း တစ်ကောင်တည်းပဲ တွေ့ရတတ်တယ်။ အရင်က သူတို့ကို ဧရာဝတီမြစ်အထက်ပိုင်းမှာပဲ တွေ့ရတယ်လို့ သိထားတာ၊ အခု ဒီလိုမြစ်ဝကျွန်းပေါ်မှာတွေ့တော့ ထူးဆန်းတာပေါ့ဗျာ။ ရှားပါးသတ္တဝါလည်းဖြစ် နိုင်ငံတကာက အချို့နိုင်ငံတွေမှာ ရှိပေမယ့်လည်း ဧရာဝတီမြစ်ကြီးကို အစွဲပြုပြီး ဧရာဝတီလင်းပိုင်လို့ခေါ်ရတာဆိုတော့ သက်ဆိုင်ရာက လာရောက် ကာကွယ်စောင့်ရှောက်မယ်ဆို ပိုကောင်းပါတယ်ဗျာ။ ဒီဘက်က လူတွေက သူ့ကို ဒုက္ခမပေးဘူးဆိုပေမယ့် သူ့ဘာသာသူ ပိုက်ထဲဝင်တိုးတာတို့မျိုးဖြစ်မှာ စိုးရိမ်ရတယ်"ဟု စာဖြူကြီးခွတွင် တွေ့ရသည့် ဧရာဝတီလင်းပိုင်နှင့် ပတ်သက်၍ ၎င်း၏အမြင်ကိုပြောသည်။

ထိုကဲ့သို့ ဧရာဝတီလင်းပိုင်ကို မြစ်ဝကျွန်းပေါ်ဒေသ၏ စာဖြူကြီးခွတွင် တွေ့ရခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ အထွေထွေ အတွင်းရေးမှူးဖြစ်သူ ဦးဝင်းကြိုင်က "ကျွန်တော်တို့သိထားတာကတော့ ဧရာဝတီလင်းပိုင်တွေက မြန်မာနိုင်ငံမှာဆို မန္တလေးအထက်ပိုင်း တကောင်းတို့၊ ကသာတို့ဘက်မှာပဲနေတယ်လို့ သိထားတာပါ။ အခုလို မြစ်ဝကျွန်းပေါ်မှာ တွေ့တယ်ဆိုတော့ ထူးဆန်းတယ်လို့ ပြောရမှာပါ။ သူဘယ်ကလာလဲ၊ အထက်ဘက်ကပဲ စုန်ဆင်းလာသလား။ ပြီးရင် ထိန်းသိမ်း စောင့်ရှောက်မှုတွေ ဆက်လုပ်သွားဖို့လိုပါတယ်၊ ဒေသခံတွေကိုလည်း ဧရာဝတီလင်းပိုင်နဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ ဖြန့်ဝေပေးရမှာပါ"ဟု ၎င်း၏ အတွေ့အကြုံနှင့် အမြင်ကို သုံးသပ်ပြောကြားခဲ့သည်။

ဧရာဝတီ လင်းပိုင်များသည် မြန်မာနိုင်ငံတွင် ရေလုပ်သားများနှင့် အကျိုးတူပူးပေါင်း၍ ငါးရှာဖွေဖမ်းဆီးသည့်ဓလေ့ (Cooperative Fishing Practice) ရှိသည့် တစ်ခုတည်းသော ရှားပါးသတ္တဝါ ဖြစ်ကြောင်းသိရပြီး ၎င်းတို့ အများဆုံး ကျက်စားရာ မန္တလေးတိုင်းဒေသကြီး မင်းကွန်းမှ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းအထိ ၇၂ ကီလိုမီတာ အရှည်ရှိသည့် ဧရာဝတီမြစ်ကြောင်းကို ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီလင်းပိုင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနယ်မြေ (Ayeyarwaddy Dolphin Protected Area) အဖြစ်သတ်မှတ်ပြီး သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society - WCS) နှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ဘက်ထရီရှော့ တိုက်မှုများကြောင့် လည်း ဧရာဝတီ လင်းပိုင် ငယ်များ သေဆုံးနေရပြီး ကောင်ရေ ကျဆင်းနေရသည်။**

မြန်မာနိုင်ငံတွင် ဧရာဝတီ လင်းပိုင်များမှာ ၂၀၁၄ ခုနှစ် စာရင်းများအရ ကောင်ရေ ၆၀ ကျော်ခန့်သာ ကျန်ရှိတော့ကြောင်းသိရပြီး စာဖြူကြီးခွတွင် ကျက်စားနေထိုင်နေသည့် ဧရာဝတီလင်းပိုင်ကို ယနေ့အချိန်အထိ တွေ့မြင်နေရသေးကြောင်း ယင်းဒေသတွင် သွားလာနေသူများနှင့် ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။ ။

# ထိုင်းမှာရှိတဲ့ မြန်မာရွှေ့ပြောင်းလုပ်သားတွေ ငွေကုန်ကြေးကျမရှိဘဲ မှတ်တမ်းအထောက်အထားရမှာဖြစ်လို့ စိတ်သန့်သန့်ရှင်းရှင်းနဲ့ ပူးပေါင်းပါဝင်ဖို့လို

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် တွေ့ဆုံခြင်း

**တွေ့ဆုံမေးမြန်း-မိုးသူဇာစိုး**

နေပြည်တော် ဩဂုတ် ၂၀

**ထိုင်းနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာရွှေ့ပြောင်းလုပ်သားများအတွက် တရားဝင်နိုင်ငံကူးလက်မှတ်နှင့် သက်သေခံအထောက်အထားလက်မှတ်များ ထုတ်ပေးရေးအစီအစဉ်ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်စုစည်းဖော်ပြအပ်ပါသည်။**

**မေး။ ။ သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ တရားဝင်နဲ့ တရားမဝင် မြန်မာရွှေ့ပြောင်း လုပ်သားတွေ လက်ရှိအချိန်မှာ ဘယ်လောက်လောက်ရှိပါသလဲ။**

ဖြေ။ ။ သုံးသန်းလောက်ရှိမယ်လို့ ခန့်မှန်းထားတယ်။ အရင်က တရားမဝင်ဖြစ်နေတဲ့ မြန်မာရွှေ့ပြောင်းလုပ်သား ၁ ဒသမ ၇ သန်းကို ၂၀၁၃ ခုနှစ်မှာ နိုင်ငံတော်က တရားဝင်ဖြစ်အောင် ပြန်လုပ်ပေးခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ထိုင်းနိုင်ငံက အစိုးရ အပြောင်း အလဲဖြစ်သွားတဲ့နောက် တရားမဝင်ဖြစ်နေတဲ့ မြန်မာရွှေ့ပြောင်းလုပ်သားအရေအတွက်ကို ခြောက်သိန်းခြောက်သောင်းရှိတယ်လို့ ကြေညာထားတဲ့အတွက် ဒါကိုပါ ပေါင်းကြည့်ရင် ၂ ဒသမ ၄ သန်း ဝန်းကျင်လောက် ဖြစ်နေတယ်။ တရားဝင်စေလွှတ်တဲ့ စာရင်းအရက နှစ်သိန်းလောက်ဖြစ်နေတယ်။ အားလုံးပေါင်းမယ်ဆိုရင် ၂ ဒသမ ၆ သန်းလောက်ဖြစ်နေပြီး တခြားအထောက်အထားတွေအရ စိုက်ပျိုးရေးခြံတွေနဲ့ ရေလုပ်သားတွေ ရှိနေတာကိုပါ ထည့်တွက်ကြည့်ရင် စုစုပေါင်း သုံးသန်းနီးပါးရှိမယ်လို့ ခန့်မှန်းပါတယ်။

**မေး။ ။ ဒီလို ရွှေ့ပြောင်းလုပ်သားတွေအတွက် အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ တခြားအဖွဲ့တွေနဲ့ပူးပေါင်းပြီး နိုင်ငံသားစိစစ်တဲ့ လုပ်ငန်းစဉ်တွေ လုပ်နေတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း ရှင်းပြပေးပါ။**

ဖြေ။ ။ ထိုင်းအစိုးရသစ်အနေနဲ့ ခြောက်သိန်းခြောက်သောင်းကျော်က တရားမဝင်အလုပ်သမားတွေ ဖြစ်နေတယ်လို့ ကြေညာထားတော့ သူတို့ကို တရားဝင် အလုပ်သမားတွေဖြစ်အောင် လုပ်ရပါတယ်။ ထိုင်းမှာ သူ့နိုင်ငံအသုံးအနှုန်းအရ ထောလောစန်ပက်လို့ ခေါ်ပြီး မြန်မာလို ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်တွေကို ထုတ်ပေးလိုက်ပါတယ်။ ဒီလက်မှတ်တွေက သက်တမ်း တစ်နှစ်ရှိပြီး ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်မှာ သက်တမ်းကုန်သွားပြီ ဖြစ်ပါတယ်။ အဲ့ဒီအချိန်ကတည်းက မြန်မာနိုင်ငံကနေ အလုပ်သမားခြောက်သိန်းခြောက်သောင်းကို တရားဝင်ဖြစ်အောင် ကြိုးစားပြီး ဆောင်ရွက်ခဲ့ပါတယ်။ လဝက၊ ပတ်စ်ပို့စာအုပ်ထုတ်ပေးတဲ့ သတင်းတပ်ဖွဲ့နဲ့ အလုပ်သမားဝန်ကြီးဌာနတို့တိုင်ပင်ပြီး ဘယ်လို အချက်တွေနဲ့ပြည့်စုံရင် နိုင်ငံသားအဖြစ်စိစစ်ပြီးသားဖြစ်မလဲ၊ နိုင်ငံကူးလက်မှတ်တွေ ထုတ်ပေးလို့ရမလဲဆိုတာကို ဆွေးနွေးကြတော့ အချက် ၂၇ ချက်ပါဝင်တဲ့ ပုံစံတစ်ခုထွက်လာတယ်။ ၂၀၁၄ ခုနှစ်ကတည်းက ဒီပုံစံကို အလုပ်သမားတွေကို ဝေခဲ့တာ ပထမအသုတ်က သုံးသန်း၊ နောက်တစ်သုတ်က လေးသိန်းလောက် ရိုက်နှိပ်ပြီး ဝေခဲ့ပါတယ်။ ဒါပေမယ့် ပြန်ရောက်လာတဲ့အချက်အလက်က တစ်သောင်းခွဲကျော် ကျော်ပဲရှိတော့ အလုပ်သမားတွေပဲ ပုံစံကို နားမလည်တာလား၊ ပုံစံဖြည့်ပြီး သံရုံးကို လာပေးပါဆိုတာကို မပေးနိုင်တာလားဆိုတာ ထည့်စဉ်းစားရပါတယ်။ အခုတစ်ခေါက် ဒီပုံစံကိုပဲ အလုပ်သမားတွေရှိတဲ့ စက်ရုံတွေသွားပြီး ဖြည့်ခိုင်းမယ်ဆိုပြီး စာရင်းလိုက် ကောက်ပါတယ်။ အခု လုပ်ငန်းစဉ် (၁) က စာရင်းကောက်တဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ နံပါတ် (၂) နိုင်ငံသားစိစစ်တဲ့ လုပ်ငန်းစဉ်နဲ့ (၃)က နိုင်ငံကူးလက်မှတ်နဲ့ အထောက်အထားတွေ ထုတ်ပေးတဲ့ လုပ်ငန်းစဉ်ဆိုပြီး ရှိပါတယ်။

စာရင်းကောက်တဲ့ လုပ်ငန်းစဉ်မှာ ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးက သံအမတ်ကြီးက ကြီးကြပ်ကွပ်ကဲပြီး အလုပ်သမားသံအရာရှိ ဦးစိုးနိုင်ကို ဒီလုပ်ငန်းစဉ်ကို တာဝန်ပေးထားပါတယ်။ အဲ့ဒီအဖွဲ့မှာ ကြီးကြပ်တဲ့အဖွဲ့ငါးဖွဲ့နဲ့ စာရင်းကောက်ယူရေးအဖွဲ့ ၂၁ ဖွဲ့ရှိပါတယ်။ ကြီးကြပ်တဲ့အဖွဲ့တွေက ဆူမက်ပရာဂန်၊ မဟာချိုင်၊ မယ်ဆိုင်၊ မဲဆောက်နဲ့ ရနောင်းမှာ ဒေသကွပ်ကဲရေးအဖွဲ့ငါးဖွဲ့ထားပြီး ဒီအဖွဲ့တွေရဲ့အောက်မှာ စာရင်းကောက်အဖွဲ့ ၂၁ဖွဲ့ ရှိတာဖြစ်ပါတယ်။

နိုင်ငံသားစိစစ်တဲ့ လုပ်ငန်းစဉ်အတွက် စာရင်းကောက်တဲ့အချိန် ထိုင်းနိုင်ငံမှာရောက်နေတဲ့ မြန်မာလုပ်သားတွေမှာ နိုင်ငံသားစိစစ်ရေးကတ်၊ ပုံစံ ၁၀ လို အထောက်အထားရှိသူတွေနဲ့ အထောက်အထား လုံးဝမရှိသူဆိုပြီး ရှိပါတယ်။ အထောက်အထားရှိသူတွေကို သာမန်နိုင်ငံကူးလက်မှတ် ထုတ်ပေးနိုင်ဖို့နဲ့မရှိတဲ့သူတွေကို Certificate of Identity လို သက်သေခံလက်မှတ်တွေ ထုတ်ပေးတာမျိုး လုပ်ပါတယ်။ သက်သေခံလက်မှတ်က နှစ်နှစ်သက်တမ်းရှိပြီး ဒီသက်တမ်းအတွင်းမှာ လုပ်သားတွေအနေနဲ့ နိုင်ငံသား အထောက်အထားတွေ ပြည့်စုံအောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒီလုပ်ငန်းစဉ်တွေကို အဖွဲ့ ၂၁ ဖွဲ့က အခု ဩဂုတ်လကစာရင်းတွေ စကောက်နေပြီး အောက်တိုဘာလကုန်အထိ စာရင်းကောက်ဖို့မှန်းထားပါတယ်။ အလုပ်သမားများတဲ့နေရာတွေမှာတော့ အချိန်ဒီ့ထက် ပိုကောင်းပိုမှာပါ။ တစ်ချိန်တည်းမှာပဲ ကောက်လို့ရတဲ့ စာရင်းတွေအရ နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွေကို လဝကနဲ့ တွဲလုပ်နေပြီး အောက်တိုဘာမှာ စာရင်းကောက်လုပ်ငန်းပြီးရင် နိုဝင်ဘာ၊ ဒီဇင်ဘာမှာ နိုင်ငံသားစိစစ်ရေးလုပ်ငန်း ပြီးစီးအောင် ကြိုးစားရမှာပါ။ ပြီးရင် ၂၀၁၆ ခုနှစ် နှစ်ဦးသုံးလမှာ သာမန်နိုင်ငံ ကူးလက်မှတ်နဲ့ သက်သေခံလက်မှတ်တွေ ထုတ်ပေးနိုင်အောင်ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။

လက်ရှိမှာ ထိုင်းနိုင်ငံက သက်တမ်းထပ်တိုးပေးထားတဲ့ အလုပ်သမားတွေရဲ့ ခြောက်သိန်းခြောက်သောင်းမှာ အခု လေးသိန်းငါးသောင်းပဲရှိတော့တယ်။ အဲ့ဒီလေးသိန်း ငါးသောင်းက ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်မှာ သက်တမ်းကုန်သွားမယ်။ သက်တမ်းကို ထပ်တိုးပေးမှာလား၊ မတိုးပေးဘူးလား၊ ထိုင်းကနေ ထွက်ခွာရမှာလားဆိုတာ သဲသဲကွဲကွဲ မသိရသေးပါဘူး။ ဒါ့ကြောင့် မတ်လကုန်မှာ သူတို့ လက်ထဲမှာ ဒါတွေရောက်နေမှ အဆင်ပြေမှာဖြစ်တဲ့အတွက် ဒါကိုဦးတည်ပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**မေး။ ။ ဒီလို လုပ်ငန်းစဉ်အရ အထောက်အထားတွေ ရရှိဖို့ အလုပ်သမားတွေအနေနဲ့ ငွေကုန်ကြေးကျရှိပါသလား။**

ဖြေ။ ။ စာရင်းကောက်ယူတဲ့ကိစ္စမှာ စာရင်းကောက်ယူသူတွေကို မှာကြားထားပါတယ်။ ပြင်းပြင်းထန်ထန် သတိပေးတာတွေလည်း လုပ်ထားပါတယ်။ သံရုံးမှာရှိတဲ့ တာဝန်ရှိသူတွေကိုလည်း မှာကြားထားပါတယ်။ ထိုင်းနိုင်ငံမှာရှိနေတဲ့ မြန်မာအလုပ်သမားတွေကို ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီး ငွေကြေးတစ်စုံတစ်ရာ မယူရဆိုတာ မှာကြားထားပြီးဖြစ်ပါတယ်။ စာရင်းကောက်ယူပေးတဲ့အဖွဲ့က အဖွဲ့ဝင်တွေအတွက်လည်း ပြီးပြည့်စုံတဲ့ အချက်အလက်တွေ ကောက်ယူပေးရင် မြန်မာရွှေ့ပြောင်းလုပ်သားတစ်ဦးအတွက် နိုင်ငံတော်အစိုးရက အကျိုးဆောင်ခအဖြစ် ဘတ်ငွေ ၃၀ ပေးမယ်လို့ အဆိုပြုထားပါတယ်။ အလုပ်သမားတွေဆီက ငွေကြေးရယူခဲ့ရင်လည်း အရေးယူအပြစ်ပေးမယ်လို့ အသိပေးပြီးဖြစ်ပါတယ်။ ဒါကို ပြန်စစ်ဆေးနိုင်ဖို့ကို ငွေကြေးတစ်စုံတစ်ရာ ပေးဆောင်ရတဲ့ အလုပ်သမားတွေက ကျွန်တော်တို့ဆီကို တိုင်ကြားနိုင်ပါတယ်။ နောက်တစ်ခုက ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာအဖွဲ့အစည်းတွေကိုလည်း ဒီသတင်းကိုပြောပြထားပြီး မသမာမှုရှိရင် သတင်းပေးပို့ဖို့ ပြောထားပါတယ်။

**မေး။ ။ လက်ရှိ စာရင်းကောက်ယူတဲ့ အဖွဲ့မှာ ဘယ်သူတွေ ပါဝင်လဲ။**

ဖြေ။ ။ ဒီအဖွဲ့မှာ အများစုက မြန်မာတွေ။ အဖွဲ့တစ်ဖွဲ့မှာ ခုနစ်ဦးကနေ ၁၀ ဦးအထိ ပါဝင်တယ်။ ဒီထဲမှာမှ မြန်မာနိုင်ငံမှာ ရှိတဲ့ အေဂျင်စီတွေမှာ ထိုင်းကို အလုပ်သမားပို့ဖူးတဲ့ အေဂျင်စီတွေက ဘယ်နေရာမှာ ဘယ်သူတွေ ဘယ်လောက်ရှိတယ်ဆိုတာ သူတို့ သိပါတယ်။ ဒီအေဂျင်စီက လူတွေထည့်ထားတယ်။ နောက်ပြီး ထိုင်းမှာရောက်နေ့င်ပြီး နယ်မြေဒေသကျွမ်းကျင်တဲ့ အနေကြာ မြန်မာတွေနဲ့ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနကို အကူအညီတောင်းထားတယ်။ အဓိကက ထိုင်းနိုင်ငံက နောက်ဆုံးဆောင်ရွက်ခဲ့တဲ့ ယာယီအလုပ်လုပ်ကိုင်ခွင့် လက်မှတ် (ဘတ်ကတ်၊ TR-38) တွေမှာ သူတို့ပေးတဲ့ မြန်မာနာမည်ကို ထိုင်းလို အသံထွက်ပြီး အင်္ဂလိပ်လို စာလုံးပေါင်းခဲ့တော့ လဝကမှာ ပြန်စစ်ရတာလည်း တော်တော်ဒုက္ခရောက်ပါတယ်။ ဥပမာ- လှမြိုင်ကို ထိုင်းလို လမြိုင်ဆိုပြီး အသံထွက်ပြီး Hla နဲ့ မပေါင်းဘဲ La နဲ့ ပေါင်းတာမျိုး၊ မြိုင်ဆိုရင်လည်း နိုင်လို ပေါင်းလိုက်တာမျိုးပါ။ သူတို့ပြောတဲ့နေရာမှာ ဒီနာမည်ရှာမတွေ့တာဖြစ်တော့ ခက်တာပေါ့။ အခုတော့ ကိုယ့်နိုင်ငံသားတွေသွားပြီး မြန်မာလိုပြော၊ တိုင်းရင်းသားတွေဆိုလည်း ဒီတိုင်းရင်းသား ဘာသာစကားပြောနိုင်တဲ့ လူလည်းထည့်ပြီး နာမည်မှန်ဖို့တွေပါ သေချာလုပ်နေပါတယ်။

**မေး။ ။ အဓိက ပူးပေါင်းဆောင်ရွက်နေတာ ထိုင်းအလုပ်သမားဝန်ကြီးဌာနအပြင် တခြားအဖွဲ့အစည်းတွေ ပါသေးပါသလား။**

ဖြေ။ ။ အလုပ်အတူတွဲလုပ်ရတာတော့ ထိုင်းအလုပ်သမားဝန်ကြီးဌာနနဲ့ နယ်မြေခံအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းရပါတယ်။ အောက်ခြေမှာတော့ နယ်မြေခံ ရဲတပ်ဖွဲ့တွေနဲ့ ပူးပေါင်းရပါတယ်။ စာရင်းကောက်မယ့် ဒီအဖွဲ့ဝင်တွေအတွက် သူတို့သွားကတည်းက Non Immigrant Act ဆိုတဲ့ ဗီဇာရအောင် လုပ်ပေးခဲ့ပါတယ်။ ထိုင်းအလုပ်သမားဝန်ကြီးဌာနကိုလည်း ကြိုတင်ညှိနှိုင်းဆွေးနွေးထားရပါတယ်။

**မေး။ ။ အလုပ်သမားတွေဆီက ငွေကြေးတစ်စုံတစ်ရာ ကောက်ခံရင် အရေးယူမယ်လို့ အသိပေးထားပြီးဖြစ်လို့ ရှိလာရင် ပြန်တိုင်ကြားနိုင်တယ်ဆိုတာနဲ့ ပြန်တိုင်ရင် ဘာလုပ်မယ်၊ ညာလုပ်မယ်ဆိုပြီး ခြိမ်းခြောက်ပြောထားရင် တခြားနည်းနဲ့ သိနိုင်အောင် စီစဉ်ထားတာ ရှိပါသလား။**

ဖြေ။ ။ ဒါက ထိုင်းမှာရှိတဲ့ သီးခြားလွတ်လပ်တဲ့ အဖွဲ့အစည်းတွေဖြစ်တဲ့ အလုပ်သမားအဖွဲ့အစည်းတွေကိုလည်း မေတ္တာရပ်ခံထားတယ်။ ထိုင်းမှာလည်း ကြေညာထားပါတယ်။ NGO နဲ့ တခြားလူမှုအဖွဲ့အစည်းတွေကိုလည်း ဒီလိုငွေတောင်းတာမျိုးမဖြစ်အောင် အသိပေး ကြေညာထားပါတယ်။

**မေး။ ။ လက်ရှိ ထိုင်းနိုင်ငံမှာ တရားဝင်ရော၊ တရားမဝင်ပါ ရောက်ရှိနေတဲ့ မြန်မာရွှေ့ပြောင်းလုပ်သားတွေနဲ့ပတ်သက်ပြီး ဒီလိုလုပ်ငန်းစဉ်တွေမှာ ပါဝင်ဆောင်ရွက်နေတဲ့ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ ဘာများ ပြောချင်ပါသလဲ။**

ဖြေ။ ။ အရေးကြီးတာက နိုင်ငံသားစိစစ်ပြီး နိုင်ငံကူးလက်မှတ်တွေ၊ သက်သေခံလက်မှတ်တွေ ရရှိစေမယ့် ဒီလို စာရင်းကောက်ယူတဲ့ကိစ္စမှာ ငွေကုန်ကြေးကျလည်း မရှိဘဲ ကိုယ့်ရဲ့မှတ်တမ်းတစ်ခုကိုလည်း ရရှိမှာဖြစ်လို့ စိတ်သန့်သန့်ရှင်းရှင်းနဲ့ ပူးပေါင်းပါဝင်ဖို့ မေတ္တာရပ်ခံချင်ပါတယ်။ ဒါမှလည်း အထောက်အထားရမယ်။ ထိုင်းနိုင်ငံရဲ့ တည်ဆဲဥပဒေတွေကိုလည်း တတ်နိုင်သမျှ လေးစားလိုက်နာဖို့နဲ့ ဒီနေ့ခေတ်မှာ မကြာမီအနည်းဆုံး အခကြေးငွေ သတ်မှတ်လိုက်တဲ့ အပေါ်မှာ လုပ်ခလစာတွေလည်း အကြမ်းဖျင်း တစ်သိန်း အထက်မှာ ရရှိနေမယ်။ တခြားရရှိမယ့် အခွင့်အရေးတွေပါပေါင်းရင် တစ်သိန်းခွဲအထိလည်း ဖြစ်နိုင်ပါတယ်။ ထိုင်းမှာလည်း အောက်ခြေဝန်ထမ်းတွေ လက်ရှိရနေတာက နှစ်သိန်း စွန်းစွန်းပဲရှိတာမို့ ဖြစ်နိုင်ရင် ကိုယ့်နိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်လာပြီဆိုတာနဲ့ ပြန်လာပြီး အေးအေးချမ်းချမ်းလာလုပ်ဖို့ မေတ္တာရပ်ခံချင်ပါတယ်။ အဓိကပြောချင်တာက မြန်မာနိုင်ငံကနေ ဘယ်ပဲသွားသွား တရားဝင်သွားရောက်စေချင်ပါတယ်။ တရားမဝင်သွားရောက်ရင် ကူညီစောင့်ရှောက်ဖို့လည်း ခက်တယ်။ ထိုက်သင့်တဲ့ အခွင့်အရေးတွေလည်း ဆုံးရှုံးကြတယ်။ ဒါ့ကြောင့်မို့ တစ်ခုခုဖြစ်ရင်တောင် တရားမဝင်သွား ရောက်ရင် အားလုံး သိမ်ငယ်နေရပြီး ကိုယ့်ကိုယ်ကိုလည်း အများနည်းတူ စိတ်လွတ်ကိုယ်လွတ် ပျော်ပျော်ပါးပါး အလုပ်မလုပ်နိုင်ကြပါဘူး။ ဒါ့ကြောင့် တရားဝင်သွားရောက်ဖို့ တိုက်တွန်းချင်ပါတယ်။


ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေသော မြန်မာရွှေ့ပြောင်းလုပ်သားများအား နိုင်ငံသားစိစစ်ပြီး နိုင်ငံကူးလက်မှတ်နှင့် သက်သေခံလက်မှတ်များ အမြန်ဆုံး ထုတ်ပေးနိုင်ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းစဉ်များအတွက် မြန်မာရွှေ့ပြောင်းလုပ်သားများအနေဖြင့် ငွေကြေးတစ်စုံတစ်ရာ ပေးဆောင်စရာမလိုဘဲ ငွေကြေးကောက်ခံမှုများ ရှိပါက ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဦးလှထွန်း( အလုပ်သမားသံအရာရှိ) ဖုန်း-၀၀၆၆၉၄၈၈၄၅၄၈၄၊ ဦးစိုးနိုင် (အလုပ်သမားသံအရာရှိ) ဖုန်း-၀၀၆၆၈၆၇၇၄၆၈၂၅ တို့သို့လည်းကောင်း၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ ဖုန်း-၀၆၇၄၃၀၁၈၃၊ ၀၆၇ ၄၃၀၁၈၅ နှင့် အီးမေးလ် laboura- ttache.th@gmail.com၊ dolmigration@ gmail.com၊ complaint.moles @gmail.com တို့သို့ ဆက်သွယ် တိုင်ကြားနိုင်ကြောင်း သိရသည်။

# မသန်စွမ်းအားကစားသမားများ ပူးတွဲလေ့ကျင့်ရန်ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၀**

၂၀၁၅ ခုနှစ် စင်ကာပူနိုင်ငံတွင် ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည့်(၈)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိရေးအတွက် မြန်မာနိုင်ငံမသန်စွမ်းအားကစားသမားများသည် ပူးတွဲလေ့ကျင့်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဩဂုတ် ၁၈ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြရာ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး မျိုးမြင့် (ငြိမ်း)နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ အဆိုပါ ပူးတွဲလေ့ကျင့်မည့်အားကစားနည်းတွင် ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ စားပွဲတင်တင်းနစ်၊ ဂိုလ်ဘောအားကစားဖြစ်ကာ အဖွဲ့ခေါင်းဆောင် ဦးမင်းမင်းဖြိုး၊ အုပ်ချုပ်သူ ဒေါ်ခင်ဆွေအေး၊ နည်းပြ ဦးမြင့်သန်းအောင်နှင့် အားကစားသမား ၆၁ဦး တို့ သုံးလကျော် ပူးတွဲလေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



# လမ်းမတော်၊ ကမ်းနားလမ်းပေါ်၌ ၃၄ (အထူး)ယာဉ်တိမ်းမှောက်

**ရန်ကုန် ဩဂုတ် ၂၀**

ဩဂုတ် ၂၀ ရက် နံနက် ၆ နာရီ ၁၅ မိနစ်ခန့်က ကမ်းနားလမ်း (ကတ္တရာလမ်း)ပေါ်၌ ခရီးသည်တင်ယာဉ်နှစ်စီး အပြိုင်မောင်းနှင်ရာမှ ရန်ကုန် အနောက်ပိုင်းခရိုင်၊ လမ်းမတော်မြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ (၆)လမ်းထိပ်အရောက်တွင် ခရီးသည်တင် ၃၄(အထူး) 2C/--- မှာ ကမ်းနားလမ်းပေါ်၌ ဘေးစောင်းမှောက်လျက် တိမ်းမှောက်မှုဖြစ်ခဲ့သည်။

၃၄(အထူး)ခရီးသည် ယာဉ်ပေါ်၌လိုက်ပါလာသည့်ခရီးသည် ဦးမောင်ဝင်းက "သီရိမင်္ဂလာဈေး မှတ်တိုင်ကတည်းက လိုက်လာတာ ၄၂ ကားနဲ့ အပြိုင်မောင်းလာရာက ကီလီမှတ်တိုင်အလွန်မှာ ပိုအရှိန်များလာတယ်။ အဲဒီနောက်မထိန်းနိုင်တော့တဲ့အတွက် လမ်းဘေးမှာရပ်ထားတဲ့ ကားတွေကိုတိုက်ပြီး အခုလိုဘေးစောင်းမှောက်သွားတာပဲ"ဟု ပြောသည်။

၄င်းကိုယ်တိုင် ခြေထောက်နှင့် လက်တွင်အနည်းငယ်ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာများသော ခရီးသည်သုံးဦး၊ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့အရေးပေါ် လူနာဖြင့်ခေါ်ဆောင်သွားကြောင်းသိရသည်။

၃၄(အထူး)ယာဉ်တိုက်မှုကြောင့် ကမ်းနားလမ်း ညာဘက်အခြမ်းတွင် ညအိပ် ရပ်နားထားသော ကိုယ်ပိုင်ယာဉ်လေးစီးပျက်စီးမှုဖြစ်ပွားခဲ့သည်။ ယာဉ်ကို မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့အား ယာဉ်အမှုစစ်က စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သျှင်ဝင်းသျှင်**



## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၂၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးပိုလာမည်။ **(မိုး/ဇလ)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ ဩဂုတ် ၂၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်း ဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးရွာသွန်းနိုင်သည်။ ရွာရန်နှုန်းပြည့်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသောအစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သော အစားအသောက်များ၌ သုံးစွဲရန် ခွင့်မပြုသောဆိုးဆေးနှင့် ဓာတုပစ္စည်းများပါဝင်ခြင်းကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော ဓာတုဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(က) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**အမှတ်တံဆိပ်နှင့် အစားအသောက်အမျိုးအစားများ**

| စဉ် | အစားအသောက်အမည် | အမှတ်တံဆိပ် | ခွင့်မပြုဆိုးဆေး/ ဓာတုပစ္စည်းပါဝင်မှု |
|---|---|---|---|
| ၁။ | ပဲကြီးလှော် | ခိုင်သဇင် | Auramine O |
| ၂။ | ပဲငါးပိ | လားရှိုးစပါယ်ရှယ် | Sudan III |
| ၃။ | ငရုတ်အရောင်တင်မှုန့် | ရွှေဟင်္သာ | Rhodamine B |
| ၄။ | ပဲကြီးလှော် | လေးထီ | Auramine O |
| ၅။ | လက်ဖက် | ပွင့်ဦး | Auramine O |
| ၆။ | ငရုတ်အရောင်တင်မှုန့် | ရွှေလမင်း | Sudan III |
| ၇။ | ငရုတ်အရောင်တင်မှုန့် | ဗိုလ်မ | Sudan III |
| ၈။ | ပဲကြီးလှော် | ခင်မမ | Auramine O |
| ၉။ | ပဲကြီးလှော် | ငွေပလောင် | Auramine O |
| ၁၀။ | ပဲကြီးလှော် | ကြိုးရှမ်း | Auramine O |
| ၁၁။ | ဆီတို့ဟူး | မြင်းပျံ | Salicylic Acid |
| ၁၂။ | ငါးပိ | ရတနာ | Rhodamine B |
| ၁၃။ | ငါးပိ | ရွှေပုစွန် | Rhodamine B |
| ၁၄။ | လက်ဖက် | ဟင်္သာညီနောင် | Auramine O |
| ၁၅။ | လက်ဖက် | ရှမ်းမကြီး | Auramine O |
| ၁၆။ | ခေါက်ဆွဲခြောက် | ဦးဦး | Borax |
| ၁၇။ | လက်ဖက်ရိုးရိုး | စိုးမိုးအောင် | Auramine O |
| ၁၈။ | ငရုတ်သီးအရောင်တင်မှုန့်(အပွ) | ရွှေပင်ဆင့် | Sudan III |
| ၁၉။ | ပဲကြီးလှော် | မွှေးမွှေးလှိုင် | Auramine O |
| ၂၀။ | တုတ်ထိုးချိုချဉ်(စပရိန်ပုံ) | ဘားမားဆန်း | Rhodamine B |
| ၂၁။ | တုတ်ထိုးချိုချဉ်(ငရုတ်သီးပုံ) | ဘားမားဆန်း | Rhodamine B |
| ၂၂။ | ဝေဖာလုံး | သိန်းသန်းကျော် | Rhodamine B |
| ၂၃။ | ငါးဖယ်ချဉ် | စုမြတ် | Rhodamine B |
| ၂၄ | အာနီလျှာနီ | အမှတ်တံဆိပ်မပါ (ရုပ်ပုံပါ) | Rhodamine B |
| ၂၅။ | ဂျင်းလက်ဖက် | ရွှေမိုး | Auramine O |
| ၂၆။ | ဆီတို့ဟူး | ကျောက်နီ | Salicylic Acid |
| ၂၇ | အရောင်တင်မှုန့် | ရဲသီဟ | Sudan III |

**ကျန်းမာရေးဝန်ကြီးဌာန**

**စားသုံးရန်မသင့်သည့်ကုန်ပစ္စည်းအချို့**



ငရုတ်အရောင်တင်မှုန့်



လက်ဖက်



ပဲလှော်



ငါးပိ


## ကွက်ကျန် ဈေးမြေရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်၊ သုဝဏ္ဏ၊အောင်ဇေယျ (၈)လမ်း၊လမ်းသွယ်(၂)၊ ၄၀×၆၀(ဂရန်မြေ)၊ **သိန်း(၂၂၀၀)**

**ဆက်သွယ်ရန်ဖုန်း-၀၁-၂၅၃၂၈၂၊၀၁-၃၈၀၇၄၆၊**

**၀၉-၄၃၁၇၃၄၈၈**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၈-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၄)ပါ Ministry of Energy, Myanma Petrochemical Enterprise ကြော်ငြာတွင် ခေါင်းစဉ်စာသားအား Invitation Tenders for Consultancy and Advisory Services for Five Joint Venture Projects ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မျိုးမင်းစိုး ၁၂/အလန(နိုင်)၀၄၁၀၉၉ ၏ CDC(91213) စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၁၉၀၁၃

**ဥတုရာသီ တောကိုမှီ**

**အောင်ပြည့်စုံ**

ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။

09-5232770
09-5134770




## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ ချောင်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၉၉၀)၊ ချောင်းသာကွင်း ဦးပိုင်အမှတ်(အထူး ဃ/ ၃က)ဧရိယာ ၀.၁၁၁၃ဧကရှိမြေအား ဦးကျော်ကျော်နိုင်(ခ)ဦးအောင်ကျော်ကျော်နိုင်က မြေငှားဂရန်(အသစ်)များချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

**Y.E.S.** Since 1994
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)
**International English Language Centre**

Basic Spoken English
Mon to Thurs-5:30-7:00 pm 3 Aug
Sat & Sun - 9:00-12:00 am 8 Aug
Mon to Thurs-7:30-9:30 am 10 Aug
Mon to Thurs-10:00-12:00am 10,24Aug
Sat & Sun - 12:30-3:30 pm 15 Aug
MontoThurs 1:00-3:00-5:00pm 17,24Aug
Mon to Thurs-7:30-9:30 am 24 Aug

Pre-Intermediate English
Mon to Thurs-10:30-12:30 am 10 Aug
Sat & Sun - 12:30-3:30 pm 22 Aug
MontoThurs 1:00-3:00pm 24 Aug
Mon to Thurs-5:00-7:00 pm 24 Aug

Intermediate English
Mon to Thurs-1:00-3:00 pm 10 Aug

Grammar Foundation Course
Sat & Sun - 9:00-12:00am 15 Aug
Mon to Thurs - 1:00-2:30 pm 31 Aug
Mon to Thurs - 3:30-5:00 pm 31 Aug

Structure & Written Expression
Mon to Thurs-4:00-5:30pm 3 Aug
Mon to Thurs-5:30-7:00pm 10 Aug
Sat & Sun - 3:30-6:30pm 15 Aug
Mon to Thurs - 1:00-3:00 pm 24 Aug

Basic Writing Course
Sat & Sun - 12:30 - 3:30 pm 8 Aug

TOEFL,SAT,IELTS,API,AWC,VEC

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၈-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၄)နှင့် ၂၀-၈-၂၀၁၅ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၅)ပါ နေ့စားလပေးမှုလတန်းပြဆရာ ဆရာမများခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း ကြော်ငြာ အပိုဒ် ၁။ (ဂ) မှ M.A,M.Sc ဘွဲ့ရရှိသူများ အသက်(၃၅) နှင့်အထက်အစား အသက်(၃၅)နှစ်နှင့်အောက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**ပျောက်ဆုံးကြောင်း**

ကိုကျော်မင်းလတ်၏ နိုင်ငံကူးလက်မှတ် M.110275 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၉၁၉၀၀၉၃

# အသည်းရောင်အသားဝါ ဘီရောဂါ ကုလို့ရပါပြီ

အပိုင်း (၆)

**၂၀၁၅ ခုနှစ် မတ်လထုတ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ ဘီရောဂါ ကာကွယ်စောင့်ရှောက်ရေးနဲ့ ဘီပိုးနာတာရှည်ပိုး သယ်ဆောင်သူများအား ကုသရေးလမ်းညွှန်စာအုပ်ကို မှီငြမ်းပြီး အသည်းရောင်အသားဝါဘီပိုးအကြောင်း ရေးနေပါတယ်။**

**ပါမောက္ခ ခင်မောင်ဝင်း(အသည်း)**

### ဘီပိုးကုနည်းလမ်းညွှန်

ရောဂါတွေကို ကုတဲ့အခါမှာ ဘယ်လိုကုသင့်တယ်ဆိုတာကို လမ်းညွှန်မှုပေးတာတွေကို အင်္ဂလိပ်လို (Clinical practice guidelines) လို့ ခေါ်ပါတယ်။

အဲဒီတော့ အသည်းရောင်အသားဝါ ဘီရောဂါပိုးကို ဘယ်လို ကုရမယ်ဆိုတာကို (Clinical practice guidelines for the treatment of chronic Hepatitis B) ဆိုပြီး ရေးသားထုတ်ဝေကြပါတယ်။ အဓိကအားဖြင့် ကမ္ဘာပေါ်မှာ အဲဒီလို guidelines တွေကို ထုတ်ပြန်တာဟာ အသည်းရောဂါ အဖွဲ့လေးခုက ဖြစ်ပါတယ်။ အဲဒီအသည်းရောဂါအဖွဲ့တွေကတော့-

(က) အမေရိကန် အသည်းရောဂါအဖွဲ့ (American Association of the Study of Liver Disease- AASLD)

(ခ) ဥရောပ အသည်းရောဂါအဖွဲ့ (European Association for the Study of Liver- EASL)

(ဂ) အာရှပစိဖိတ် အသည်းရောဂါအဖွဲ့ (Asia Pacific Association for the Study of Liver -APASL)

(ဃ) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization – WHO) တို့ ဖြစ်ပါတယ်။

ဒီလိုအဖွဲ့အစည်း အသီးသီးကနေပြီး အသည်းရောင်အသားဝါ ဘီရောဂါပိုးကို ဘယ်လိုကုရမယ်ဆိုတာ လမ်းညွှန်မှု (guidelines)တွေ ထုတ်ကြပါတယ်။

မြန်မာနိုင်ငံ အစာအိမ်အူလမ်းကြောင်းနဲ့ အသည်းရောဂါအဖွဲ့အနေဖြင့်လည်း ၂၀၁၃ ခုနှစ်မှာ အသည်းရောင်အသားဝါ ဘီရောဂါကုနည်း လမ်းညွှန် (2013 Clinical Practice guidelines for the treatment of chronic hepatitis B) ဆိုပြီး ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီ မြန်မာလမ်းညွှန်စာအုပ် ထွက်လာဖို့ မြန်မာပြည်မှာရှိတဲ့ အသည်းရောဂါ ဆရာဝန်အသီးသီး အကြိမ်ကြိမ်စုပေါင်းဆွေးနွေးပြီး နောက်ဆုံး final draft လို့ခေါ်တဲ့ မူကြမ်းရလာတဲ့အခါမှာ အစာအိမ်ရောဂါအထူးကုတွေ၊ အသည်းရောဂါအထူးကုတွေ၊ အထွေထွေအထူးကုဆရာဝန်ကြီးတွေ တစုတစည်း အစည်းအဝေးကြီးခေါ်ကာ အများရှေ့မှာချပြပြီး စုပေါင်းဆွေးနွေးအတည်ပြုဆုံးဖြတ်ပြီး ထုတ်လုပ်ခဲ့တာပါ။




**Myanmar Guidelines**

အဲတော့ ပြန်ပြောရမယ်ဆိုရင် အသည်းရောင်အသားဝါ ဘီရောဂါကုထုံး (guidelines) တွေ

(က) AASLD Guidelines (အမေရိကန် လမ်းညွှန်)

(ခ) EASL Guidelines (ဥရောပလမ်းညွှန်)

(ဂ) APASL Guidelines (အာရှပစိဖိတ် လမ်းညွှန်)

(ဃ) Myanmar Guidelines (မြန်မာလမ်းညွှန်)

ဒီ Guidelines တွေအားလုံးရဲ့ အခြေခံကိုခြုံပြီး ဘီပိုးနာတာရှည်သယ်ဆောင်ထားသူတွေကို ဘယ်သူ့ကို ကုရမလဲ၊ ဘယ်သူ့ကို မကုရဘူးလဲဆိုတဲ့ အချက်အလက် လမ်းညွှန်မှုတွေကို ပြောပြချင်ပါတယ်။

### နာတာရှည်ဘီပိုးသယ်ဆောင်ထားသူတွေ ဘယ်သူတွေကို ကုရမလဲ

- လူကြီး၊ လူငယ်၊ ကလေး ဘယ်သူ့မှာမဆို အသည်းခြောက်နေပြီဆိုရင် ဘီပိုးသေဆေးနဲ့ မဖြစ်မနေ ကုရပါမယ်။
- အသည်းပျက်နှုန်းတွေ၊ ပိုးကောင်ရေတွေ ဘာတွေကို ကြည့်မနေပါနဲ့
- အသည်းခြောက်တဲ့ လက္ခဏာတွေ့ပြီဆိုတာနဲ့ ဘီပိုးသေဆေးနဲ့ ကုရပါတော့မယ်။
- ဘီပိုးတော့ရှိတယ်။ ဒါပေမယ့် အသည်းခြောက်တဲ့ လက္ခဏာတွေ မရှိဘူးဆိုတဲ့ လူတွေရောက်တော့ ဘီပိုးသေဆေးပေးဖို့ဆိုတာ-
  - ❍ အသည်း အင်ဇိုင်းတွေဖြစ်တဲ့ ALT ဟာ သုံးလဆက်တိုက် မြင့်နေတယ်ဆိုရင်
  - ❍ ပြီးတော့ ဘီပိုးအကောင်အရေအတွက်ဟာလည်း ၂၀၀၀၀ ထက် များနေရင် ဆိုတဲ့ အချက်အလက်တွေနဲ့ ကိုက်ညီရပါမယ်။

### ဘီပိုးရှိပေမယ့် ဘီပိုးသေဆေးနဲ့ မကုသင့်သေးတဲ့သူတွေ

- ဘီပိုး သေဆေးမပေးသင့်တဲ့သူတွေကတော့-
  - ❍ အသည်းခြောက်တဲ့ လက္ခဏာမရှိတဲ့သူတွေ၊
  - ❍ သွေးကိုစစ်ကြည့်လိုက်လို့ အင်ဇိုင်းဖြစ်တဲ့ ALT ဟာ တစ်လျှောက်လုံးမှာ normal ဖြစ်နေပြီး လုံးဝမတက်ဘူးဆိုရင်၊
  - ❍ HBV DNA ဆိုတဲ့ ဘီပိုးအကောင်အရေအတွက်ဟာ ၂၀၀၀ အောက်ဆိုရင်

ဒီ Guidelines လမ်းညွှန်မှုတွေအားလုံးဟာ ဘီပိုးသေဆေးပေးဖို့ဆိုတာ အဓိကထားတာကို ပြန်ပြောရမယ်ဆိုရင်တော့-

(က) အသည်းခြောက်ရမယ်

(ခ) အသည်းအင်ဇိုင်း ALT ဟာ ပုံမှန်ထက် နှစ်ဆများရပါမယ်။

ဆိုတဲ့ အချက်နှစ်ချက်နဲ့ ကိုက်ညီရပါမယ်။

ဒါပေမယ့်လည်း စဉ်းစားစရာ အချက်တစ်ခုကတော့ အဲဒီလို ကုသင့်မကုသင့် စဉ်းစားတဲ့အခါမှာ အဓိကထားတဲ့ အချက်တွေထဲမှာ ဘီပိုးအကောင်အရေအတွက် အနည်းအများဆိုတာ မပါပါဘူး။

### ဘီပိုးအကောင်အရေအတွက်များလေ အသည်းကင်ဆာဖြစ်နိုင်လေ


အထက်မှာ ရေးထားသလို ဘီပိုးကုသရာမှာ ဘီပိုးအကောင်အရေ အနည်းအများကို ထည့်သွင်းမစဉ်းစားပါဘူး။ ဒါပေမယ့်လည်း ဘီပိုးကောင်အရေအတွက်များရင်တော့ အသည်းခြောက်နိုင်တယ်၊ အသည်းကင်ဆာ ပိုပြီးဖြစ်နိုင်တယ်ဆိုတာကို သိပ္ပံပညာရှင်တွေက သေသေချာချာလေ့လာပြီး ပုံနှိပ်ထုတ်ဝေထားတာပါ။

### လမ်းညွှန်မှု (guidelines) တွေက ဘာပဲပြောပြော

ဒါကြောင့်မို့လို့ ဘီပိုးသေဆေးနဲ့ ကုတဲ့အခါမှာ လမ်းညွှန်တွေက ဘာပဲပြောပြော ဘီပိုးအကောင်အရေအတွက်များရင် ဘီပိုးသေဆေးနဲ့ ကုရမယ်ဆိုတဲ့ အယူအဆတွေဟာ ခေတ်စားလာပါတယ်။

**(နောက်အပတ်မှာတော့ ဘီပိုးအကြောင်း သိကောင်းစရာများကို ဆက်လက်ရေးပြသွားပါမယ်။)**

**ဘီပိုးအကောင်အရေအတွက်နဲ့ အသည်းခြောက် အသည်းကင်ဆာဖြစ်နှုန်း**




## ကျေးလက်လူငယ်စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် ကျေးလက်လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေး(ဆင့်ပွား)သင်တန်းများကို သင်တန်းသား ၅၀ ဖြင့် ပျဉ်းမနားမြို့၊ လယ်ဝေးမြို့နှင့် ဇမ္ဗူသီရိမြို့နယ်တို့တွင် သင်တန်းလေးခုကို တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲကို နေပြည်တော်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်နှင့် ခရိုင်ကျေးလက်ဦးစီး၊ မွေး/ကုဦးစီး၊ ငါးလုပ်ငန်းဦးစီး၊ စိုက်ပျိုးရေးဦးစီးတို့မှ ခရိုင်/မြို့နယ်ဦးစီးမှူးများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ လေးရက်ဖြစ်ကာ ဦးစီးဌာနများအလိုက် ဘာသာရပ်များ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(မွေးရေ/ကျေးလက်)**



**မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်ရှိ ကတ္တရာလမ်းပေါ်မှ နုံးညွှန်များကို ဩဂုတ် ၁၈ ရက်က ကိုဂျပ်ပြားဦးဆောင်သော လူငယ်အဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ထွန်စက်ကြီးများဖြင့် ရှင်းလင်းဆောင်ရွက်စဉ်။** ဖေထွဏ်းဇော်(ရေစကြို)

## ရေဘေးသင့်ဒေသများရှိ မွေးမြူရေးခြံများ၊ လုပ်ငန်းရှင်များ၏ ထိခိုက်နစ်နာမှုစာရင်း ကောက်ခံလျက်ရှိ

**စစ်ကိုင်း ဩဂုတ် ၂၀**

ယခုနှစ် ဇူလိုင်လလယ်ပိုင်းက မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၉ မြို့နယ်ရှိကျေးရွာ ၃၁၄ ရွာသို့ နေပြည်တော်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်၍ စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး၊ ဝန်ထမ်းများနှင့် Test Force အဖွဲ့များက ရေဘေးလွတ်ရာသို့ ကျွဲ၊ နွားများ ပြောင်းရွှေ့ပေးခြင်း၊ ကာကွယ်ကုသပေးခြင်း၊ မကျန်းမာသည့် တိရစ္ဆာန်များကို ဆေးကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း မုံရွာခရိုင် မွေးမြူရေးနှင့် ကုသရေး ဦးစီးမှူး ဒေါက်တာမျိုးချစ်ထံမှ သိရသည်။

ရေကြီးရေလျှံမှု စတင်ဖြစ်ပွားသောနေ့မှ ဩဂုတ် ၁၂ ရက်အထိ ကျွဲ၊ နွား ၄၀၈၂၃ ကောင်ကို လည်ချောင်းကွဲရောဂါကာကွယ်ဆေး၊ ပေါင်ပုပ်လက်ပုပ် ရောဂါကာကွယ်ဆေး၊ ဒေါင့်သန်းရောဂါကာကွယ်ဆေးနှင့် အအေးမိထိခိုက်ဒဏ်ရာရရှိသော ကျွဲ၊ နွားများကို ကုသပေးထားကြောင်း သိရသည်။

ထို့ပြင် ဝက် ၁၄၂၂ ကောင်ကိုလည်း ဝက်ဝမ်းကျရောဂါကာကွယ်ဆေး၊ ဝက်လည်ချောင်းကွဲရောဂါကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ပြီး မကျန်းမာသောနွား ၄၀၂ ကောင်နှင့် ဝက် ၄၂၄ ကောင်ကို ဆေးကုသပေးခဲ့ကြောင်း သိရသည်။

မွေးမြူရေးနှင့် ကုသရေးရုံးချုပ် (နေပြည်တော်)တာဝန်ရှိ ဒုတိယညွှန်ကြားရေးမှူးရုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး ခရိုင်၊ မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး ရေကြီးနစ်မြုပ်သောဒေသရှိ ထိခိုက်သေဆုံးခဲ့သော ကျွဲ၊ နွား၊ ဝက်နှင့် ကြက်အကောင်ရေများနှင့် လုပ်ငန်းရှင်များ၏ ဆုံးရှုံးနစ်နာမှုစာရင်းများ အတိအကျရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ရေကြီးရေလျှံမှု ဖြစ်ပွားသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ဩဂုတ် ၁၂ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ထားသောစာရင်းများအရ ကျွဲ ၂၅ ကောင်၊ နွား ၁၄၉ကောင်၊ ဝက် ၄၁၇ ကောင်နှင့် ကြက် ၈၃၈၇၅ ကောင် သေဆုံးခဲ့ရာ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၂ ဒသမ ၉ သန်းခန့်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**

# ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချရေးအစ စာသင်ကျောင်းက

**ကြူကြူရွှေ(အမှတ်-၃ အခြေခံပညာဦးစီး)(ငြိမ်း)**



**ကလေးမြို့ပေါ်ရှိ ရေဘေးသင့်စာသင်ခန်းတစ်ခုအား ရွှံ့နွံများတင်ကျန်နေခြင်းကို ပရဟိတအဖွဲ့များက ရှင်းလင်းဖယ်ရှားပေးစဉ်။**

လွန်ခဲ့သော ဆယ်စုနှစ်ကစ၍ ကမ္ဘာတစ်လွှား ဘေးအန္တရာယ်ကျရောက်မှု အကြိမ်နှုန်းနှင့် ပြင်းထန်မှုပိုမိုမြင့်တက်လာခဲ့ပြီး စီးပွားရေး၊ လူမှုရေး၊ အသက်အိုးအိမ်၊ ဥစ္စာများ ကြီးမားစွာပျက်စီးဆုံးရှုံးခဲ့ရပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအပါအဝင် အာရှနှင့်ပစိဖိတ်ဒေသများသည် ပထဝီဝင်၊ စီးပွားရေး၊ လူမှုရေးအနေအထားအရ ဘေးအန္တရာယ်အများဆုံး ကြုံတွေ့ရသည့်ဒေသ ဖြစ်ပါသည်။ ကမ္ဘာ့လူအသေအပျောက်အများဆုံး ဘေးအန္တရာယ်များ၏ သုံးပုံတစ်ပုံသည် အဆိုပါဒေသများတွင် ဖြစ်ပွားခဲ့ပါသည်။

မိမိတို့မြန်မာနိုင်ငံသည် ဆိုင်ကလုန်း၊ မြေငလျင်၊ ရေလွှမ်းမိုးခြင်း၊ မုန်တိုင်းဒီရေမြင့်တက်ခြင်း၊ မိုးခေါင်ခြင်း၊ ဆူနာမီရေလှိုင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များနှင့် မီး၊ မြေမြှုပ်မိုင်း၊ ပဋိပက္ခအစရှိသော လူတို့ကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များ ဖြစ်ပွားလေ့ရှိသည်။ ရေဘေးမှာ ဖြစ်ပွားမှုအများဆုံး ဘေးအန္တရာယ်ဖြစ်ပါသည်။

ဘေးအန္တရာယ်အများစုသည် မမျှော်လင့်ဘဲ ဖြစ်တတ်ပါသည်။ ကြိုတင်ပြင်ဆင်ခြင်းဖြင့် ဆုံးရှုံးမှုများကို လျော့နည်းသက်သာစေပါသည်။ ကြိုတင်ပြင်ဆင်ရေးအတွက် တစ်ကျပ်ရင်းနှီးမြှုပ်နှံပါက ပြန်လည်ထူထောင်ရာတွင် ကုန်ကျမည့်ခုနစ်ကျပ်ကို သက်သာစေသည်ဟု ဆိုပါသည်။ ထို့ကြောင့် ပညာရေးကဏ္ဍတွင် ဘေးအန္တရာယ်လျှော့ချရေး အစီအစဉ်များ (Disaster Risk Reduction-DRR) ကို ပေါင်းစပ်ထည့်သွင်းရန်လိုပါသည်။

ကလေးများသည် အိပ်စက်နားနေချိန်မှလွဲ၍ ကျန်အချိန်များ၏ ၅၀ ရာခိုင်နှုန်းသည် ကျောင်းတွင်ရှိနေကြသည်။ ထို့ကြောင့် ကျောင်းများဘေးကင်းလုံခြုံပြီး ခုခံနိုင်စွမ်းရှိသည့် ကျောင်းများဖြစ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ၂၀၀၆-၂၀၀၇တွင် ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ချရေးနည်းဗျူဟာအဖွဲ့ (UN- ISDR)က ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချရေးအစ စာသင်ကျောင်းက ( Disaster Risk Reduction Begins at Schools ) ဟူသော ဆောင်ပုဒ်ကြွေးကြော်သံဖြင့် ဘေးကင်းလုံခြုံ၍ခုခံနိုင်စွမ်းရှိသည့် စာသင်ကျောင်းများဖြစ်ရေးအတွက် စည်းရုံးလှုံ့ဆော်ခဲ့ပါသည်။

**ရည်ရွယ်ချက်မှာ-**

- အခြေခံပညာမူလတန်း/ အလယ်တန်း/ အထက်တန်းအဆင့် သင်ရိုးထဲတွင် ဘေးအန္တရာယ် ဖြစ်နိုင်ခြေလျှော့ချရေး ဗဟုသုတများထည့်သွင်းရန်
- ကျောင်းများကို ဘေးအန္တရာယ်လျှော့ရေး (DRR) အရင်းအမြစ်ဌာနများ ဖြစ်လာစေရန်
- ဘေးဒဏ်ခံနိုင်ရည်ရှိသော ကျောင်းပုံစံဒီဇိုင်း ရေးဆွဲသတ်မှတ်ခြင်း၊ ပြင်ဆင်ဆောက်လုပ်ခြင်းနှင့် ကျောင်းများခိုင်မာတောင့်တင်းမှုကို မြှင့်တင်ရန် ဖြစ်ပါသည်။

ကျောင်းသားလူငယ်လေးများသည် ဘေးအန္တရာယ်ခုခံနိုင်စွမ်းအနည်းဆုံး(The Most Vulnerable Persons) ဖြစ်ပါသည်။ သို့သော် ၄င်းတို့ကို ဘေးအန္တရာယ်လျှော့ချရေး အစီအစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ခွင့်ပေးပါက ၄င်းတို့ကိုယ်တိုင်နှင့် ရပ်ရွာလူ့အဖွဲ့အစည်း ဘေးအန္တရာယ်လျှော့ချရေးနှင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ပါသည်။

DRR ကိုယ်စားလှယ်ကျောင်းသားလေးများသည် -

- ❂ ဘေးကင်းလုံခြုံမှုနှင့် ခုခံနိုင်စွမ်းတိုးတက်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်သူ နောက်မျိုးဆက်သစ်များဆီသို့ ဘေးအန္တရာယ်လျှော့ချရေးအသိ လက်ဆင့်ကမ်းပေးနိုင်သူ
- ❂ ကျောင်းကရသည့် ဘေးအန္တရာယ် လျှော့ချရေးအသိကို အိမ်ရှိလူကြီးမိဘနှင့် ရပ်ရွာလူ့အဖွဲ့အစည်းသို့ လက်ဆင့်ကမ်းပေးနိုင်သူ
- ❂ အခြားသက်တူ၊ ရွယ်တူကလေးများကို ဘေးအန္တရာယ်လျှော့ချရေးအသိ လက်ဆင့်ကမ်းပေးနိုင်သူများ ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ကျောင်းသားလူငယ်လေးများကို ဘေးအန္တရာယ်လျှော့ချရေးအသိပညာပေးပါက မျိုးဆက်သုံးဆက်ကို ပညာပေးခြင်းဟု ယူဆနိုင်ပါသည်။

အင်္ဂလန်နိုင်ငံမှ ခုနစ်တန်းကျောင်းသူကလေး တီလီစမစ် (Tilly Smith)သည် မိဘများနှင့်အတူ ထိုင်းနိုင်ငံ ဖူးခက်အပန်းဖြေစခန်းသို့ လည်ပတ်စဉ် ၂၀၀၄ ခုနှစ် အိန္ဒိယသမုဒ္ဒရာ ဆူနာမီဖြစ်ပွားသည်။ ဆူနာမီအကြောင်းကို သူ၏ပထဝီဝင်ဆရာ သင်ကြားပေးလိုက်၍ ဆူနာမီဖြစ်ပွားတော့မည်ကိုသိရှိပြီး သူတို့မိသားစုနှင့် ကျန်လူ ၁၀၀ခန့်သည် ဘေးကင်းလုံခြုံသောနေရာကို တိမ်းရှောင်နိုင်၍ အသက်ချမ်းသာရာရပါသည်။

ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှု၏သော့ချက်ဖြစ်သည်။ ပညာရေးနှင့် အသိပညာဗဟုသုတများသည် လူတို့၏အသက်များကို ကယ်တင်နိုင်ပါသည်။ (Education and Knowledge have the Power to Save Lives) ဟု ဆိုရိုးအတိုင်း ပညာရေးကဏ္ဍတွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချရေးအစီအစဉ် (Disaster Risk Reduction-DRR) တို့ကို ပေါင်းစပ်ထည့်သွင်းရန်လိုသည်။

ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (Unicef)နှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး တွဲဖက်သင်ရိုးညွှန်းတမ်း၊ ဘဝတွက်တာကျွမ်းကျင်စရာ (Life Skill) တွင် ဘေးအန္တရာယ်လျှော့ချရေးသင်ခန်းစာများကို ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးတို့တွင် ထည့်သွင်းပြဌာန်းခဲ့ပါသည်။ ကျောင်းသင်ရိုးတွင် ယခုထက်ပိုမိုပြီး ထည့်သွင်းပြဌာန်းရန်လိုပါသည်။ ထို့အပြင် ဘေးဒဏ်ခံရခြင်း၊ နေရာပြောင်းရွှေ့ခံရခြင်းတို့ကြောင့် စိတ်ထိခိုက်ခံစားနေရသော ကလေးများအတွက် လူမှုစိတ်ပိုင်းကူညီပံ့ပိုးမှု (Psycho Social Support)ကို နာဂစ်ဒဏ်ခံမြို့နယ်များမှ ဆရာများကို သင်တန်းပို့ချပေးခဲ့ပါသည်။

နာဂစ်အလွန်တွင် ပညာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) တို့ပူးပေါင်းပြီး ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချရေး (DRR)ပညာပေးစာစဉ်များနှင့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိသော မြို့နယ်များမှဆရာများကို ဖိတ်ကြား၊ သင်ကြားပို့ချခဲ့ပါသည်။ NGO နှင့် INGO စသည့် လူမှုအဖွဲ့အစည်းများဖြစ်ကြသည့် မင်္ဂလာမြန်မာ၊ World Vision နှင့် Save The Children တို့ကလည်း မြို့နယ်အချို့တွင် တိုးချဲ့ပို့ချပေးခဲ့သည်။ ထို့ကြောင့် ဘေးအန္တရာယ်လျှော့ချရေး (DRR) ပညာပေးရေးအစီအစဉ်ကို တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးရန်လိုပါသည်။ နောင်ရေရှည်အတွက် ဆရာအတတ်သင် ကျောင်းများနှင့် ပညာရေးတက္ကသိုလ်များတွင် ဘေးအန္တရာယ်လျှော့ချရေး (DRR) ပညာပေးအစီအစဉ်များကို သင်ရိုးများတွင် ထည့်သွင်းသင်ကြားပေးသင့်သည်။

ယခုအချိန် ဘက်စုံလွှမ်းခြုံသော အခြေခံပညာကဏ္ဍ ပြန်လည်သုံးသပ်ခြင်း (Comprehensive Basic Eductaion Sector Review- CESR) ပြုလုပ်နေချိန်ဖြစ်၍ အခွင့်ကောင်း၊ အခါကောင်း ဖြစ်ပါသည်။ ကျောင်းသင်ရိုးတွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချရေး ပညာပေးသင်ခန်းစာများကို ပိုမိုတိုးချဲ့ပြဌာန်းနိုင်ပါသည်။

ပညာရေးသည် လူ့အခွင့်အရေးဖြစ်ပါသည်။ သာမန်အချိန်မှာသာမက အရေးပေါ်ကာလတွင်လည်း ပညာသင်ကြားရေး ပြတ်တောက်မှုမရှိစေရန် အလွန်အရေးကြီးသည်။ အုပ်ချုပ်သူများ၊ ရပ်ရွာလူကြီးများ၊ ဆရာဆရာမများသည် အပြည်ပြည်ဆိုင်ရာ ပညာရေးအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်များကိုသိရှိပြီး အရေးပေါ်ကာလစီမံချက် (Contingency Plan)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။

ဘေးကင်းလုံခြုံပြီး ခုခံနိုင်စွမ်းရှိသည့် ကျောင်းများဖြစ်လာစေရေးအတွက် ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ဘေးအန္တရာယ်လျှော့ချရေးစီမံခန့်ခွဲမှုကော်မတီများဖွဲ့စည်းကာ စီမံချက်ရေးဆွဲခြင်း၊ လအလိုက်လုပ်ငန်းပြက္ခဒိန်ရေးဆွဲခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါသည်။ အောက်တိုဘာလ ၁၃ ရက်နေ့သည် ကမ္ဘာ့ဘေးအန္တရာယ်လျှော့ချရေးနေ့ဖြစ်ပါသည်။ ထိုနေ့ကျရောက်သည့် သီတင်းပတ်ကို ဘေးအန္တရာယ်လျှော့ချရေး သီတင်းအပတ်အဖြစ် သတ်မှတ်ပြီး လှုပ်ရှားမှုများ ပြုလုပ်နိုင်ပါသည်။ တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုအားပေးခြင်းဖြင့် မဖြစ်မနေဆောင်ရွက်ရန် တွန်းအားပေးနိုင်ပါသည်။

ပညာရေးသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု၏ သော့ချက်ဖြစ်ပါသည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုအတွက် ပညာရေး (Education For Sustainable Development) ကို ကမ္ဘာနှင့်အဝန်းနိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဘေးအန္တရာယ်များသည် ပညာရေးကို များစွာထိခိုက်ပြတ်တောက်စေပါသည်။ သို့ပါ၍ ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချရေး (DRR)ကို ပညာရေးကဏ္ဍတွင် ချိတ်ဆက်အကောင်အထည်ဖော်ရန် အရေးကြီးပါသည်။ သို့ပါ၍ "ဘေးအန္တရာယ်လျှော့ချရေးအစ စာသင်ကျောင်းက" ဆိုသည့် ကြွေးကြော်သံဖြင့် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြပါစို့ဟု နှိုးဆော်တိုက်တွန်း တင်ပြအပ်ပါသည်။

> ..ပထဝီဝင်ဆရာ သင်ကြားပေးလိုက်၍ ဆူနာမီဖြစ်ပွားတော့မည်ကိုသိရှိပြီး သူတို့မိသားစု နှင့် ကျန်လူ ၁၀၀ ခန့်သည် ဘေးကင်းလုံခြုံ...

## မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

**သာစည် ဩဂုတ် ၂၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ စီမံခန့်ခွဲမှုဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက မြို့နယ်ခန်းမ၌ကျင်းပရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှမြို့နယ်ဦးစီးမှူး၊ ဦးထွန်းညွန့်ဦး (နည်းပညာ)က မြစိမ်းရောင်စီမံကိန်းနှင့် ပတ်သက် ၍ နိုင်ငံတော်အစိုးရက ကျေးလက်ပြည်သူများအပေါ် ထားရှိသောစေတနာကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ စီမံခန့်ခွဲမှုဆိုင်ရာဆင့်ပွားသင်တန်းသို့ ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကျသည့် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာနှင့် ၂၀၁၄-၂၀၁၅ ခုနှစ်က မြစိမ်းရောင်စီမံကိန်း သတ်မှတ်ခံရသည့် ကျေးရွာငါးရွာတို့မှ မြစိမ်းရောင်ကျေးရွာကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ကြသည်။ သင်တန်းတွင် ငွေစာရင်းရေးသွင်းနည်း၊ စာရင်းဇယား ထိန်းသိမ်းနည်းနှင့် ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုပညာများကို ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**



# မိုးရာသီသစ်ခွပန်းများ ပြင်ဦးလွင်၌ အရောင်းအဝယ်ဖြစ်

**ပြင်ဦးလွင် ဩဂုတ် ၂၀**

အာမဲလက်တံတို၊ အာမဲလက်တံရှည်၊ စာကလေး၊ ဖယောင်း၊ မိုးလုံးပြာ၊ မိုးလုံးမှိုင်းစသည့်အသွေးအရောင်စုံ မိုးရာသီသစ်ခွပန်းများ ပြင်ဦးလွင်မြို့ရှိ ဈေးကွက်များအတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိနေကြောင်းသိရသည်။

သစ်ခွပန်းများသည် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဒုဋ္ဌဝတီမြစ်ရိုးတစ်လျှောက် သစ်တောကြီးများ၊ ဘော်ကျားတွင်းရေ သစ်တောကြိုးဝိုင်းနှင့် မြို့နယ်အနီးပတ်ဝန်းကျင်ရှိ သစ်တောကြိုးဝိုင်းများတွင် အလေ့ကျပေါက်ရောက်လေ့ရှိပြီး မြင့်မားသောသစ်ပင်ကြီးများတွင် ပိုမိုတွေ့ရှိရလေ့ရှိသည်။

သစ်ခွပန်းတို့သည် နွေရာသီ၊ ဆောင်းရာသီတို့၌ အရွက်ကျဲကျဲ အသီးအမြစ်ပြိုင်းပြိုင်းဖြင့်ရှိနေတတ်ပြီး မိုးကျချိန်တွင် ဖူးတံများဝေဝေဆာဆာထွက်လာကာ တစ်မိုးတွင်းလုံး ဝေဝေဆာဆာလှလှပပပွင့်လန်းလေ့ရှိကြသည်။ ယခင်ကတောသစ်ခွခေါ် သစ်ခွအရိုင်းများကို ပြင်ဦးလွင်မြို့ အနီးပတ်ဝန်းကျင်ရှိ သစ်ပင်တိုင်းလိုလိုတွင် တွေ့ရှိခဲ့ရသော်လည်း သစ်ပင်များ ရှားပါးလာမှု၊ လူအများက မဆင်မခြင်ခွာယူမှုတို့ကြောင့် မျိုးသုဉ်းလုနီးပါးဖြစ်ခဲ့ကာ ယခုအခါ လူသူနှင့်ဝေးကွာသောအရပ်ဒေသတို့တွင်သာရှိတော့ကြောင်း သိရသည်။

မိုးဦးကျချိန်မှစတင်၍ ပြင်ဦးလွင်၊ နောင်ချိုဒေသတို့ရှိ သစ်ပင်၊ သစ်တောကြီးများအတွင်းသို့ သစ်ခွပန်းခူးသူ၊ ခွာယူသူများ နှစ်စဉ်ရှိနေပြီး အိမ်နီးချင်းပြည်ပနိုင်ငံများသို့ လည်းကောင်း၊ မြို့တွင်းဈေးတို့၌လည်းကောင်း ပြန်လည်ရောင်းချကြသည်။ ပြည်ပသို့တင်ပို့ရောင်းချသော သစ်ခွပန်းများသည် ရှားပါးအဖိုးတန်သစ်ခွများဖြစ်ကြပြီး မြို့တွင်းဈေးအတွင်း၌ အရောင်အသွေးလှပ၍ အဖူးအပွင့်မြိုင်မြိုင်ဆိုင်ဆိုင်ရှိနေသော သစ်ခွပင်များကိုရောင်းချကြသည်။

ပြင်ဦးလွင်ဈေးကွက်၌ သစ်ခွပင်အမျိုးအစားနှင့် အရွယ်ပမာဏကိုလိုက်၍ ငွေကျပ် ၅၀၀ မှ ၃၀၀၀ အထိရှိနေပြီး လာရောက်လည်ပတ်သူဧည့်သည်များက ပိုမိုနှစ်ခြိုက်စွာဝယ်ယူကြလေ့ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**



# အဆင့်မြင့်လယ်ယာ ဧက ၃၀၀၀ အတွင်း မိုးရာသီပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ် စပေါင်းမျိုးစေ့ချပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အဆင့်မြင့်စက်မှုလယ်ယာ ဧက ၃၀၀၀ အတွင်း ယခုနှစ်မိုးရာသီ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး (Long-9) ဧက ၁၀၀ မျိုးစေ့ထုတ်လုပ်ရန် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် ဒုတိယအကြိမ် (A-Line)အမလိုင်း စုပေါင်းမျိုးစေ့ချပွဲကို ဩဂုတ် ၁၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ စုပေါင်းမျိုးစေ့ချပွဲကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း ဦးဆောင်၍ ဒက္ခိဏခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးမြင့်နှင့် မြို့နယ်ဦးစီးမှူးများ၊ နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်မှ ဝန်ထမ်းများ၊ ဧက ၁၀၀ မျိုးစေ့ထုတ်လုပ်ငန်း တာဝန်ခံ ပညာရှင်များ၊ နယူးဧရာ စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်၍ စုပေါင်း မျိုးစေ့ချခဲ့ကြသည်။

အဆိုပါ စုပေါင်းမျိုးစေ့ချပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက “ယခုပြောင်းလဲဖြစ်ပေါ်လာတဲ့ သဘာဝရာသီဥတုကြောင့် မိမိတို့ဌာနအနေဖြင့် အထွက်တိုးမျိုးကောင်း မျိုးသန့်တွေကို ထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ပြီး တတ်ကျွမ်းတဲ့ နည်းပညာနဲ့ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ လူဦးရေ ပြည်သူ ၅၁ သန်းကျော်ရဲ့ စားနပ်ရိက္ခာ ဖူလုံပြည့်စုံစေရေးကို ယခင်ကထက် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန်နဲ့ တောင်သူဦးကြီးတွေရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးကို အထူးအလေးထား ဆောင်ရွက်ကြရန်လိုပါတယ်”ဟု တက်ရောက်လာသော ဝန်ထမ်းပညာရှင်များနှင့် ဒေသခံတောင်သူများအား တိုက်တွန်းပြောကြားခဲ့သည်။

ဩဂုတ် ၂ ရက်က အဖိုလိုင်း (R-1)ကို စုပေါင်းမျိုးစေ့ချခဲ့ပြီး ၁၈ ရက်အကြာတွင် ယခု (A-Line) အမလိုင်းကို ဒုတိယအကြိမ်အဖြစ် မျိုးစေ့ချခြင်းဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# ပျက်စီးသီးနှံများအတွက် နစ်နာကြေးပေးအပ်

**ဘိုကလေး ဩဂုတ် ၂၀**

ဘိုကလေး- မော်လမြိုင်ကျွန်းလမ်းသစ်ဖောက်လုပ်ရာတွင် ပျက်စီးသွားသည့် သီးနှံများအတွက် တောင်သူများအား နစ်နာကြေးပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နစ်နာမှုလျော်ကြေးရရှိသော သာပေါင်းကျေးရွာအုပ်စုမှ တောင်သူ ၂၄ ဦးနှင့် သပြုကုန်းကျေးရွာအုပ်စုမှ တောင်သူ ၃၃ ဦးတို့၏ လယ်မြေသီးနှံဧက ၆၃ ဒသမ ၆၅ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ ဖြင့် ငွေကျပ် ၁၂၇၃၀၀၀၀ တို့ကို မွေးမြူရေးဝန်ကြီးက သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်မင်း(ဘိုကလေး)**

# ပျိုရွယ်သူများအတွက် ကျန်းမာရေးအသိပညာပေး

**တပ်ကုန်း ဩဂုတ် ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ပျိုရွယ်သူကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၈ ရက်က တပ်ကုန်းမြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ယဉ်၊ တပ်ကုန်းမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်သင်းသင်းလှိုင်နှင့် ဒေါ်ခိုင်ခိုင်ထွန်းတို့က ဆယ်ကျော်သက်အရွယ် ကျန်းမာရေးနှင့် ကြီးထွားမှုအဆင့်ဆင့်ပြောင်းလဲလာပုံ၊ စိတ်ပိုင်းဆိုင်ရာပြောင်းလဲလာပုံ၊ အမူအကျင့်ပြောင်းလဲလာပုံ၊ ယဉ်ကျေးမှုနှင့် မျိုးချစ်စိတ်ဆိုင်ရာများ၊ ငယ်ရွယ်သူများအတွက် HIV / AIDS ရောဂါကင်းဝေးရေးဆိုင်ရာများကို ဟောပြောခဲ့ကြရာ ဆရာ ဆရာမများနှင့် ဒသမတန်း ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

**ကလေး ဩဂုတ် ၂၀**

ကလေးမြို့ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို မြန်မာ့လေကြောင်း၊ ကမ္ဘောဇ၊ အဲပုဂံ၊ ရတနာပုံ၊ ရွှေမြန်မာလေကြောင်းလိုင်း၊ တပ်မတော်လေယာဉ်ကြီးနှင့် ရဟတ်ယာဉ်များအပြင် ကုန်းကြောင်း၊ ရေကြောင်းများဖြင့် နေ့စဉ်နှင့်အမျှ ကလေးမြို့သို့ ရောက်ရှိလျက်ရှိကြောင်း သိရသည်။

“လွန်ခဲ့တဲ့ရက်တွေတုန်းကတော့ လေယာဉ်အငယ်တွေနဲ့ရော လေယာဉ်ကြီးတွေနဲ့ပါ နေ့စဉ်အခေါက်ခေါက်အခါခါကယ်ဆယ်ရေးပစ္စည်းတွေ သယ်ပို့နေကြတယ်။ ဒါ့အပြင် ချင်းတွင်းမြစ်ရေလမ်းကြောင်းနဲ့ ကလေးဝမြို့ အထိကိုပေးပို့ခဲ့ပြီး ကလေးဝကနေ တိုင်းဒေသကြီး ကလေးဒေသရေဘေးပြန်လည်ထူထောင်ရေးကွပ်ကဲမှုရုံးအထိ ကယ်ဆယ်ရေး ပစ္စည်းတွေကို ကုန်းလမ်းနဲ့လည်း နေ့စဉ်နဲ့အမျှ ပေးပို့နေတဲ့အကြောင်းကိုသိရှိရလို့ အလွန်ပဲဝမ်းသာပီတိဖြစ်ရပါတယ်”ဟု ရေဘေးသင့်ပြည်သူတစ်ဦးက ပြောသည်။

ထို့အပြင် ကယ်ဆယ်ရေးပစ္စည်းများဖြစ်သော ဆန်အိတ်၊ သောက်ရေသန့်၊ အသင့်စားခေါက်ဆွဲ၊ မုန့်မျိုးစုံ၊ ကြာဆံ၊ ကြက်ဥ၊ ဆပ်ပြာနှင့် လူ့အသုံးအဆောင်ပစ္စည်းမျိုးစုံ စသည့်ပစ္စည်းများကို ချင်းတွင်းမြစ်ရေလမ်းကြောင်းဖြင့် နေ့စဉ်နှင့်အမျှ တိုင်းဒေသကြီးကွပ်ကဲမှုရုံး၊ ကလေးတပ်နယ်ခန်းမဆောင်တွင် ရောက်ရှိပြီး ယင်းမှတစ်ဆင့် ကလေးဒေသကယ်ဆယ်ရေးစခန်းနှင့် ကျေးရွာကယ်ဆယ်ရေးစခန်းများအတွက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ နေ့စဉ်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**



## စဉ့်ကူးမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**စဉ့်ကူး ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်၏ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခြင်းကို ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါ အစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းသန်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးဆန်းမင်းက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ရှင်းလင်းကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဦးသက်ဆွေဦးက ဥပဒေ၊ နည်းဥပဒေများနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက တင်ပြဆွေးနွေး၍ တက်ရောက်လာသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ဆက်လက်တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# သာပေါင်းမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများလှူဒါန်း

**သာပေါင်း ဩဂုတ် ၂၀**

သာပေါင်းမြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို အဝါရောင်မျိုးဆက်သစ် လူငယ်ပရဟိတအသင်းကြီးမှ ဩဂုတ် ၁၉ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဝါရောင်မျိုးဆက်သစ် လူငယ်ပရဟိတအသင်း၏ သဘာဝဘေးအန္တရာယ်ကျရောက်ရာနေရာများသို့ သွားရောက်လှူဒါန်းရေးအဖွဲ့မှ ဆရာတော်ဦးဣန္ဒသရိယ ဦးဆောင်၍ သာပေါင်းမြို့ ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့် ပြည်သူများအား လှူဒါန်းခဲ့ခြင်းဖြစ်သည်။ အိမ်ထောင်စု ၂၀၀၀ အတွက် တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည်၊ အမျိုးသား အမျိုးသမီးအဝတ်အထည်ငါးစုံနှင့် ခေါက်ဆွဲခြောက်၊ ရေသန့်၊ ဆီဘူးများ၊ မီးဖိုချောင်သုံးပစ္စည်းမျိုးစုံ၊ လက်ဖက်နှင့်အကြော်စုံများကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

သာပေါင်းမြို့ ယာယီရေဘေးကယ်ဆယ်ရေးစခန်းမှ ပြည်သူများအတွက်သာမက သာပေါင်းမြို့နယ်အတွင်းရှိ ဆီဆုံကျေးရွာအုပ်စု၊ သဘော့ချောင်းကျေးရွာအုပ်စု၊ အုပ်ရှစ်ကျေးရွာအုပ်စု၊ ဒည်ကုန်းကျေးရွာအုပ်စု၊ သရက်တောကျေးရွာအုပ်စု၊ မကျီးကုန်းကျေးရွာအုပ်စု၊ ကညင်ပင်ကျေးရွာအုပ်စု၊ ထန်းကြိုကုန်းကျေးရွာ အုပ်စုနှင့် ထန်းတပင်ကျေးရွာအုပ်စုများမှ ရေဘေးသင့်ပြည်သူများအတွက်လည်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းများအရောက် သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရေဘေးသင့်ခဲ့သည့် ကျေးရွာများသို့ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

**ကြံခင်း ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် တလိုင်းကွင်းအုပ်စုအတွင်းရှိ ရေဘေးသင့်ကျေးရွာများဖြစ်သော အောင်မြင်ကိုင်း၊ ဇရပ်ကုန်းနှင့် မကျည်းပင်ကွင်းကျေးရွာများမှ ပြည်သူများအား ကြံခင်းမြို့နယ် ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများကို ဩဂုတ် ၁၈ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြံခင်းမြို့နယ် ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တွင် မြို့နယ်ဆရာဝန်ကြီးဒေါက်တာဝင်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သူဝင်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာမောင်ဝင်း၊ မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနမှ လက်ထောက်တိုင်းရင်းဆေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်ခဲ့ပြီး ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် ရေဘေးသင့်ဒေသများ၌ ရေကျပြီးချိန်တွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းနှင့် ရောဂါဖြစ်ပွားမှုမရှိစေရန်သိရှိလိုက်နာရမည့် ကျန်းမာရေးအသိပညာဗဟုသုတများကို ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ကြကြောင်း သိရသည်။

ကြံခင်းမြို့နယ် ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် တလိုင်းကွင်းကျေးရွာအုပ်စုအတွင်းမှ ကျေးရွာသုံးရွာ၌ ဒေသခံပြည်သူများအား ဆေးကုပေးခဲ့ရာ အနောက်တိုင်းဆေးဖြင့် လူနာ ၉၅ ဦး၊ တိုင်းရင်းဆေးဖြင့် လူနာ ၃၅ ဦးကို ကုသပေးနိုင်ခဲ့ပြီး ဒေသခံပြည်သူများ မွေးမြူထားသော ဝက် ၆၅ ကောင်နှင့် နွား ၈၄ ကောင်ကိုလည်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများက ကာကွယ်ဆေးများထိုးပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေးမြို့ဟောင်း သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်

**ရေး ဩဂုတ် ၂၀**

မွန်ပြည်နယ် ရေးမြို့ဟောင်း သုတေသနစာတမ်းဖတ်ပွဲ ကျင်းပရေးကော်မတီနှင့် မီဒီယာတွေ့ဆုံပွဲကို ရေးမြို့ မွန်ဓမ္မာရုံ၌ ဩဂုတ်၁၉ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရေးမြို့ဟောင်းသမိုင်းကို စနစ်တကျဖော်ထုတ်မှတ်တမ်းပြုစုနိုင်ရန် သဘာဝပတ်ဝန်းကျင် သယံဇာတအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် အကျိုးရှိစွာ အသုံးချနိုင်ရန်၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရှေးဟောင်းပစ္စည်းများကို ပြန်လည်ဖော်ထုတ်ပြီး တစ်နေရာတည်း၌ စုစည်းထားရှိကာ ပြတိုက်တစ်ခု ပေါ်ပေါက်လာစေရန်နှင့် ပညာရှင်ပေါင်းစုံတို့မှ အသိအမှတ်ပြုသော ရေးမြို့ သမိုင်းမှတ်တမ်းမော်ကွန်းတစ်ခု ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် စာတမ်းဖတ်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်းနှင့် စာတမ်းဖတ်ပွဲတွင် မော်လမြိုင်တက္ကသိုလ်မှ ဆရာ ဆရာမများက ဘာသာရပ်များအလိုက် စာတမ်း ၁၀ စောင်ကို ဖတ်ကြားမည်ဖြစ်ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် စာတမ်းဖတ်ပွဲကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ထားသော လုပ်ငန်းအစီအစဉ်များကို ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **နေမျိုးထွန်း(ရေး)**

# ရေဘေးသင့်ဒေသရှိ နွားများအတွက် အစာများလှူဒါန်းမည်

**ပေါက် ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများမှ ဒေသခံပြည်သူများ မွေးမြူထားသော နွားများအတွက် နွားစာများကို ရန်ကုန်မြို့ HRS (Human Resource Society)အဖွဲ့နှင့် ပေါက်မြို့နယ် မုန်ကုန်းကျေးရွာမှ လူငယ်များက ထောက်ပံ့သွားမည်ဖြစ်ပြီး နွားစာများတင်ဆောင်သော ကုန်တင်ယာဉ်ကြီး တစ်စီးနှင့် ကူညီရန် အလုပ်သမားအဖွဲ့ယာဉ်ငယ် တစ်စီးဖြင့် တယ်ပင်ကန်ကျေးရွာမှ ဩဂုတ် ၁၈ ရက်က ထွက်ခွာသွားကြောင်း သိရသည်။




"ဒီနွားစာရဖို့အတွက် လူ ၁၀ ဦးက ရွာငါးရွာကိုခွဲပြီး နှစ်ရက်ကြာအောင် လှည့်လည်ဝယ်ယူရပါတယ်။ နွားစာစင်းတာ၊ ကားပေါ်တင်ရတာက လူ ၂၀ လောက်နဲ့ နှစ်ရက်ကြာ လုပ်ရပါတယ်။ တစ်တင်းခွဲဝင်တောင်းနဲ့ တောင်းပေါင်း နှစ်ထောင်ခန့် ဒီကားကြီးပေါ်တင်နိုင်ပါတယ်။ ဒီနွားစာတွေကို ရေဘေးကယ်ဆယ်ရေးစခန်းရှိတဲ့ နေရာတွေကို အရောက်ပို့ပေးမှာပါ"ဟု HRS မှ အဖွဲ့ဝင် မဆုနွယ်လင်းက ပြောသည်။

နွားစာများ သွားရောက်လှူဒါန်းနိုင်ရန်အတွက် HRS အဖွဲ့က အလှူငွေမတည်၍ မုန်ကုန်း၊ ယာကြီးပြင်၊ ဖိုးဖြူ လုံးကန်၊ ခင်ရှည်၊ တယ်ပင်ကန်ကျေးရွာများမှ နွားစာအခြောက်များ ဝယ်ယူခဲ့ရာ အဆိုပါကျေးရွာများရှိ တောင်သူများကလည်း နွားစာနှင့် ငွေသားများဖြည့်စွက် လှူဒါန်းခြင်း၊ ယာဉ်အတွက်အသုံးပြုရန် စက်ဆီလှူဒါန်းခြင်း၊ ယာဉ်ကြီးယာဉ်ငယ်များဖြင့် အခမဲ့ပို့ဆောင်ပေးခြင်းနှင့် လုပ်အားလှူဒါန်းခြင်းများဖြင့် ကူညီခဲ့ကြကြောင်း သိရသည်။

**ဖိုးသားလေး(ယောမြေ)**

## သတင်းတို

### ရေဘေးသင့်ဒေသများ၌ ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်း ရေဘေးသင့်ကျေးရွာများမှ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရွေ့လျားအဖွဲ့ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးနိုင်ဦးဆောင်၍ ဒေါက်တာသန္တာအောင်၊ ဒေါက်တာသူသူဝင်း၊ ဒေါက်တာသက်သက်မာ၊ ဒေါက်တာနှင်းအိခင်နှင့် ဒေါက်တာနေခြည်လွင်တို့ပါဝင်သော ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ပြီး ဆေးဝါးကုသမှုများ လိုက်လံဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ပျိုရွယ်သူကျန်းမာရေး ပညာပေးဟောပြောပွဲကျင်းပ



**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(မိန်းကလေးကျောင်း)၌ ပျိုရွယ်သူကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ဩဂုတ် ၁၈ ရက်က ကျင်းပခဲ့သည်။

အမျိုးသမီးငယ်များ အရွယ်ရောက်စအချိန်တွင် ခန္ဓာကိုယ်အသွင်သဏ္ဌာန်၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများနှင့်ဆက်စပ်နေသော ကျန်းမာရေးဆိုင်ရာ ပြဿနာများအကြောင်းကို သိရှိစေရန်အတွက် ကျန်းမာရေးပညာပေးဟောပြောပွဲကို ကျင်းပခြင်းဖြစ်ပြီး ဟောပြောပွဲတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝေညိုက အမှာစကားပြောကြားကာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာချိုချိုလွင်နှင့် ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာဟေမာဖော်တို့က အမျိုးသမီးငယ်များ သိရှိသင့်သော ကျန်းမာရေးဆိုင်ရာများကို ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ကျောင်းသူများက ကျန်းမာရေးဆိုင်ရာများကို စကားဝိုင်းပုံသဏ္ဌာန်ဖြင့် အစုအဖွဲ့လိုက် ဆွေးနွေးခဲ့ကြသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# ဘာစီလိုနာအတွက် ခက်ခဲပြီး ရီးရဲမက်ဒရစ်တို့ တာထွက်လှမယ့် လာလီဂါပွဲစဉ်(၁)




>> မိုးမြင့်လင်းလက် <<

*လာလီဂါပွဲစဉ်(၁)ကို ဩဂုတ် ၂၂ ရက်နဲ့ ၂၃ ရက်တွေမှာ ယှဉ်ပြိုင်ကစားတဲ့အခါ ထူးထူးခြားခြားပွဲစဉ်အဖြစ် ဘီလ်ဘာအိုနဲ့ ဘာစီလိုနာတို့ ထိပ်တိုက်ပြန်လည်တွေ့ဆုံမှုပဲဖြစ်ပါတယ်။ ဩဂုတ် ၁၈ ရက်က စပိန်စူပါဖလားပွဲမှာ နှစ်ကျော့ကစားခဲ့ပြီး တစ်ပတ်အတွင်းမှာပဲ ဒီနှစ်သင်းပြန်လည်ဆုံတွေ့မှုက စိတ်ဝင်စားစရာကောင်းနေပါတယ်။ ဒါ့အပြင် ဒီနှစ်ဘောလုံးရာသီရဲ့ လာလီဂါအဖွင့်ပွဲစဉ်အဖြစ် ရင်ဆိုင်တွေ့ဆုံကြတာမို့ ဘယ်အသင်းက လှပတဲ့ရလဒ်ကို ပိုင်ဆိုင်သွားမယ်ဆိုတာ ရင်ခုန်စရာကောင်းနေတာတော့ အမှန်ပါပဲ။*

### ဘီလ်ဘာအိုနဲ့ ဘာစီလိုနာ

စပိန်စူပါဖလားပွဲမှာ နှစ်ကျော့စလုံးရှုံးခဲ့တဲ့ ဘာစီလိုနာတို့ ဒီပွဲမှာရှုံးကြွေးကို ပူပူနွေးနွေးပြန်ဆပ်နိုင်ဖို့ အစွမ်းကုန်ကြိုးစားပါတော့မယ်။ ဘီလ်ဘာအိုဟာ အိမ်ကွင်းမာကျောတဲ့အသင်းဖြစ်ပြီး ဘာစီလိုနာကို အိမ်ကွင်းမှာ ဂိုးပြတ်နိုင်ပွဲရထားဖူးတဲ့အသင်းလည်းဖြစ်ပါတယ်။ ဘီလ်ဘာအိုနဲ့ ဘာစီလိုနာတို့ နောက်ဆုံးလေးပွဲတွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် ဘာစီလိုနာတို့ တစ်ပွဲသာနိုင်ထားပါတယ်။ ဘီလ်ဘာအိုတို့က ဘာစီလိုနာကို ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ ကောင်းကောင်း သိထားတဲ့အတွက် ဒီပွဲမှာလည်း ဘာစီလိုနာတို့ ခက်ခဲဦးမှာဖြစ်ပါတယ်။ ဒါပေမယ့် ရာသီအဖွင့်ပွဲစဉ်တွေမှာ ရလဒ်ကောင်းအောင် ကစားတတ်တဲ့ ဘာစီလိုနာတို့ အခုပွဲမှာ ခက်ခဲပေမယ့် အနိမ့်ဆုံးတစ်မှတ်ရအောင်ကြိုးစားပြီး လှပတဲ့ရလဒ်ကို ရအောင်ပုံဖော်ပါလိမ့်မယ်။

### စပို့တင်းဂီဂျွန်နဲ့ ရီးရဲမက်ဒရစ်

စပို့တင်းဂီဂျွန်အသင်းရဲ့ အိမ်ကွင်းမှာ ရီးရဲမက်ဒရစ်တို့ နိုင်ပွဲရအောင်ကစားနိုင်တာများပါတယ်။ စပို့တင်းဟာ ရီးရဲမက်ဒရစ်ကို အကောင်းဆုံးကစားနိုင်ခဲ့တဲ့ရလဒ်က သရေပွဲဖြစ်တာမို့ အခုပွဲအိမ်ကွင်းမှာ အဲဒီရလဒ်ရရှိခဲ့ရင်တောင် စပို့တင်းတို့ ပျော်ရမယ့် အနေအထားဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်မှာတော့ အနိမ့်ဆုံး ဖလားသုံးလုံးရအောင် စွမ်းဆောင်မယ့် နည်းပြဘင်နီတက်ဇ်ရဲ့ အရည်အချင်းကို အခုအဖွင့်ပွဲစဉ်ကစပြီး စမ်းသပ်တော့မှာဖြစ်တာမို့ ရီးရဲမက်ဒရစ်တို့ ဖိဖိစီးစီးကစားပါလိမ့်မယ်။ ကမ္ဘာကျော်တိုက်စစ်အစုအဖွဲ့ရှိနေတဲ့ ရီးရဲမက်ဒရစ်တိုက်စစ်ကို စပို့တင်းတို့ အချိန်ကြာကြာတောင့်ခံနိုင်ဖို့ဆိုတာ မလွယ်ပါဘူး။

### ဘက်တစ်နဲ့ ဗီလာရီးရဲ

ဘက်တစ်ကွင်းမှာ ကစားတိုင်း ဗီလာရီးရဲတို့ ပွဲမချောင်ခဲ့ပါဘူး။ ဒါ့အပြင် ရလဒ်လည်းမကောင်းတာများလို့ အခုအဖွင့်ပွဲမှာ ဗီလာရီးရဲခြေကုန်ထုတ်မှ ရပါလိမ့်မယ်။ ဒါပေမယ့် ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်ထားတဲ့ ဗီလာရီးရဲဟာ ဘက်တစ်ကို အနိုင်ရအောင်အားထုတ်နိုင်တာမို့ အိမ်ကွင်းဖြစ်ပေမယ့် ဘက်တစ်ဟာ အမှတ်ပြည့်ရဖို့ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် ဘက်တစ်ရဲ့ အိမ်ကွင်းစွမ်းဆောင်မှုက မြင့်မားတာမို့ ဗီလာရီးရဲတို့ အမြင့်ဆုံးမျှော်မှန်းနိုင်မှ တစ်မှတ်ပါပဲ။

### လီဗန်တေးနဲ့ ဆဲလ်တာဗီဂို

လီဗန်တေးတို့က အိမ်ကွင်းဆိုပေမယ့် မျှော်မှန်းချက်ကြီးကြီးထားလို့ မရတဲ့ပွဲပါ။ ဆဲလ်တာဗီဂိုတို့က ရာသီအကြိုပွဲစဉ်တွေမှာ ရလဒ်ကောင်းတွေ ထိန်းထားနိုင်တာမို့ အခုပွဲမှာ သုံးမှတ်အပြည့်ယူပြီး လာလီဂါခရီးကြမ်းကို စတင်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာ ခံစစ်လုံအောင်ကစားတတ်တဲ့ လီဗန်တေးကို ဆဲတာဗီဂိုတို့ နိုင်ပွဲရရင်တောင် ရလဒ်မပြတ်သားနိုင်ပါဘူး။

### ဗယ်လက်ကာနို နဲ့ ဗလင်စီယာ

ဗယ်လက်ကာနိုရဲ့ အိမ်ကွင်းမှာ ကစားတိုင်း ဗလင်စီယာတို့ အမှတ်ဆုံးရှုံးမှုမရှိအောင် ကစားနိုင်ခဲ့ပါတယ်။ ဗလင်စီယာတို့က အဝေးကွင်းဆိုပေမယ့် ဗယ်လက်ကာနိုအသင်းကို အသာစီးရအောင်ကစားနိုင်ပြီး အစဉ်အလာအရ အမှတ်မရတဲ့ ပွဲနည်းပါးခဲ့တာမို့ အခုပွဲမှာ ဗယ်လက်ကာနိုတို့ အမြင့်ဆုံးရနိုင်တာ တစ်မှတ်ဖြစ်ပြီး အမှတ်ခွဲယူကိန်း ဆိုက်သွားနိုင်ပါတယ်။ ။

## မန်ယူက ခေါ်ယူဖို့ နီးစပ်လာတဲ့ ပက်ဒရို

ဘာစီလိုနာကစားသမား ပက်ဒရိုကို မန်ယူကခေါ်ယူဖို့ အတော်လေးနီးစပ်သွားပြီလို့ ဆိုပါတယ်။ မန်ယူအမှုဆောင်အကြီးအကဲ အက်ဝုဝပ်ဟာ ပက်ဒရိုကို ပေါင် ၂၂ သန်းနဲ့ စာချုပ်ဖို့ ဘာစီလိုနာကိုရောက်ရှိနေတယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးမှ ခေါ်ယူဖို့စိတ်ဝင်စားနေသော်လည်း မန်ယူအနေနဲ့ ပေါင် ၂၂ သန်းနဲ့ ပက်ဒရိုကို စာချုပ်နိုင်လိမ့်မယ်လို့ ဆိုပါတယ်။

ဝုဝပ်ဟာ ဘာစီလိုနာနဲ့ အက်သလက်တီကိုတို့ ကစားခဲ့တဲ့ စပိန်စူပါလိဂ် ဒုတိယအကျော့မတိုင်မီ နူးကမ့်သို့ ရောက်ရှိနေတယ်လို့ ဆိုပါတယ်။ နည်းပြ ဗန်ဟားလ်အနေနဲ့လည်း ပက်ဒရိုကို အမြန်ဆုံးခေါ်ယူနိုင်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ ဗဟိုခံစစ်မှူးလိုအပ်ချက်ရှိနေတဲ့ ချယ်လ်ဆီးအသင်းအနေနဲ့လည်း ပက်ဒရိုကို ခေါ်ယူဖို့ကြိုးစားနေတာပါ။ သို့ပေမယ့် မန်ယူနဲ့ပဲ စာချုပ်ဖို့ သဘောနေတဲ့သဘောရှိပါတယ်။




## နယူးကာဆယ်ခေါ်ယူမယ့် မာဆေးတိုက်စစ်မှူး

နယူးကာဆယ်အသင်းက မာဆေးတောင်ပံတိုက်စစ်မှူး ဖလော့ရီယန်သော်ဗင်ကို ပေါင် ၁၂ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းလိုက်ပြီဖြစ်ပါတယ်။ သော်ဗင်ကို နယူးကာဆယ်က ပစ်မှတ်ထားနေတာကြာခဲ့ပါပြီ။ နယူးကာဆယ်အသင်းရဲ့ ပရီမီယာလိဂ်ပွဲဦးထွက် ပြိုင်ပွဲတွေနဲ့ လွဲချော်ခဲ့ရပေမယ့် လာမယ့်ပြိုင်ပွဲတွေမှာ တွေ့ရတော့မှာဖြစ်ပါတယ်။ သူ့ကို နယူးကာဆယ်က ခြောက်နှစ်စာချုပ်နဲ့ ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိတဲ့ တောင်ပံတိုက်စစ်မှူး သော်ဗင်ကို နည်းပြကာဗယ်လာအနေနဲ့ အငှားချထားဖို့သာ စိတ်ကူးရှိခဲ့တယ်လို့ ဆိုပါတယ်။ မာဆေးတိုက်စစ်မှူး သော်ဗင်ကို နယူးကာဆယ်က ခြောက်နှစ်စာချုပ်နဲ့ ခေါ်ယူဖို့ သဘောနေတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ပြီးခဲ့တဲ့ရာသီက ပေါင် ခြောက်သန်းနဲ့ ကမ်းလှမ်းခဲ့မှုကိုတော့ မာဆေးက ပယ်ချခဲ့ပါတယ်။

## ဝက်စ်ဟမ်းကွင်းလယ်လူ ဝက်ဖို့ဒ်အငှားခေါ်ယူ




တန်းတက်ဝက်ဖို့ဒ်အသင်းဟာ ဝက်စ်ဟမ်းအသင်းရဲ့ နာမည်ကြီး ကွင်းလယ် ကစားသမား အလက်ဇန်ဒရိုဒိုင်ယာမန်နီကို အငှားခေါ်ယူလိုက်ပြီ ဖြစ်ပါတယ်။ အင်္ဂလန် ပရီမီယာလိဂ်မှာ ငါးနှစ်ကြာအဆက်ပြတ်နေတဲ့ ကွင်းလယ် ကစားသမား ဒိုင်ယာမန်နီကို တရုတ်ကလပ် ကွမ်ကျိုးအဲဗားဂရိတ်အသင်းမှ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ အသက် ၃၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကွင်းလယ် ကစားသမား ဒိုင်ယာမန်နီကို ဝက်စ်ဟမ်းအသင်းက တရုတ်ကလပ်ကို အငှားချထားခဲ့တာ ဖြစ်ပါတယ်။ ယခုအခါမှာတော့ ပြန်လည်ခေါ်ယူလိုက်ပြီး ပရီမီယာလိဂ်ကလပ် ဝက်ဖို့ဒ်အသင်းသို့ ပြန်လည်အငှားချထားခဲ့ခြင်းဖြစ်ပါတယ်။

သူဟာ အီတလီအသင်းမှာ ၁၇ ကြိမ် ပါဝင်ကစားခဲ့သူလည်း ဖြစ်ပါတယ်။ ဝက်ဖို့ဒ်အသင်းဟာ ပရီမီယာလိဂ်အဖွင့်နှစ်ပွဲမှာ သရေကျထားပါတယ်။ ကွင်းလယ်ကစားသမား လိုအပ်ချက်ရှိနေတဲ့ ဝက်ဖို့ဒ်အသင်းအတွက် ဒိုင်ယာမန်နီအနေနဲ့ အကောင်းဆုံးကစားပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# မိတ္ထီလာမြို့ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ် လေကြောင်းအီလက်ထရွန်နစ်ဌာန၏ ပရောဂျက်ပြပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် လေကြောင်း အီလက်ထရွန်နစ်ဌာန၏ ပရောဂျက်ပြပွဲ ၂၀၁၅ (Avionics Project Show 2015) ကို ဩဂုတ် ၁၈ ရက်က ကျင်းပခဲ့သည်။




စာသင်ခန်းအတွင်း လေ့လာရသည့်ပညာရပ်များကို လက်တွေ့အသုံးချနိုင်ရန်၊ လက်တွေ့သိရှိနားလည်သည့် ဘာသာရပ်များကို ပြန်လည်ဝေမျှဆွေးနွေးနိုင်ရန်နှင့် နိုင်ငံအကျိုးပြု သုတေသနများ ဆောင်ရွက်နိုင်သည်အထိ ရည်မှန်း၍ လေကြောင်းအီလက်ထရွန်နစ်ဌာန၏ ပရောဂျက်ပြပွဲ ၂၀၁၅ ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် အလိုအလျောက်ပျံသန်းနိုင်သော Quad Copter လေယာဉ်၊ GPS-GSM အခြေပြု လေယာဉ်ခြေရာခံစနစ်၊ ရီမုကွန်ထရိုး (အဝေးထိန်း)လေယာဉ်၊ အလိုအလျောက်အချက်ပြ ရေတွက်စက်၊ ဘောလုံးပွဲလူစားလဲ ဒီဂျစ်တယ်ကိရိယာ၊ အလိုအလျောက် လက်ပိုးသတ်စက်၊ မီးလုံခြုံရေးအချက်ပြကိရိယာ၊ စက်လက်တံသုံး အဝေးထိန်းဝန်ချီစက်၊ အလိုအလျောက် မီးပွိုင့်ထိန်းချုပ်မှုစနစ်၊ အဆင့်မြင့် လုံခြုံရေးတံခါးစနစ်၊ အမြင်အာရုံခံစနစ်အခြေပြု လေသဘော်၊ စသည့် ပရောဂျက် ၁၁ ခုကို လေကြောင်းနှင့် အီလက်ထရွန်နစ်ဌာန ဌာနမှူးဒေါက်တာသီတာထွန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသားများ စုပေါင်းဖွဲ့စည်းထားသည့် ပရောဂျက်အဖွဲ့များ၊ လေကြောင်းလျှပ်စစ်နှင့် တိုင်းတာရေးဌာနမှ တတိယနှစ်ကျောင်းသားများက ပူးပေါင်းပါဝင်ပြသခဲ့ကြသည်။

လေကြောင်း အီလက်ထရွန်နစ်ဌာန၏ ပရောဂျက်ပြပွဲများကို ၂၀၁၂ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဒုတိယအကြိမ် ပြသခဲ့ကာ ယခုနှစ်ပြသည့် ပရောဂျက်ပြပွဲသည် တတိယအကြိမ်ဖြစ်သည်။ ယခုကဲ့သို့ ပရောဂျက်ပြပွဲများ ကျင်းပခြင်းဖြင့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်ကျောင်းသား မျိုးဆက်သစ် လေကြောင်းပညာရှင်လူငယ်များအနေဖြင့် အနာဂတ်လေကြောင်းလောက ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုစေမည့် လေကြောင်းအီလက်ထရွန်နစ်ဆိုင်ရာ အသိပညာ၊ ဗဟုသုတ၊ အတွေ့အကြုံများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေနိုင်သည့် အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# အတည်ပြုမဲဆန္ဒရှင်စာရင်းကြေညာနိုင်ရေးဆောင်ရွက်နေ

**ကန့်ဘလူ ဩဂုတ် ၂၀**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် အတည်ပြုမဲဆန္ဒရှင်စာရင်းများကို စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်အတွင်း၌ ဩဂုတ်လကုန်ပိုင်းတွင် ကြေညာပေးနိုင်ရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင်နှင့် တာဝန်ရှိဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် အခြေခံမဲဆန္ဒရှင်စာရင်းများကို ဇွန် ၈ ရက်မှ ၂၁ ရက်အထိ ကြေညာခဲ့ပြီးနောက် အခြေခံမဲဆန္ဒရှင်စာရင်း ကြေညာထားစဉ်ကာလအတွင်း အခြေခံမဲဆန္ဒရှင်စာရင်းမှ မှားယွင်းမှု၊ လိုအပ်မှုများနှင့်ပတ်သက်၍ လာရောက်ကြည့်ရှုသူ မဲဆန္ဒရှင်ပြည်သူများမှ တင်သွင်းလာသော ပုံစံ(၃)၊ (၄)၊ (၄-က)များနှင့် စာလုံးပေါင်းသတ်ပုံမှားယွင်းခြင်း၊ မွေးသက္ကရာဇ်မှားယွင်းခြင်းအစရှိသည်တို့ကို ပြင်ဆင်ကာ အတည်ပြုမဲဆန္ဒရှင်စာရင်းကို ဩဂုတ်လကုန်ပိုင်းတွင် ကပ်ထားကြေညာနိုင်ရန်အတွက် ဩဂုတ် ၉ ရက်မှစတင်၍ ကွန်ပျူတာစာရင်းထည့်သွင်းခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်သည်။

ကန့်ဘလူမြို့နယ်တွင် ရပ်ကွက်ငါးခုနှင့် ကျေးရွာခွဲ ၂၇၅ ရွာရှိပြီး အဆိုပါရပ်ကွက်နှင့်ကျေးရွာများမှ အတည်ပြုမဲဆန္ဒရှင်စာရင်းကို ဩဂုတ်လကုန်အတွင်း ကပ်ထားကြေညာရန်အတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း အခြေခံသင်တန်းဖွင့်



**မုံရွာ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ တိုင်းဒေသကြီး မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ မုံရွာမြို့နယ် မင်းရွာကျေးရွာအုပ်စု မင်းရွာကျေးရွာ၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း အခြေခံသင်တန်းကို ဩဂုတ် ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းအခြေခံသင်တန်းသို့ မင်းရွာကျေးရွာအုပ်စုမှ သင်တန်းသားသင်တန်းသူ ၃၀ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်အထိ ဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**



# ကနီမြို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

**ကနီ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီးနောက် ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကနီမြို့၌ ချင်းတွင်းမြစ်ရေသည် မြို့၏စိုးရိမ်ရေမှတ်အထက် ငါးပေကျော်အထိ မြင့်တက်ခဲ့ရာ မြို့အတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး မြစ်ရေနှင့်အတူ နွံများပါလာပြီး ရေပြန်ကျချိန်တွင် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် လမ်းများပေါ်၌လည်းကောင်း၊ ကျေးရွာများ၌လည်းကောင်း ရွှံ့နွံများမှာ ထုနှစ်ပေကျော်ခန့် တင်ကျန်နေခဲ့ကြောင်း သိရသည်။

နွံများထူထပ်စွာကျန်နေခဲ့သောကြောင့် မြို့နေပြည်သူများ၊ ကျောင်းသားကျောင်းသူများနှင့် ခရီးသွားပြည်သူများ၏ သွားရေးလာရေးတွင် ခက်ခဲမှုများဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများပူးပေါင်း၍ မြို့သန့်ရှင်းသာယာရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဩဂုတ် ၁၈ ရက်မှစ၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ကျောင်းများအမြန်ဖွင့်လှစ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ အမက(၂)ကျောင်းအတွင်း တင်ကျန်ခဲ့သော ရွှံ့နွံများကို ရှင်းလင်းပေးခဲ့ပြီးဖြစ်ကြောင်းနှင့် မြို့လယ်လမ်း၊ ကမ်းနားလမ်း၊ ဈေးလမ်း၊ ခန်းမလမ်း၊ မြို့လယ်ဘုရားလမ်း၊ ဖောင်ဖွဲ့ရေးလမ်း၊ မြို့ဟောင်းလမ်း၊ ဓာတ်ပေါင်းစုဘုရားလမ်းနှင့် ရုံးကြီးလမ်းများပေါ်ရှိ ရွှံ့နွံများကိုလည်း ဌာနဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်၍ အဖွဲ့လေးဖွဲ့ခွဲကာ ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သန်းဌွေးအောင်(ကနီ)**

# မြစိမ်းရောင်စီမံကိန်း ရှင်းလင်းပွဲကျင်းပ

**ကန့်ဘလူ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဟင်သော်နှင့် ယောကုန်းကျေးရွာများ၌ အကောင်အထည်ဖော်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ ကျေးရွာနေပြည်သူများအား ဩဂုတ် ၁၈ ရက်က တွေ့ဆုံရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ကျော်နှင့်ဝန်ထမ်းများက မြို့နယ် မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့်အတူ စီမံကိန်းအကောင်အထည်ဖော်မည့် ကျေးရွာနှစ်ရွာသို့သွားရောက်၍ ဒေသခံကျေးရွာပြည်သူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်း၊ မြစိမ်းရောင်ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီ ဖွဲ့စည်းပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းအကြောင်း ရှင်းလင်းပွဲများကို ကင်းကျေးရွာနှင့် စိန်နားကျေးရွာများတွင်လည်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရေဘေးသင့်ပြည်သူများအား အစားအစာနှင့် အဝတ်အထည်များလှူဒါန်း

**ညောင်တုန်း ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ Save ပရဟိတလူမှုကူညီရေးအဖွဲ့နှင့် အလှူရှင်များပူးပေါင်း၍ မအူပင်ခရိုင် ညောင်တုန်းမြို့နယ်အတွင်းရှိ ဂေါ်ဒူရွာနှင့် ကရင်ပြာသာရွာများမှ ရေဘေးသင့်အိမ်ထောင်စု ၂၃၂ စုအား အစားအသောက်နှင့် အဝတ်အထည်များအပါအဝင် ထောက်ပံ့ပစ္စည်းများကို ဩဂုတ် ၁၇ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

Save ပရဟိတလူမှုကူညီရေးအဖွဲ့မှ ကိုစိုးလွင်နှင့် ကိုလှဖုန်းတို့ဦးဆောင်၍ အလှူရှင်များနှင့် လုပ်အားဒါနရှင်များက ရေဘေးသင့်ပြည်သူများအတွက်လိုအပ်သော ဆန်၊ မုန့်၊ ခေါက်ဆွဲခြောက်၊ ငံပြာရည်ချက်၊ ရေသန့်နှင့် အဝတ်အထည်များကို ကျေးရွာအရောက် သွားရောက်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ ရေဘေးသင့်ပြည်သူများအပြင် ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများသို့လည်း ဆွမ်းဆန်တော်နှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ကျေးရွာတွင်းရှိ ရေနစ်မြုပ်ပျက်စီးခဲ့သည့် လူနေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်း၊ လမ်း၊ တံတားများနှင့် ဒေသအခြေအနေများကိုလည်း လေ့လာခဲ့ကြကြောင်း သိရသည်။

**သပြေထွန်း**





# ပြန်လည်တည်ဆောက်ခြင်းဖြင့် ဆည်ရေသောက်ရေယာများ အကျိုးများစေမည်

**စလင်း ဩဂုတ် ၂၀**

ဆည်ရေသောက်စနစ်ကို အားပြု၍ စိုက်ပျိုးလုပ်ကိုင်နေသော စလင်းမြို့နယ် မကျီးပင်ပုကျေးရွာအုပ်စုရှိ တောင်သူများ စိုက်ပျိုးရေရရှိရန် အဓိကအားကိုးနေရသော လင်းဇင်းရေသောက်စနစ် စလင်းမြောင်းမကြီး လက်တံ(၃) သစ်သားရေတံလျှောက်မှာ ခံနိုင်ရည်အားနည်း၍ စိုက်ဧကများ လုံလောက်စွာ ရေမပေးနိုင်သဖြင့် နိုင်ငံတော်မှ ငွေကျပ် သန်း ၃၂၀ အကုန်ကျခံပြီး ခိုင်ခံ့သည့် စတီးလ်ရေတံလျှောက် အသစ်ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

စတီးရေတံလျှောက် အသစ်ပြန်လည် တည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် စလင်းမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဇွန်လမှစတင်ပြီး တာဝန်ယူလျက်ရှိရာ အလျားပေ ၂၅၀၊ အမြင့် ၄၂ ပေ၊ အကျယ် လေးပေ၊ အမြင့် လေးပေရှိပြီး စလင်းမြောင်းမကြီးမှာ မိုးအဆက်မပြတ်ရွာသွန်း၍ မုန်းချောင်းရေလျှံနေချိန်တွင် ဆည်ရေမလွှတ်သဖြင့် ရေမရောက်ရှိဘဲ စတီးလ်ရေတံလျှောက် အသစ်တည်ဆောက်ရာတွင် အခက်အခဲမရှိ ကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်သောကြောင့် ယခုအခါတွင် ၅၀ ရာခိုင်နှုန်း အောင်မြင်ပြီးစီးကာ အောက်တိုဘာလတွင် လုပ်ငန်းပြီးစီးမည်ဖြစ်ကြောင်း စလင်းမြို့နယ် ဆည်မြောင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မင်းထွန်းက ပြောပြခဲ့သည်။

စိုက်ပျိုးလယ်ဧကများစွာလုပ်ကိုင်နေသော အင်ပုတ်ကျေးရွာနေ တောင်သူဦးပေါက “အရင်နှစ်စပါးစိုက်ပျိုးချိန်က သစ်သားရေတံလျှောက်က ခွက်ဝင်နေတော့ စိုက်ခင်းတွေဆီ ရေရောက်အောင်မပို့နိုင်တဲ့အတွက် ဆည်ရေကို အားထားစိုက်ပျိုးသူတွေ မစိုက်ပျိုးနိုင်လို့ စိုက်ပျိုးရေးဘဏ်က ချေးထားတဲ့ငွေတွေ ပြန်သွင်းဖို့ အခက်အခဲတွေနဲ့ ရင်ဆိုင်လိုက်ရသေးတယ်။ နောက်ပြီး မိုးခေါင်တာနဲ့ အထက်ရေအရင်းမြစ်ကသူတွေကလည်း ပိတ်ဆို့ထားတာတွေလုပ်တော့ ဘာမှကိုမစိုက်ပျိုးနိုင်ကြဘူး။ ကျွန်တော်က လယ်ဧကများတော့ ကိုယ်ပိုင်ရေစုပ်စက်ဝယ်ပြီး ရင်းနှီးမတည်ထားတော့ မှန်မှန်နှစ်သီးတော့ စိုက်ပျိုးလုပ်ကိုင်နိုင်ပါတယ်။ တခြားတောင်သူတွေကတော့ သစ်သားရေတံလျှောက်ကရတဲ့ ဆည်ရေလေးနဲ့ စိုက်ပျိုးရသလောက် ဧကလေးတွေကို စိုက်ပျိုးနေကြတာပဲ”ဟု ပြောပြသည်။

လင်းဇင်းဆည်ရေသောက်စနစ် စလင်းမြောင်းမကြီး လက်တံ(၃)မြောင်း သစ်သားရေတံလျှောက်မှ စိုက်ပျိုးရေကို အသုံးပြုရသော လယ်ဧကပေါင်း ၈၅၀ ခန့်ရှိရာ ရေတင်ခံနိုင်ရည်အားနည်း၍ စိုက်ပျိုးရေလုံလောက်စွာ မရရှိသော်လည်း ခိုင်ခံ့သည့် စတီးလ်ရေတံလျှောက် ဆောက်လုပ်ပြီးစီးသွားပါက စိုက်ဧကများကို ဆည်ရေလုံလောက်စွာ ပေးသွားနိုင်တော့မည်ဖြစ်ကြောင်း စလင်းမြို့နယ် ဆည်မြောင်းဦးစီးဌာနမှသိရသည်။

**ပိုင်ဇေ(မကွေး)**

# မြစိမ်းရောင် စီမံကိန်းဆိုင်ရာ သင်တန်းသံတွဲ၌ ဖွင့်လှစ်

**သံတွဲ ဩဂုတ် ၂၀**

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းအတွက် ကျေးရွာစီမံကိန်းကော်မတီဝင်များ စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ငွေစာရင်းထိန်းသိမ်းမှုသင်တန်းကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက သံတွဲမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ခရိုင်နှင့်မြို့နယ် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေး ကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာ ၁၃ ရွာမှ စီမံကိန်းကြီးကြပ်မှု ကော်မတီဝင် ၉၁ ဦးကို မြစိမ်းရောင်စီမံကိန်းဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပြီး ရန်ပုံငွေ ထိန်းသိမ်းရေးဆိုင်ရာများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းကာလမှာ ဩဂုတ် ၁၅ ရက်မှ ၁၆ ရက်အထိ နှစ်ရက်ဖွင့်လှစ် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် ကျေးလက်လမ်းများ ကောင်းမွန်ရေးဆောင်ရွက်

**စေတုတ္တရာ ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးဒဏ်ခံခဲ့ရသည့် စေတုတ္တရာမြို့၌ ဆက်သွယ်သွားလာရေးများ ကောင်းမွန်လာပြီဖြစ်ရာ သန့်ရှင်းရေးလုပ်ငန်းများ ရေမြောင်းတူးဖော်ခြင်းနှင့် သဲနုန်းများဖယ်ရှားခြင်းလုပ်ငန်းများကို တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်။

စေတုတ္တရာမြို့နယ်အတွင်း ရေကြီးရေလျှံခဲ့မှုကြောင့် ရေဘေးဒဏ်ခံခဲ့ရသည့် ကျေးရွာ ၂၈ ရွာတွင် လက်တူးတွင်းကျယ် ၁၃၆ တွင်း၊ လက်နှိပ်တုံကင်တွင်း ၅၃ တွင်းနှင့် စက်ရေတွင်းငါးခု ရေနစ်မြုပ်ခဲ့သဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိရာ အဓိကလက်တူးတွင်းကျယ်များကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ဩဂုတ် ၁၄ ရက်အထိ လက်တူးတွင်း ၉၀ ကို ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့သည်။ ရေမှုတ်ထုတ်ပြီးတွင်းများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးခတ်ခြင်းလုပ်ငန်းများလည်း တစ်ပြိုင်တည်းဆောင်ရွက်ခဲ့သည်။

ကျေးရွာများ၌ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒိုင်းရှင်းစက်(ရေမှုတ်ထုတ်စက်) ၁၀ လုံးဖြင့် တွင်းဆေးခြင်း၊ တွင်းမှုတ်ခြင်း၊ ဆေးခတ်ခြင်းများကို ဝန်ထမ်း ၂၀ ဖြင့် အဖွဲ့ငါးဖွဲ့ခွဲ၍ လုပ်ငန်းများအားလုံး အမြန်ဆုံးပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရေကြီးရေလျှံမှုကြောင့် အလယ်ဟန်ဒေါက်ရွာနှင့် ဘူးကျေးရွာ ဆက်သွယ်ထားသည့်လမ်းတွင် ရေကျော်လမ်းများ၊ တောင်များပြိုကျမှုကြောင့် လမ်းပိတ်ဆို့ပျက်စီးသွားသဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အမြန်ဆုံးပြင်ဆင်ပြီးစီးနိုင်ရေးအတွက် ဩဂုတ်လဒုတိယပတ်မှစတင်၍ စက်ယန္တရားကြီးများအသုံးပြုကာ ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါကျေးရွာချင်းဆက်လမ်းသည် ၁၆ မိုင် ၁ ဖာလုံခန့်ရှိပြီး ကျေးရွာ ၂၉ ရွာမှပြည်သူများ အမှီသဟဲပြုနေသည့် လမ်းဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းစိစစ်ခြင်းဆောင်ရွက်

**မြစ်ကြီးနား ဩဂုတ် ၂၀**

မြစ်ကြီးနားခရိုင်အတွင်း မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂ ဦးနှင့် ဝိုင်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁ ဦး တို့ကို ရွေးကောက်ပွဲဥပဒေနှင့်အညီ အရည်အချင်းစိစစ်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများရှေ့မှောက်၌ ကျင်းပသည်။

အဆိုပါ မြစ်ကြီးနားခရိုင် အတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်းများ အရည်အချင်း စိစစ်ခြင်းလုပ်ငန်းကို ဩဂုတ် ၂၇ ရက်အထိ ဆောင်ရွက်သွား မည်ဖြစ်ပြီး ခရိုင်အတွင်း ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ခြောက်နေရာ၊ အမျိုးသားလွှတ်တော်အတွက် လေးနေရာနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အတွက် ၁၂ နေရာရှိရာ မဲဆန္ဒနယ်အသီးသီးအတွက် နိုင်ငံရေးပါတီ ၁၅ ခုနှင့် တစ်သီးပုဂ္ဂလငါးဦးတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းထားသူ ၁၉၃ ဦးရှိကြောင်း ခရိုင်ကော်မရှင်ရုံးမှ သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# အမျိုးသမီးငြိမ်းချမ်းရေးနှင့် လုံခြုံရေးနှီးနှောဖလှယ်ပွဲကျင်းပ

**တောင်ကြီး ဩဂုတ် ၂၀**

အမျိုးသမီးငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာနှီးနှောဖလှယ်ပွဲကို ဩဂုတ် ၁၇ ရက်က တောင်ကြီးမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ကျင်းပသည်။

ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးချိုစိန်က အမျိုးသမီးများအတွက် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းဆွေးနွေးပွဲကို လီဆူးတိုင်းရင်းသား တိုင်းရင်းသူများနှင့် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ဆလိုင်းအိုက်ဇက်ခင်က အမျိုးသမီးများနှင့် ပတ်သက်၍ ထပ်မံဖြည့်စွက်ဆွေးနွေး ဖလှယ်ခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# မြစ်ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ကတ္တရာလမ်း အချိန်မီပြုပြင်

**ရေစကြို ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ ချင်းတွင်းမြစ်ရေကြီးမှုကြောင့် ကတ္တရာလမ်းအပါအဝင် မြေနီလမ်းနှင့် ကျောက်ချောလမ်းအများအပြား ပျက်စီးခဲ့ရာ အမှတ်(၆)ရွှေပုလဲရပ်ကွက် လမ်းမတော်ကတ္တရာလမ်းမှာလည်း မြစ်ရေတိုက်စားမှုကြောင့် လမ်းအရှည်ပေ ၂၀၀ ကျော်ခန့်နှင့် ကတ္တရာလမ်းသား ခြောက်ပေခန့် ပျက်စီးခဲ့သည်ကို သဲအိတ်များစီ၍ မြေသားများချကာ ဆောင်ရွက်ထားကြောင်း သိရသည်။

“ရွှေပုလဲရပ်ကွက် လမ်းမတော်လမ်းက မြစ်နဲ့နီးပြီး မြစ်ရေစီးဝင်တိုက်စားမှုကြောင့် အတော်ပျက်စီးသွားခဲ့ပါတယ်။ မြို့နယ်စည်ပင်သာယာရေးကော်မတီက ပြုပြင်ထိန်းသိမ်းစရိတ် ရန်ပုံငွေချမပေးမီ ဆိုးဆိုးရွားရွား မပျက်စီးအောင်နဲ့ ယာဉ်များအန္တရာယ်ကင်းကင်းသွားလာနိုင်အောင် သဲအိတ်တွေစီချပြီးတော့ လောလောဆယ်မြေသားတွေဖို့နေပါတယ်။ ပြုပြင်ထိန်းသိမ်းစရိတ်ကျလာရင်တော့ မူလ ကတ္တရာလမ်းအတိုင်း ဆောင်ရွက်သွားပါမယ်” ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးက ပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၂၀**

၂၀၁၅ ခုနှစ် ဩဂုတ်လ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်မှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ခြောက်ပေမှ ခုနစ်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှ လေးပေခန့်၊ ခြောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ခြောက်ပေမှ ခုနစ် ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် သုံးပေမှ လေးပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းဖော်ပြထားသည်။

**(မြန်မာ့အလင်း)**



# ယခုလအတွင်း ကွမ်းဈေးကျပ်တစ်သိန်းကျော်ထိမြင့်တက်

**ဖျာပုံ ဩဂုတ် ၂၀**

ကွမ်းခြံများပျက်စီးဆုံးရှုံးမှုများပြား၍ လတ်တလော ကွမ်းဈေးနှုန်းများလည်း သိသိသာသာ မြင့်တက်လျက်ရှိကြောင်း ကွမ်းသီးလုပ်ငန်းရှင်များထံမှ သိရသည်။

" ဒီနှစ်ကမိုးများပြီး သိသိသာသာ ရေကြီးလိုက်တော့ ကွမ်းခြံတွေလဲပြိုတာ၊ ရေနစ်တာတွေကြောင့် ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ရပါတယ်။ ကျွန်မတို့နယ်တစ်ခုလုံးလိုလို ကွမ်းခြံတွေ ပျက်စီးကုန်ပါတယ်။ ရေကျသွားတော့မှပဲ စိုက်ရေးပျိုးရေးအတွက် ပြန်ပြီးပြင်ဆင်ရဦးမှာပါ " ဟု ပဲခူးမြို့နယ်မှ ကွမ်းစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

" အဲဒီလိုပဲခူးဘက်တို့ကလေးဘက်တို့မှာ ရေကြီးပြီး မိုးများလိုက်တော့ဈေးကွက်မှာ ကွမ်းအဝင်က နည်းလာတယ်။ နောက်ပြီး ကွမ်းခြံတော်တော်များများ ရေမြုပ်ပျက်စီးကုန်တော့ရောင်းစရာသိပ်မရှိတော့ပါဘူး။ ဒါ့ကြောင့် သီရိမင်္ဂလာဈေးမှာ ကွမ်းဈေးက အခုရက်မှာတင် ငွေကျပ် ၁၅၀၀၀၀အထိ ပေါက်နေပါတယ်။ အခုလို မိုးများပြီး ရေကြီးနေဦးမယ်ဆိုရင် ကွမ်းဈေးက ငွေကျပ် ၁၀၀၀၀၀ ဝန်းကျင်နဲ့ ဈေးခိုင်နေဦးမယ်လို့ထင်ပါတယ် " ဟု ညောင်တုန်းမြို့နယ် ကရင်ပြာသာ ကျေးရွာမှ ကွမ်းခြံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်တင်ချိုပြုံးက ပြောသည်။

ကွမ်းခြံလုပ်ငန်းသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်၍ စိုက်ပျိုးနည်းစနစ်နှင့် အစာပိုင်း၊ ဆေးပိုင်းဆိုင်ရာကျွမ်းကျင်စွာအသုံးချတတ်မှု၊ ဈေးကွက်ရရှိမှုနှင့် သဘာဝမျှတကောင်းမွန်မှုများ ပြည့်မီရရှိပါက တစ်ပိုင်တစ်နိုင်လုပ်ငန်းအဆင့်မှ စီးပွားဖြစ်လုပ်ငန်းအဆင့်အထိစိုက်ပျိုးလုပ်ကိုင်သင့်သော လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

# အိမ်ထောင်စုနှင့် မှတ်ပုံတင်စာရင်းများ ဆောင်ရွက်ပေး

**မော်လူး ဩဂုတ် ၂၀**

အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ အိမ်ဂရန်ပြုလုပ်နိုင်ရန်အတွက် အိမ်ထောင်စုနှင့် မှတ်ပုံတင်စာရင်းများကို စနစ်တကျ စိစစ်ဆောင်ရွက်ပေးနိုင်ရန် ဩဂုတ် ၁၈ ရက်က စတင်ကာ အင်းတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နေ့ချင်းပြီး လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အိမ်မြေဂရန်ပြုလုပ်နိုင်ရေးအတွက် အင်းတော်မြို့နယ် လဝက ဦးစီးမှူး၏ ညွှန်ကြားမှုဖြင့် မြို့နယ်ဒုလဝကဦးစီးမှူး ဦးတင့်ဆွေဦးနှင့်အဖွဲ့၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်မှူးများ စုစုပေါင်း အိမ်ထောင်စုဝင် ၁၀၀၀ ခန့်ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ညီမင်းထက်(မြန်မာစာ)**

# မြစိမ်းရောင်စီမံကိန်း ကော်မတီဖွဲ့စည်း

**ကလော ဩဂုတ် ၂၀။** ကလောမြို့နယ်၌ ယခုဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်း စတင်အကောင်အထည်ဖော်နိုင်ရန် ကော်မတီဖွဲ့စည်းရေး ဆွေးနွေးပွဲကို ဩဂုတ် ၁၇ ရက်က စကားအင်းကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပရာ မြစိမ်းရောင်စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းတို့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **နန်းပြုံးရီ(တောင်ကြီး)**



မုံရွာစီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများစုပေါင်း၍ ဩဂုတ်လ ဒုတိယပတ်က မင်းကင်းမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာ ၁၉ ရွာကိုသွားရောက်၍ ရေဘေးသင့်မိသားစုများအတွက် ငွေကျပ် ၁၆၂၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၆၀ ကို လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၅/၂၀၁၅)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် Aviation Lubricating Oil and Grease(4)Items (Open Tender No. MPPE/ AV(LUB)/T/2(2015-2016) ကို အမေရိကန်ဒေါ်လာ (CIF Yangon)ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၉-၈-၂၀၁၅ ရက်

၃။ **တင်ပိတ်မည့်ရက်နှင့် ပိတ်မည့်အချိန်** - ၁၅-၉-၂၀၁၅ ရက် ၁၂း၀၀ နာရီ

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

## မအူပင်တက္ကသိုလ် ပရဝဏ်အတွင်း
## ဓာတ်ပုံရိုက်ကူးရေးနှင့်ပတ်သက်သော
## အိတ်ဖွင့်တင်ဒါကြော်ငြာ

မအူပင်တက္ကသိုလ် ပရဝဏ်အတွင်း ၂၀-၉-၂၀၁၅ရက်မှ ၁၉-၉-၂၀၁၆ ရက်အထိ ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရန်ရှိပါသည်။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများသည် အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းတစ်စုံလျှင် ၅၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူပြီး ၁၅-၉-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရုံးချိန်အတွင်း သင်တန်းရေးရာဌာန ဖုန်း-၀၄၅-၃၀၁၄၀ တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မအူပင်တက္ကသိုလ်**

## ဝင်ငွေကြေညာလွှာ မတင်သွင်းရသေးသော ကုမ္ပဏီများသို့
## နှိုးဆော်ချက်

ဝင်ငွေကြေညာလွှာ မတင်သွင်းရသေးသော ကုမ္ပဏီများကို www.irdmyanmar. gov.mm website တွင် ကြေညာထားပါသည်။ ယင်းကုမ္ပဏီများအနေဖြင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂)၊ အမှတ် ၅၉/၆၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ လူကိုယ်တိုင် လာရောက်ဆက်သွယ်ပါရန် နှိုးဆော်ပါသည်။

**ဌာနမှူး**
**အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော် တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံးသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ သက်ဆိုင်ရာမြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

| စဉ် | တည်နေရာ | ဆောင်ရွက်မည့်လုပ်ငန်း |
|---|---|---|
| ၁ | ပုဗ္ဗသီရိမြို့နယ် | ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ၊ ဆေးရုံအုပ်ကြီး အိမ်ရာတည်ဆောက်ခြင်း |
| ၂ | ဇေယျာသီရိမြို့နယ် | တိုင်းရင်းဆေးကုဌာနတည်ဆောက်ခြင်းနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း |
| ၃ | ဒက္ခိဏသီရိမြို့နယ် | တိုင်းရင်းဆေးကုဌာနတည်ဆောက်ခြင်းနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း |
| ၄ | ဇမ္ဗူသီရိမြို့နယ် | တိုင်းရင်းဆေးကုဌာနတည်ဆောက်ခြင်းနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၈-၂၀၁၅ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၉-၉-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

၃။ တင်ဒါတင်သွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

နေပြည်တော် တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံး (ဒက္ခိဏခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံး)၊ ရုံးလမ်း၊ မြင်းကျကန်ရပ်၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့။

၅။ အသေးစိတ်သိရှိလိုသော အချက်များကို နေပြည်တော်တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံး (ဒက္ခိဏခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံး)သို့လည်းကောင်း၊ ဖုန်း-၀၆၇-၂၂၇၂၁ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အမှတ်(၁၅)အကြီးစားစက်ရုံ(သာဂရ)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း အမှတ်(၁၅) အကြီးစားစက်ရုံ (သာဂရ)မှ အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | Tender No. |
|---|---|---|---|
| (က) | Lot No.(1)Battery အဟောင်း | 35 Nos | HI-15/001 |
| (ခ) | Lot No.(2)Tyre(All Size)အဟောင်း | 91 Nos | HI-15/002 |
| (ဂ) | Lot No.(3) စက်ဆီ၊ ချောဆီအဟောင်း | 397.5 Gals | HI-15/003 |
| (ဃ) | Lot.No.(4) Transformer Oil အဟောင်း | 520 Gals | HI-15/004 |
| (င) | Lot.No.(5) Copper Winding အဟောင်း | 1308.5 Kgs | HI-15/005 |

၂။ အထက်ဖော်ပြပါပစ္စည်းများအား Lot No.အလိုက်သာ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၃။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၂၁-၈-၂၀၁၅ ရက်မှ ၂၇-၈-၂၀၁၅ ရက်

၄။ **တင်ဒါပုံစံထုတ်ပေးမည့်နေရာ** - အမှတ်(၁၅)အကြီးစားစက်ရုံ(သာဂရ)၊စီမံကိန်းဌာန

၅။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန်** - ၂၇-၈-၂၀၁၅ ရက်၊ ၁၁း၀၀နာရီ

၆။ **တင်ဒါတင်သွင်းရမည့်နေရာ** - အမှတ်(၁၅)အကြီးစားစက်ရုံ(သာဂရ)၊စီမံကိန်းဌာန

၇။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၇-၈-၂၀၁၅ ရက်၊ ၁၃း၀၀နာရီ

၈။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၅၄-၂၅၃၆၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ်(၁၅)အကြီးစားစက်ရုံ(သာဂရ)**
**ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၅၄-၂၅၃၆၆**
**စက်မှုဝန်ကြီးဌာန**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများအတွက် Inlet Air Filter များကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၈-၉-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ၆၆ ကေဗွီ ဓာတ်အားလိုင်းများအတွက် လိုအပ်သော ACSR 397.5 MCM (Ibis) နှင့် ACSR 605 MCM(Duck) အမျိုးအစားများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၄-၉-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ကံဆွယ်ရပ်၊ မြေကွက်/ဦးပိုင်အမှတ် ၄၀ᵃ၊ ဧရိယာ ၈ေကရှိ ဦးမာ(အစိုးရ) အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်တင်အေး ပါ(၈)ဦး ၉/လဝန(နိုင်)၀၂၆၁၆၁ (ဘ) ဦးမာမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


GET ON BOARD
WE'RE GOING PLACES ARE YOU?
YANGON
MANDALAY
BAGAN
HEHO
MYITKYINA
SITTWE
DAWEI
MYEIK
KAWTHAUNG
HOTLINE
01 525 488
airmandalay.com
Showing all routes.
Please contact Air Mandalay for seasonal changes.
Air Mandalay
Safety, Reliability & Comfort


ကုန်စည်ပို့ဆောင်ရေးအာမခံ
ယုံကြည်အားထား IKBZ အာမခံစွမ်းအား
IKBZ Insurance
ကုန်စည်သယ်ယူပို့ဆောင်ရေးအာမခံအမျိုးအစား
ရေကြောင်းကုန်စည်အာမခံ( Marine Cargo Insurance)
ကုန်းလမ်းကုန်စည်အာမခံ( Inland Transit Cargo Insurance)
အာမခံအမျိုးအစား
ပြည်တွင်း၌ကုန်ပစ္စည်းများတစ်နေရာမှ တစ်နေရာသို့သယ်ယူသည့် ခရီးစဉ်တစ်ခေါက်အတွက် အာမခံထားရှိခြင်းဖြစ်ပါသည်။
လုံးဝဆုံးရှုံးမှုအကာအကွယ်
ကုန်ပစ္စည်းများတင်ဆောင်သည့် ယာဉ်သည် သဘာဝဘေးအန္တရာယ်ကြောင့်သော်၎င်း၊ မတော်တဆထိခိုက်မိ၍သော်၎င်း၊ မီးလောင်၍သော်၎င်း၊ သယ်ယူပို့ဆောင်သည့်ယာဉ် လုံးဝဆုံးရှုံးသွား၍ ကုန်ပစ္စည်းများ ပျက်စီးသွားသည့် ဆုံးရှုံးမှုကိုပေးလျော်ပါသည်။ သို့ရာတွင် ယာဉ်လုံးဝဆုံးရှုံးမှုဘေးမှ ကင်းဝေးအောင်ဆောင်ရွက်ရသည့် စရိတ်များ အလုပ်သမားခများကို ပေးလျော်ရန်တာဝန်ယူပါသည်။ (မှတ်ချက်၊ ၊ တစ်စိတ်တဒေသပျက်စီးဆုံးရှုံးမှုအကျုံးမဝင်ပါ။)
အာမခံတန်ဖိုး
အာမခံတန်ဖိုးအားကုန်ပစ္စည်းတန်ဖိုးပေါ်တွင် ၁၀% ပိုမို၍ ထားရှိနိုင်ပါသည်။
အကာအကွယ်အမျိုးအစားများ
(က) လုံးဝနစ်မြုပ်ဆုံးရှုံးမှုအကာအကွယ် ( Total Loss Only )
၁-၈-၂၀၁၅ မှ စတင်၍ ရေလမ်း/ကုန်းလမ်း ကုန်စည်ပို့ဆောင်ရေးအာမခံလုပ်ငန်းများအား
အပြည်ပြည်ဆိုင်ရာကမ္ဘာ့အာမခံရုံးခွဲများနှင့် ကမ္ဘာ့အဆင့်အသီးသီးတွင် ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း။
Unit#102(A),Ground Fl,Strand Square,No.(53),Merchant Rd,(Corner of Merchant Rd & Bosonpat St),\Pabedan Township, Yangon.
Tel : 01-378842,2307000 E-mail : info@i-kbz.com Fax : 01-2307128 facebook www.facebook.com/ikbzinc




## ဖခင်အမည်မှန်

မြင်းခြံမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(G)မှ မဇာနည်လင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိုး ၉/တသန(နိုင်)၀၀၂၇၁၀ ဖြစ်ပါကြောင်း။

**ဦးမြင့်စိုး**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၉)၊ တက္ကသိုလ်ဝင်တန်း(B)မှ နန်းမွေအွမ်လှိုင်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအိုက်သန်း(ခ)ဦးအိုက်သန်း ၁၃/လရန(နိုင်)၀၉၇၀၆၆ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၂)၊ နဝမတန်း(D)မှ နန်းသန်းသန်းအေး၏ ဖခင်အမည်မှန်မှာ ခွန်ရင်ရင်မောင် ၁၃/ဆဆန(နိုင်)၀၆၅၂၂ ဖြစ်ပါကြောင်း။

**ခွန်ရင်ရင်မောင်**

## ဖခင်အမည်မှန်

လားရှိုးမြို့ အထက(၉) ပဋ္ဌမတန်းမှ မအိအိချော၏ ဖခင်အမည်မှန်မှာ ဦးရှင်းပိ ၁၃/လရန(နိုင်)၁၇၂၂၃၂ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့ အမှတ် ၂၁၊ မြသင်္ဂဟလမ်း၊ ရွှေမြိုင်သီရိရပ်ကွက်တွင်နေထိုင်၍ အလက(ခွဲ) အထက ၃ တက္ကသိုလ်ဝင်တန်းမှ မအိသဇင်၏ ဖခင်မှာ ဦးစန်းဦးနှင့် ဦးဆန်းဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊မြို့ပတ်လမ်းနေ အထက(၁) ဒဂုံ ပဋ္ဌမတန်း(J)မှ မောင်မင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးစန်းအောင် ၁၄/ဘကလ(နိုင်)၂၈၁၁၀၂ ဖြစ်ပါသည်။

**ဦးစန်းအောင်**

## အမည်ပြောင်း

မော်လမြိုင်မြို့၊ အထက(၉)၊ နဝမတန်း(A-2)မှ (ဘ) ဦးညာဏ်ဝင်း၏သား မောင်ထူးတင့်အောင်အား မောင်ထွန်းလင်းသန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထွန်းလင်းသန်း**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(ခွဲ)၊ အလက(၃)၊ နဝမတန်း(A)မှ မကေသီစိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်းဌေး ဖြစ်ပါကြောင်း။

**ဦးအောင်ဝင်းဌေး ၁၀/မလမ(နိုင်)၁၆၃၁၆၆**

## မွေးသက္ကရာဇ်မှန်

တောင်ကြီးမြို့၊ အထက(၂)၊ နဝမတန်း(D)မှ နန်းသန်းသန်းအေး၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၄-၁၉၉၉ ဖြစ်ပါကြောင်း။

## အမည်မှန်

ကျွန်းစုမြို့၊ အညှင်းကျေးရွာနေ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော မနှင်းနန္ဒာအောင်၏ဖခင် ဦးတင်စိန်၏ အမည်မှန်မှာ ဦးတင်ထွန်း ဖြစ်ပါကြောင်း။

**ဦးတင်ထွန်း**

## အမည်ပြောင်း

ဦးမောင်မောင်လွင်-ဒေါ်သိင်္ဂီမိုး တို့၏သား အမက(မူလွန်) စားသောက်ကုန်စတုတ္ထတန်းမှ မောင်ဟိန်းထက်အား မောင်ဟိန်းသူရထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းသူရထက်**

## အမည်ပြောင်း

ဦးချစ်ငြိမ်းချမ်း ၁၂/သဃက(နိုင်)၀၄၀၆၆၃၏သား အထက(၁)အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နဝမတန်း(F)မှ မောင်ထက်အောင်ရှိုင်းအား မောင်ညီညီအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ညီညီအောင်**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌ ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၂၄ နှင့်ဆက်သွယ်သည့် ၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉၆

ဒေါ်ခိုင်ဇင်သက်ထား နှင့် ဒေါ်ဖြူသင်းနု
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ အမက(၃)ရပ်နေ တရားရှုံးဖြစ်သူ ဒေါ်ဖြူသင်းနု (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ ဒေါ်ခိုင်ဇင်သက်ထားက ဤရုံးသို့ တရားရှုံး ဒေါ်ဖြူသင်းနုပိုင်ပစ္စည်းဖြစ်သည့် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ ဗဟိုလမ်းမကြီး၊ အမှတ် ၈၅၊ အခန်းအမှတ်(၅-ခ)ထောင့်ခန်း၊ အကျယ်အဝန်း (၁၂ ၁/၂ပေ×၅၀ပေ)ရှိသော အခန်းပစ္စည်းအား လေလံတင်ရောင်းချပေးရန် အရောင်းကြော်ငြာစာမူကြမ်း တင်သွင်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ခုနှစ် စက်တင်ဘာ ၁ရက် (၁၃၇၇ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျ ကြားပြောပြီး၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် သြဂုတ် ၁၈ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်

မလှိုင်အထက၊ တက္ကသိုလ်ဝင်တန်း (E) မှ မောင်ကျော်ထက်ခေါင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်း ၁၃/တကန(နိုင်)၀၈၀၅၃၅ ဖြစ်ပါကြောင်း။

**ဦးကျော်ဝင်း**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၂) နဝမတန်း(D)မှ စိုင်းမျိုးလှိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်ကမ်(ခ)ဦးအိုက်စိုင်း ဖြစ်ပါသည်။

**ဦးအိုက်ကမ်(ခ)ဦးအိုက်စိုင်း**
**၁၃/လရန(နိုင်)၀၃၀၁၇၅**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ် ခန့်ထားရန်လျှောက်ထားကြောင်း

## အကြောင်းကြားစာ

### (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ-၁၁) ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်(၁၃၁)

ဒေါ်စိုးဇာဇာနွယ် **လျှောက်ထားသူ**
အမှတ် ၁၉၁၊ ကြူချောင်ကြာနီကန်လမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကြူချောင်ကြာနီကန်လမ်း၊ အမှတ် ၁၉၁ နေ ဒေါ်စိုးဇာဇာနွယ်က အထက်ပါလိပ်စာနေ အရွယ်မရောက်သေးသူ၏ အဒေါ်ဖြစ်သည်ဟူ၍ ၎င်းသူ၏ကိုယ်ကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့သော လျှောက်ထားခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၁၅ခုနှစ် သြဂုတ် ၃၁ရက် (၁၃၇၇ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ရက်) နံနက် ၁၀နာရီတွင် ဆိုင်ဆိုရန်ချိန်းဆိုလိုက်သည်။

၂၀၁၅ခုနှစ် သြဂုတ် ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ငြိမ်းမြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ဘိုကလေးမြို့နယ်တရားမရုံး၌ ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၁၅

ဦးကျော်ထွန်း နှင့်
၁။ ဒေါ်စိန်
၂။ ဦးတင်အုန်း
၃။ ဒေါ်သိန်း
၄။ မပပ

**တရားလို** **တရားပြိုင်များ**

ဘိုကလေးမြို့နယ်၊ ကိုးအိမ်တန်းကျေးရွာ၊ ကျွန်းညိုအုပ်စုရပ်နေ မပပ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးကျော်ထွန်း(တရားလို)က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် သြဂုတ် ၃၁ရက် (၁၃၇၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် သြဂုတ် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းဝင့်ဝင့်ဖြူ)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဘိုကလေးမြို့နယ်တရားရုံး**

# မြန်မာနှင့် ဂျပန် နှစ်နိုင်ငံအကြား လေကြောင်းပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

စာမျက်နှာ-၅

## တောင်ပြို(လက်ဝဲ)တွင် ယာယီစောင့်ရှောက်ထားသော စိစစ်ပြီးလှေစီးသွားလာသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၂၆ ဦးအား ဩဂုတ် ၂၅ ရက်တွင် ထပ်မံလွှဲပြောင်းသွားမည်

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံက ၂၀၁၅ ခုနှစ် မေလအတွင်း ပင်လယ်ပြင်မှ ကယ်ဆယ်ခဲ့သည့် လှေစီးသွားလာသူများကို မူရင်းနေရပ်သို့ ပြန်လည်ပို့ဆောင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၅၀၁ ဦးကို လေးကြိမ်ခွဲ၍ ၎င်းတို့နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခဲ့ပြီး ဖြစ်သည်။

ထို့ပြင် ရခိုင်ပြည်နယ်တောင်ပြို(လက်ဝဲ)တွင် ကျန်ရှိနေသည့် လှေစီးသွားလာသူ ၂၂၈ ဦးအနက် ဘင်္ဂလားဒေ့ရှ်ဘက်မှစိစစ်၍ပြန်လည်လက်ခံရန် အတည်ပြုပြီးဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၂၆ ဦးကို ထပ်မံလွှဲပြောင်းရန် နှစ်ဖက်ညှိနှိုင်းခဲ့ပြီးဖြစ်၍ ဩဂုတ် ၂၅ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)



## ဧရာဝတီမြစ်ရေ ပြန်ကျသွားပြီဖြစ်၍ လူနှင့်တိရစ္ဆာန်များ နေရပ်သို့ပြန်ပို့

**ဆင်ပေါင်ဝဲ ဩဂုတ် ၂၀**

ဆင်ပေါင်ဝဲမြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေနစ်မြုပ်နိုင်သော ကျွန်းကျေးရွာပြည်သူများနှင့် တိရစ္ဆာန်များကို ဩဂုတ် ၂ ရက်က ဆင်ပေါင်ဝဲမြို့ပေါ်နှင့် နီးစပ်ရာ ကျေးရွာများတွင် ပြောင်းရွှေ့ထားရှိပေးခဲ့သည်။ ယခုအခါ ဧရာဝတီမြစ်ရေပြန်ကျသွားပြီဖြစ်သဖြင့် ဩဂုတ် ၂၀ရက် နံနက် ၉နာရီ ၄၅ မိနစ်က စတင်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၏

*စာမျက်နှာ ၅ ကော်လံ ၆* ✻

## ရှုံး/ထွက်ဗိုလ်လုပွဲသို့ ရတနာပုံနှင့် ဧရာဝတီတို့ တက်ရောက်

သတင်း-ညီမြတ်သော်တာ

**ရန်ကုန် ဩဂုတ် ၂၀**

၂၀၁၅ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို ဩဂုတ် ၁၉ရက်နှင့် ၂၀ ရက်တို့က ကျင်းပရာ ရတနာပုံနှင့် ဧရာဝတီအသင်းတို့ ဗိုလ်လုပွဲတက်ရောက်သွားသည်။

ဩဂုတ် ၁၉ ရက်က ၂၀၁၅ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့အဖြစ် မကွေးအသင်းနှင့် ရတနာပုံအသင်းတို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရတနာပုံအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်းတွင် ဂိုးမရရှိခဲ့ဘဲ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက ရှိုင်းသူရကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့ပြီး ၅၃ မိနစ်တွင် ဂိုးစရခဲ့သည်။ ရတနာပုံအတွက် အဖွင့်ဂိုးကို တောင်ကိုရီးယားကစားသမား ယွန်ဂျီဆောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးမှာ မကွေး၏မျှော်လင့်ချက်ကို အဆုံးသတ်စေခဲ့ပြီး ရတနာပုံအတွက် ဒုတိယအနိုင်ဂိုးကို ၇၇ မိနစ်တွင် စည်သူအောင်က သွင်းယူပေးခဲ့သည်။

ရတနာပုံအသင်းမှာ ယွန်ဂျီဆောင်၊ စည်သူအောင်တို့၏ သွင်းဂိုးများဖြင့် မကွေးကို

*စာမျက်နှာ ၅ ကော်လံ ၆* ■




mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS

# မြန်မာ့အလင်း




**၂၀၁၅ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ သောကြာနေ့။**

လူမှုစီးပွား

**မြင်ကြီးငှ သာစခန်းကိုလ လှမ်းမျှော်ရှု ကြည့်သောအခါ**



စာ - ၃

ပြည်တွင်းရေးရာ

**ရေကြီးရေလျှံမှုကြောင့် ရွှံ့နွံအောက်သို့ ရောက်ရှိနေသော အောင်မြင်သာကျေးရွာ**



စာ - ၆

## ပရီမီယာလိဂ်ပွဲစဉ် (၃)

**စနေနေ့ (၂၂-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၆း၁၅ | မန်ယူ | - | ကာဒယ် |
| ည ၈း၃၀ | ပဲလေ့စ် | - | ဗီလာ |
| ည ၈း၃၀ | ဝက်စ်ဟမ်း | - | ဘုန်းမောက် |
| ည ၈း၃၀ | နော့ဝှစ်ချ် | - | စတုတ် |
| ည ၈း၃၀ | ဆန်းဒါးလန်း | - | ဆွမ်ဆီး |
| ည ၈း၃၀ | လက်စတာ | - | စပါး |

**တနင်္ဂနွေနေ့ (၂၃-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၇း၀၀ | ဝက်စ်ဘရွန်း | - | ချယ်လ်ဆီး |
| ည ၉း၃၀ | အဲဗာတန် | - | မန်စီးတီး |
| ည ၉း၃၀ | ဝတ်ဖို့ဒ် | - | ဆောက်သမ်တန် |

**တနင်္လာနေ့ (၂၄-၈-၁၅)**

| | | | |
|---|---|---|---|
| နံနက် ၁း၃၀ (အင်္ဂါနံနက်) | အာဆင်နယ် | - | လီဗာပူး |

## စီးရီးအေပွဲစဉ် (၁)

**စနေနေ့ (၂၂-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | ဗီရိုနာ | - | ရိုးမား |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | လာဇီယို | - | ဘလော့ညာ |

**တနင်္ဂနွေနေ့ (၂၃-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | ဂျူဗင်တပ် | - | အူဒီနီးစ် |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | အမ်ပိုလီ | - | ချီယေဗို |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ဖီအိုရင်တီးနား | - | အေစီမီလန် |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ဖရိုစီနုန် | - | တိုရီနို |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | အင်တာမီလန် | - | အတ္တလန်တာ |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ပါလာမို | - | ဂျီနိုအာ |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ဆမ်ဒိုးရီးယား | - | ကာပီ |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ဆက်ဆူအိုလို | - | နာပိုလီ |

## ချန်ပီယံလိဂ် Play-Off အဆင့်ခြေစစ်ပွဲ

**အင်္ဂါနေ့ (၂၅-၈-၁၅)**

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဒီနမိုဇာဂရက်စ် | - | စကမ်ဒါဘီ |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | မယ်လ်မို | - | ဆဲလ်တစ် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | တဲလ်အဗစ် | - | ဘေဆယ် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ရက်တာဒိုးနက် | - | ဗီယင်နာ |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | မိုနာကို | - | ဗလင်စီယာ |

**ဗုဒ္ဓဟူးနေ့ (၂၆-၈-၁၅)**

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | အေပိုးလ် | - | အက်စ်တာနာ |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ပါတီဇန် | - | ဘိုရီဆော့ဗ် |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | လေဗာကူဆင် | - | လာဇီယို |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ဘရုဂျက် | - | မန်ယူ |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | စီအက်စ်ကေအေ | - | စပို့တင်း |

## ဘွန်ဒက်လီဂါပွဲစဉ်(၂)

**သောကြာနေ့ (၂၁-၈-၁၅)**

| | | | |
|---|---|---|---|
| နံနက် ၁း၀၀ (စနေနံနက်) | ဟာသာဘာလင် | - | ဝါဒါဘရီမင် |

**စနေနေ့ (၂၂-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၈း၀၀ | ရှော်လ်ကေး | - | ဒရန်စတက် |
| ည ၈း၀၀ | ဖရန့်ဖတ် | - | အော့စ်ဘတ် |
| ည ၈း၀၀ | ကိုလုံး | - | ဝုဖ်ဘတ် |
| ည ၈း၀၀ | ဟန်နိုဗာ | - | လေဗာကူဆင် |
| ည ၈း၀၀ | ဟော့ဖန်ဟိန်း | - | ဘိုင်ယန် |
| ည ၁၁း၀၀ | ဟမ်းဘတ် | - | စတုဂတ် |

**တနင်္ဂနွေနေ့ (၂၃-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၈း၀၀ | အင်ဂိုဆလပ် | - | ဒေါ့မွန် |
| ည ၁၀း၀၀ | ဂလာဘတ်ချ် | - | မိန့်ဇ် |




### မာရက်ဇ်ရဲ့ ကစားသမားဘဝမှတ်တမ်း

| | | |
|---|---|---|
| အမည် | - | မာရက်ဇ် |
| မွေးနေ့ | - | ၂၁-၂-၁၉၉၁ |
| မွေးရက်မြေ | - | ဆာဆဲလက်စ် (ပြင်သစ်) |
| အရပ် | - | ၅ပေ၊ ၁၀လက်မ |
| နေရာ | - | တောင်ပံ |

# အညတရကိုးသွင်းရှင် [illegible] လက်စတာရဲ့ ကိုးသွင်းစက် မာရက်ဇ်

စာ - ၇

မြန်မာ့အလင်း
၂၁-၈-၂၀၁၅ (သောကြာနေ့)

၂၀၁၅-၁၆ ဘောလုံးရာသီ စီးရီးအေပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်မှာ စတင်ကျင်းပမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါပြိုင်ပွဲမှာ ယမန်နှစ် စီးရီးဘီပြိုင်ပွဲကနေ တန်းတက်ခွင့်ရရှိလာခဲ့တဲ့ ကာပီ၊ ဖရိုစီနိုနီနဲ့ ဘလော့ညာတို့အကြောင်းကို ပရိသတ်လေ့လာနိုင်ဖို့ သုံးသပ်တင်ပြ ပေးလိုက်ရပါတယ်။

# စီးရီးအေတန်းတက်မိတ်ဆက်

ဝေမိုးဆက်


ကာပီ

## ကာပီ

**တည်ထောင်သည့်နှစ် - ၁၉၀၉**
**ဥက္ကဋ္ဌ - ကာလိုနီ**
**နည်းပြ - ကက်တိုရီ**
**ကွင်း - အဲဘာဒိုဘာဂလီယာ**
**ဝင်ဆံ့မှု - ၂၁၅၀၇**

ပြီးခဲ့တဲ့နှစ် စီးရီးဘီပြိုင်ပွဲမှာ ချန်ပီယံဖြစ်ပြီး တန်းတက်ခွင့်ရရှိလာခဲ့တဲ့ ကာပီဟာ စီးရီးအေပြိုင်ပွဲမှာ အတွေ့အကြုံနုနယ်တဲ့ အသင်းတစ်သင်းသာ ဖြစ်ပါတယ်။ အသင်းရဲ့ သက်တမ်းတစ်လျှောက်မှာ စီးရီးအေပြိုင်ပွဲရယ်လို့ မဖြစ်တည်မီ ပရိုင်မာကာတီဂိုရီယာပြိုင်ပွဲအဖြစ် ကျင်းပခဲ့စဉ်က သုံးကြိမ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့ပေမယ့်လည်း စီးရီးအေပြိုင်ပွဲရယ်လို့ ဖြစ်တည်ခဲ့ပြီးတဲ့နောက်ပိုင်းမှာတော့ ကာပီဟာ စီးရီးအေပြိုင်ပွဲနဲ့ အစိမ်းသက်သက် အသင်းတစ်သင်းဖြစ်ခဲ့ပြီး အခုတစ်ကြိမ်မှသာ ပထမဆုံးအကြိမ်အဖြစ် စီးရီးအေကို တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိလာခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ကာပီဟာ စီးရီးအေအတွေ့အကြုံနုနယ်တဲ့ အသင်းတစ်သင်းအဖြစ်သာ သတ်မှတ်သွားရဖို့ရှိသလို ကလပ်အသင်းသမိုင်းကြောင်းတစ်လျှောက်မှာလည်း ကြီးမားတဲ့ အောင်မြင်မှုတစ်စုံတစ်ရာရယူနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါ့အပြင် ကာပီဟာ ဒီတစ်ကြိမ်တန်းတက်ခွင့်ရရှိလာရာမှာလည်း အသင်းကစားသမားစုဖွဲ့မှုအရ အားနည်းမှုတွေ ရှိနေတာကိုလည်း တွေ့ရပါတယ်။ ဒီနွေဈေးကွက်မှာ ကာပီဟာ ချီယေဗိုခံစစ်မှူး ဖရန်ချီနီ၊ ဗီရိုနာဂိုးသမား ဘီနက်စီ၊ ဖီအိုရင်တီးနား ကွင်းလယ်ကစားသမား လာဇာရီတို့ကို ခေါ်ယူထားကာ ဖီအိုရင်တီးနာတိုက်စစ်မှူး ရိုင်ဒါမာတော့၊ ဂျူဗင်တပ်စ်ခံစစ်မှူး လူကာမိုရီနီ၊ အူဒီးနီးစ်ဂိုးသမား ဘာကစ်၊ ချယ်လ်ဆီးခံစစ်မှူး ဝေါလေ့စ်တို့ကို အငှားနဲ့ ခေါ်ယူအားဖြည့်ပြီး ပြင်ဆင်မှုတွေပြုလုပ်ထားပေမယ့်လည်း အသင်းရဲ့ အခြေခံကစားသမား စုဖွဲ့မှုအနေအထားဟာ တောင့်တင်းကျစ်လျစ်မှုပိုင်း အားနည်းနေတာကြောင့် ရာသီသစ်စီးရီးအေမှာ ရေရှည်ရပ်တည်နိုင်ဖို့ဆိုတာ ကာပီအတွက် စိန်ခေါ်မှုတစ်ရပ်လို ဖြစ်လာနိုင်ပါတယ်။

ဒါ့အပြင် လက်ရှိအချိန်မှာ ကာပီရဲ့ နည်းပြဆရာအသက် ၆၁ နှစ်အရွယ် ဖာရီဇီယိုကက်စတိုရီဟာလည်း အတွေ့အကြုံပြည့်ဝတဲ့ နည်းပြတစ်ဦးဖြစ်ပေမယ့်လည်း ဆီစီနာ၊ ပီဆီနာ၊ ရက်ဂျီးနား စတဲ့အသင်းတွေလောက်ကိုသာ အမြင့်ဆုံးအဖြစ် ကိုင်တွယ်ခွင့်ရရှိခဲ့သူ တစ်ဦးသာဖြစ်တာကြောင့် ကာပီလို အားနည်းမှုတွေများနေတဲ့ အသင်းတစ်သင်းကို စီးရီးအေမှာ ရေရှည်ရပ်တည်နိုင်ဖို့အတွက် ကက်စတိုရီအနေနဲ့ ဆောင်ရွက်နိုင်ဖို့ဆိုတာဟာလည်း သံသယဖြစ်စရာကောင်းနေပါတယ်။ ဒါကြောင့် စီးရီးအေအတွေ့အကြုံနုနယ်ခြင်း၊ ကစားသမားအင်အားပိုင်း နည်းပါးခြင်းတွေနဲ့အတူ ကာပီဟာ ရာသီသစ်စီးရီးအေမှာ တန်းမဆင်းရဖို့အတွက်သာ ဦးတည်ကြိုးစားရမယ့်အသင်းအဖြစ် ယူဆခြင်းခံထားရတယ်။


ဖရိုစီနိုနီ

## ဖရိုစီနိုနီ

**တည်ထောင်သည့်နှစ် - ၁၉၁၂**
**ဥက္ကဋ္ဌ - မိုရီဇီယိုစထရစ်ပီ**
**နည်းပြ - စတီလိုနီ**
**ကွင်း - စတာရီယိုမာတူဆာ**
**ဝင်ဆံ့မှု - ၁၀၀၀၀**

ပြီးခဲ့တဲ့နှစ် စီးရီးဘီပြိုင်ပွဲမှာ ဒုတိယရရှိမှုနဲ့အတူ စီးရီးအေကိုတက်ရောက်ခွင့်ရရှိလာခဲ့တဲ့ ဖရိုစီနိုနီဟာလည်း ကာပီနည်းတူ စီးရီးအေအတွေ့အကြုံနုနယ်လွန်းတဲ့ အသင်းတစ်သင်းဖြစ်ပါတယ်။ ဖရိုစီနိုနီအနေနဲ့ အသင်းကို ၁၉၁၂ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တာဖြစ်ပေမယ့်လည်း အသင်းသတ်မှတ်ချက်ရဲ့ အရှေ့ပိုင်းကာလတွေမှာ အောက်ပိုင်းတွေမှာသာ အများစုကျင်လည်ခဲ့ရပြီး ၂၀၀၆-၀၇ ပြိုင်ပွဲရောက်မှသာ စီးရီးဘီကို စတင်တက်ရောက်ခွင့်ရရှိခဲ့ကာ အဆိုပါ စီးရီးဘီပြိုင်ပွဲအတွင်းမှာလည်း ခြေစွမ်းတည်ငြိမ်မှုမရှိခဲ့ဘဲ အောက်တန်းတွေအထိပါ ပြန်လည်ဆင်းသက်ခဲ့ရပြီး ယမန်နှစ်စီးရီးဘီမှာ ဒုတိယရရှိခဲ့လို့သာ အခုလိုစီးရီးအေကို ပထမဆုံးအကြိမ်အဖြစ် တက်ရောက်ခွင့်ရရှိလာခဲ့တာလည်း ဖြစ်ပါတယ်။

ဒါကြောင့် ဖရိုစီနိုနီဟာ စီးရီးအေအတွေ့အကြုံ နုနယ်လွန်းတဲ့အသင်းဖြစ်ပြီး ကလပ်သမိုင်းကြောင်း တစ်လျှောက်မှာလည်း ထင်ရှားတဲ့အောင်မြင်မှု တစ်စုံတစ်ရာရယူနိုင်ခြင်းမရှိသေးတဲ့ အသင်းတစ်သင်းလည်း ဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ ဖရိုစီနိုနီဟာ စီးရီးအေပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်အတွက် နွေရာသီဈေးကွက်အတွင်း ထိရောက်တဲ့ အင်အားဖြည့်တင်းမှုတွေကိုလည်း ပြုလုပ်ထားခြင်းမရှိပါဘူး။ ဂျူဗင်တပ်လူငယ်ဂိုးသမား နီကိုလာလီယာလီ၊ ဂျီနိုအာညာတောင်ပံခံစစ်မှူး ရိုစီ၊ ရိုးမား လူငယ်တိုက်စစ်မှူး ဗာဒီတို့ကို အငှားနဲ့ခေါ်ယူထားပြီး ဂရက်ဟော့ဒ်ပါး လူငယ်ခံစစ်မှူး ပါလိုဗစ်၊ ကက်ဂလီယာရီ ဗဟိုခံစစ်မှူး ဒီယာကီတီတို့လောက်ကိုသာ အပြီးသတ်ခေါ်ယူ အားဖြည့်ထားနိုင်တဲ့ အသင်းတစ်သင်းဖြစ်ပါတယ်။ ဒါကြောင့် ဖရိုစီနိုနီဟာ အသင်းရဲ့အခြေခံစုဖွဲ့မှုအနေအထားအရ အားနည်းမှုတွေ ရှိနေတဲ့ အသင်းတစ်သင်းဖြစ်ပါတယ်။

ဒါပေမယ့် ဖရိုစီနိုနီရဲ့ လက်ရှိနည်းပြဆရာ ရောဘတ်တိုစတီလိုနီကတော့ စီးရီးအေမှာ ကျင်လည်ဖူးတဲ့သူတစ်ဦးဖြစ်ပါတယ်။ တိုရီနို၊ ရက်ဂျီးလ်နား၊ နာပိုလီ၊ ပါးမားတို့နဲ့အတူ စီးရီးအေမှာ ခြောက်ရာသီတိတိ ကစားခဲ့ဖူးတဲ့ စတီလိုနီဟာ နည်းပြဆရာဖြစ်လာပြီးတဲ့နောက် ဖရိုစီနိုနီကို ကိုင်တွယ်ရာမှာလည်း အခုလို တန်းတက်ခွင့်ရရှိလာအောင် ဦးဆောင်ပေးနိုင်ခဲ့သူတစ်ဦးဖြစ်ပါတယ်။ ဒါပေမယ့် စတီလိုနီအတွက်လည်း နည်းပြဆရာဘဝအဖြစ် ယခုတစ်ကြိမ်ဟာ ပထမဦးဆုံး စီးရီးအေအကြုံအတွေ့ဖြစ်တာကြောင့် စတီလိုနီအနေနဲ့ စီးရီးအေလို ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပြိုင်ပွဲမှာ ဖရိုစီနိုနီကို တည်ငြိမ်အောင်ကိုင်တွယ်နိုင်ပါ့မလားဆိုတာကအစ သံသယဖြစ်စရာကောင်းနေသလို ဖရိုစီနိုနီဟာလည်း ကာပီနည်းတူ တန်းမဆင်းရဖို့ကိုသာ ဦးတည်ကြိုးပမ်းရမယ့်အသင်းတစ်သင်းအဖြစ် သတ်မှတ်ခံထားရပါတယ်။

## ဘလောညာ

**တည်ထောင်သည့်နှစ် - ၁၉၀၉**
**ဥက္ကဋ္ဌ - ဂျိုးလ်တာကိုပီနာ**
**နည်းပြ - ဒယ်လီလိုရော့စီ**
**ကွင်း - စတာရီယိုရီနာတို**
**ဝင်ဆံ့မှု - ၃၈၇၂၉**

ပြီးခဲ့တဲ့နှစ် စီးရီးဘီကနေ တန်းတက်လာတဲ့ ကာပီ၊ ဖရိုစီနိုနီ၊ ဘလော့ညာတို့အနက် ဘလော့ညာကတော့ ကာပီ၊ ဖရိုစီနိုနီတို့ထက် စီးရီးအေအတွေ့အကြုံ ပိုမိုများပြားတဲ့အသင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၃-၁၄ ဘောလုံးရာသီကမှ စီးရီးအေကနေ တန်းဆင်းသွားရတဲ့


ဘလော့ညာ

ဘလော့ညာဟာ အသင်းကို ၁၉၀၉ ခုနှစ်မှာ စတင်တည်ထောင်ပြီးတဲ့နောက် အစောပိုင်းကာလတွေမှာ အောင်မြင်မှုတွေကို ရယူနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဘလော့ညာအနေနဲ့ ကလပ်သမိုင်းကြောင်းတစ်လျှောက်မှာ စီးရီးအေချန်ပီယံဆုဖလားကို ခုနစ်ကြိမ် (၁၉၂၅၊ ၁၉၂၉၊ ၁၉၃၆၊ ၁၉၃၇၊ ၁၉၃၉၊ ၁၉၄၁၊ ၁၉၆၄)တိတိ သိမ်းပိုက်နိုင်ခဲ့တဲ့အပြင် ၁၉၂၁၊ ၁၉၂၄၊ ၁၉၂၆၊ ၁၉၂၇၊ ၁၉၃၂၊ ၁၉၄၀၊ ၁၉၆၆ ခုနှစ်တွေမှာလည်း ဘလော့ညာဟာ စီးရီးအေပြိုင်ပွဲအတွင်း ဒုတိယရရှိတဲ့အထိ အောင်မြင်ခဲ့ပါတယ်။

ဒါ့အပြင် ဘလော့ညာဟာ ၁၉၆၉- ၇၀၊ ၂၉၇၃-၇၄ ဘောလုံးရာသီတွေမှာလည်း ကိုပါအီတာလီယာဖလားကို ဆွတ်ခူးရယူနိုင်ခဲ့တဲ့အသင်းတစ်သင်း ဖြစ်ပါတယ်။ ဒါပေမယ့်လည်း နောက်ပိုင်းကာလတွေမှာတော့ ဘလော့ညာဟာ တည်ငြိမ်မှုတွေပျက်ပြားခဲ့ရကာ အသင်းရဲ့ရပ်တည်မှုဟာလည်း တည်ငြိမ်မှုမရှိခဲ့ဘဲ ၂၀၁၃-၁၄ မှာ နောက်ဆုံး အကြိမ်တန်းဆင်းခဲ့ရပြီး အခုမှသာ စီးရီးအေကို တစ်ကျော့ပြန်ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ဘလော့ညာဟာ လက်ရှိတန်းတက်လာရာမှာ အသင်းအတွင်း ဇူကူလီနီ၊ အကွာဖက်စ်ဆာတို့လို ကစားသမားကောင်းတွေ ပါဝင်လာခဲ့သလို ဆမ့်ဒိုးရီးယားကွင်းလယ်ကစားသမား လူကာရီဇို၊ ဆီစီနာတိုက်စစ်မှူး ဖရန်ကို ဘရင်ဇာတို့ကို ခေါ်ယူထားခဲ့သလို အတ္တလန္တာမှာ အငှားကစားနေခဲ့တဲ့ တိုက်စစ်မှူး ဘီရန်ချီဟာလည်း အသင်းကိုပြန်လည်ရောက်ရှိနေခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် ဘလော့ညာကစားသမား အင်အားပိုင်းမှာလည်း ကာပီ၊ ဖရိုစီနိုနီတို့ထက် ပိုမိုတောင့်တင်းတဲ့အသင်းဖြစ်နေပါတယ်။

ဒါ့အပြင် လက်ရှိ ဘလော့ညာနည်းပြ ဒယ်လီလိုရော့စီဟာလည်း နည်းပြ ဘဝနဲ့အတူ စီးရီးအေမှာ အကြိမ်ကြိမ် ကျင်လည်ခဲ့ဖူးသူဖြစ်ကာ ဂျီနိုအာ၊ အတ္တလန္တာ၊ လာဇီယို၊ ဖီအိုရင်တီးနား၊ ဆမ့်ဒိုးရီးယားတို့ကိုတောင် ကိုင်တွယ်ဖူးတဲ့ နည်းပြတစ်ဦးဖြစ်ပြီး လာဇီယိုကို ကိုင်တွယ်စဉ်က ကိုပါအီတာလီယာဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သလို ပါလာမိုကို ကိုင်တွယ်စဉ်ကလည်း ကိုပါအီတာလီယာဖလားမှာ ဒုတိယရရှိတဲ့အထိ စွမ်းဆောင်ပေးနိုင်ခဲ့သူတစ်ဦးဖြစ်ပါတယ်။

ဒါကြောင့် ဘလော့ညာဟာ ဖရိုစီနိုနီ၊ ကာပီတို့ထက် အတွေ့အကြုံပိုင်းရော ကစားသမားအင်အားပိုင်းအပြင် ဦးဆောင်မှုအခန်းကဏ္ဍမှာပါ ပိုမိုအားကောင်းနေပြီး လာမယ့်ရာသီသစ်စီးရီးအေမှာ တန်းတက်သုံးသင်းအနက် တန်းတင်ကျန်ရစ်ရေး အခွင့်အလမ်းအကောင်းဆုံးအသင်းအဖြစ် ယူဆခြင်းခံထားရပါတယ်။

## ငွေကြေးကြောင့် ရီးရဲနှင့် စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်း မဟုတ်ဟု ခံစစ်မှူးရာမို့စ် ပြောဆို

*စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်း ဗဟိုခံစစ်မှူး ဆာဂျီယိုရာမို့စ်က ရီးရဲအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းမှာ ငွေကြေးကြောင့်မဟုတ်ကြောင်း၊ ရီးရဲနှင့် စာချုပ်သစ်မချုပ်ဆိုဘဲ အသင်းပြောင်းရွှေ့ခဲ့ပါက ငွေကြေးပိုမိုရရှိနိုင်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ အသက် ၂၉ နှစ်အရွယ်ရှိ စပိန်ကစားသမား ရာမို့စ်သည် ပြီးခဲ့သည့် ဩဂုတ် ၁၇ ရက်တွင် ရီးရဲမက်ဒရစ်အသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ် ချုပ်ဆိုခဲ့ခြင်းကြောင့် ရီးရဲအသင်းတွင် လာမည့် ၂၀၂၀ ပြည့်နှစ်အထိ ရှိနေမည်ဖြစ်သည်။*

*"ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် ငွေကြေးအတွက်ဆိုရင် ရီးရဲမက်ဒရစ်မှာ ကျွန်တော်ဆက်မကစားပါဘူး။ အခြားအသင်းတစ်သင်းမှာ ကျွန်တော်ဟာ လုပ်ခငွေပိုမိုရရှိနိုင်ပါတယ်။ ရီးရဲနဲ့ စာချုပ်သစ်ချုပ်ဆိုရေးမှာ ငွေကြေးကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်နဲ့ အသင်းဥက္ကဋ္ဌ ပီရက်ဇ်တို့ ငါးမိနစ်လောက်ပဲ ဆွေးနွေးခဲ့ရပါတယ်။ ရီးရဲမက်ဒရစ်ကနေ ထွက်ခွာချင်တယ်လို့လည်း ကျွန်တော်တစ်ခါမှ မပြောခဲ့ပါဘူး။ အသင်းဥက္ကဋ္ဌကသာခွင့်ပြုမယ်ဆိုရင် ကျွန်တော့်ရဲ့ကစားသမားဘဝကို ရီးရဲမက်ဒရစ်မှာပဲ အဆုံးသတ်ချင်ပါတယ်။*

*ရီးရဲအသင်းရဲ့ ကပ္ပတိန်သစ်အဖြစ် တာဝန်ပေးအပ်ခဲ့တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"ဟု ရာမို့စ်က သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့သည်။ ခံစစ်မှူး ရာမို့စ်အား ရီးရဲမက်ဒရစ်အသင်းက စာချုပ်သစ်ချုပ် ဆိုခဲ့ခြင်းမှာ ထိုက်တန်ကြောင်း ရာမို့စ်၏ ရီးရဲအသင်းဖော်ဟောင်း ဂိုးသမား ကာဆီးလက်စ်က သူ၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။*

*"ရီးရဲအသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ ရာမို့စ်ဆုံးဖြတ်ခဲ့ခြင်းအတွက် ကျွန်တော်ဝမ်းသာမိပါတယ်။ ရာမို့စ်အနေနဲ့ အနာဂတ်မှာ ရီးရဲမက်ဒရစ်အသင်းကို အောင်မြင်မှုတွေရရှိဖို့ ဦးဆောင်နိုင်လိမ့်မယ်ဆိုတာကိုလည်း ကျွန်တော် သံသယမရှိပါဘူး"ဟု ယခု နွေရာသီဈေးကွက် ကာလအတွင်းတွင် ရီးရဲမက်ဒရစ်မှ ပေါ်တိုအသင်းသို့ ပြောင်းရွှေ့သွားသူ ဂိုးသမားကာဆီးလက်စ်က ပြောဆိုခဲ့သည်။ ယခု နွေရာသီအတွင်း မန်ယူအသင်းကခေါ်ယူရန် ပစ်မှတ်ထားခြင်းခံခဲ့ရသူ ခံစစ်မှူးရာမို့စ်သည် ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်ကတည်းက ရီးရဲအသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး ရီးရဲနှင့်အတူ စပိန်လီဂ်ဆုဖလား သုံးကြိမ်၊ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်အပါအဝင် ဆုဖလား ၁၀ လုံး ရယူထားသူဖြစ်သည်။*

**အောင်က**

ကရင်ပြည်နယ်

# မြိုင်ကြီးငူသာစခန်းကိုလ လှမ်းမျှော်ရှုကြည့်သောအခါ

မြိုင်ကြီးငူဆရာတော်ကြီး ဘဒ္ဒန္တသုဇန၏ (၆၇)နှစ်မြောက် ဝိဇာတမင်္ဂလာအထိမ်းအမှတ် သတ္တရသမအကြိမ် သံဃာတော် ၉၉၉၉ ပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူပွဲအခမ်းအနားနှင့် စုံနံ့သာမြိုင်ဆွေမြို့တော် မြိုင်ကြီးငူဒေသ၏ ငြိမ်းချမ်းမင်္ဂလာ အထိမ်းအမှတ်ပွဲကို ဩဂုတ် ၃ ရက်က စုံနံ့သာမြိုင်ဆွေမြို့တော် မြိုင်ကြီးငူဥ္စကျောင်းပခဲ့ရာ ဆရာတော်ကြီးနှင့် သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ထင်မော်ထွန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦးနှင့်တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများ တက်ရောက်ခဲ့ကြသည်။



- ❖ ဟော်နန်းလင်းအေး တံတားကြီးကိုအသုံးပြု၍ ဘားအံဒေသနှင့် ဖာပွန်ဒေသများသို့လည်းကောင်း၊ မြိုင်ကြီးငူ/ ရွှေဂွန်းဒေသများသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်
- ❖ မြိုင်ကြီးငူဒေသတစ်ခုလုံးကို ခြုံငုံကြည့်လိုက်ပါက ၁၉၉၄ ခုနှစ်နောက်ပိုင်း ဖွံ့ဖြိုးတိုးတက်မှုများကို အစီအရီ တွေ့မြင်ရမည်

ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် ဇနီးဒေါ်မြင့်မြင့်စိုးတို့ကလည်း ဇူလိုင် ၂၉ ရက်တွင် ဘားအံ မြို့သို့ သွားရောက်ပြီး ဆရာတော်ကြီး၏ (၆၇) နှစ်မြောက်မွေးနေ့အား ရည်မှန်း၍ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့်အတူ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ဒုတိယ ဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့်ဇနီး ထိုခရီးစဉ်အတွင်း မွန်ပြည်နယ် ကျိုက်ထိုမြို့နှင့် ကရင်ပြည်နယ် ဘားအံမြို့တို့မှ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြား၍ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ဘားအံမြို့မှ မြိုင်ကြီးငူသို့သွားရာ ခရီးလမ်းကြောင်းဖြစ်သော ထီးဖိုးကလုံး-နောင်ကမြိုင်-ရွှေဂွန်းလမ်းနှင့် ရွှေဂွန်း-မြိုင်ကြီးငူလမ်းပိုင်းတို့ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၁၉၉၅-၁၉၉၆ ဘဏ္ဍာနှစ်မှ ၂၀၀၂-၂၀၀၃ဘဏ္ဍာနှစ်များအတွင်း မြေလမ်းမှ ကတ္တရာလမ်းအဆင့်ထိ ဖောက်လုပ်ပေးခဲ့သည်။ ရွှေဂွန်းအထွက် ကမ်းနီကျေးရွာ၌ ကားလမ်းဝဲ/ယာတွင် ပေါက်ရောက်နေသော ကုက္ကိုပင်ကြီးများက နေပြောက်မထိုးလောက်အောင် အကိုင်းအခက်များ ထိယှက်အုပ်မိုး နေကြသည်။ ထိုကုက္ကိုပင်ကြီးများသည် လမ်းဖောက်စအချိန်၌ DKBA မှ အဘိုးဦးထွန်းလှိုင် စိုက်ပျိုးခဲ့သောအပင်များဖြစ်ကြောင်း သိရသည်။ ရွှေဂွန်းမှအထွက် ထော့ရွဲ့ရွာကလေးကို လှမ်း၍တွေ့မြင်ရသောအခါ စစ်တက္ကသိုလ် ဗိုလ်လောင်းဘဝက ကျွန်တော်တို့အပတ်စဉ်၏ တာဝန်ခံဖြစ်သော ဗိုလ်မှူးကြီး စောခင်စိုးကို သတိရမိသည်။ ထိုရွာသည် သူ၏ဇာတိရွာဖြစ်၏။

မြိုင်ကြီးငူသို့ အဝင်၌လည်း တခွက်ဖိုးရွာလေးဘက်သို့ လှမ်းမျှော်ကြည့်ရင်း ဟိုတစ်ချိန်က DKBA တပ်ဖွဲ့ဝင်များ၏ တခွက်ဖိုးကျေးရွာ သကြားစက်အတွက် လိုအပ်သောဘွိုင်လာတစ်လုံးကို ညွှန်ကြားရေးမှူး(ငြိမ်း) ဗိုလ်မှူးသန်းထူးနှင့် ကျွန်တော်တို့သည် မီးရထားဝန်ကြီးဌာန(ထိုစဉ်က ပို့ဆောင်ရေးဝန်ကြီးဌာန)တွင်လျှောက်ထားပြီး အင်းစိန်ရှိ မီးရထားစက်ခေါင်းပြင် အလုပ်ရုံသို့ သွားရောက်ဝယ်ယူကာ ကားတစ်တန်၊ ရထားတစ်တန်ဖြင့် ပို့ဆောင်ပေးပြီး ထိုမှသံလွင်မြစ်ကြောင်းအတိုင်း အဆင့်ဆင့်ပို့ဆောင်ပေးခဲ့ရသည်ကိုလည်း ပြန်လည်အမှတ်ရမိသည်။

တစ်ချိန်က ဖောက်လုပ်ပေးခဲ့သော ထီးဖိုးကလုံး-နောင်ကမြိုင်-ရွှေဂွန်း-မြိုင်ကြီးငူလမ်း၊ တခွက်ဖိုးသကြားစက်၊ မြိုင်ကြီးငူအထက၊ မြိုင်ကြီးငူဆေးရုံ၊ ရုပ်/သံ ထပ်ဆင့်လွှင့်စက်ရုံတို့မှ အစပြု၍ ယနေ့အချိန်တွင် ထပ်မံဖောက်လုပ်ပေးခဲ့သည့် မြိုင်ကြီးငူ-မဲသဝေါကတ္တရာလမ်းသည်လည်းကောင်း၊ ခြေလက်အင်္ဂါစွန့်လွှတ်ခဲ့ရသည့် တပ်ဖွဲ့ဝင်ဟောင်းများ၊ မိသားစုဝင်များ အခြေချနေထိုင်နိုင်ရန် တည်ဆောက်ပေးခဲ့သော လှိုင်းဘွဲ့မြို့နယ် မဲသရီကျေးရွာ၊ မော်ဖိုးကေကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ် မြိုင်သာယာစံပြကျေးရွာ၊ မက္ကသာကျေးရွာ၊ မြိုင်ကြီးငူဒေသ သစ္စာအေးမြိုင်ကျေးရွာ၊ ပိုင်ကျုံဒေသ ထိုက်ဆန်းမြိုင်ကျေးရွာတို့သည်လည်းကောင်း၊ မြိုင်ကြီးငူ၊ လှိုင်းဘွဲ့၊ နဘူး/ဒေါ်လမ်း၊ မြဝတီ၊ မဲပလဲ၊ သင်္ကန်းညီနောင်၊ ရွှေကုက္ကို၊ ဟောင်သရောဒေသများတွင် အထက်ပါတပ်ဖွဲ့ဝင်များအတွက် ရိက္ခာဆန်ဖြန့်ဝေပေးခဲ့မှုများသည်လည်းကောင်း၊ ၁၉၉၄-၁၉၉၅ ဘဏ္ဍာနှစ်မှသည် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ နှစ်အလိုက် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ လျာထားဆောင်ရွက်ပေးခြင်းတို့သည် လည်းကောင်း၊ အရာအားလုံးသည် ငြိမ်းချမ်းခြင်း၏ အကျိုးရလဒ်များပင် ဖြစ်ပေသည်။

မြိုင်ကြီးငူဒေသ နို့ထကျေးရွာသည် ဆရာတော်ကြီး၏ မွေးရပ်မြေ ဖြစ်သည်။ ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ဖောထိခု၊ ဇာကော့လုံ၊ တခိခု၊ ပုစွန်မြောင်း၊ မာလာယုဝဲကြီး၊ မဲပလိ၊ မယ်ညော၊ ဟတ်ကြီး၊ ရွှေဖလားကျ၊ ကျောက်သဘော်၊ ကျောက်မြွေ၊ ကွီးနက်၊ သစ်နန်းလှ၊ လေးဖိုးဂေါ်၊ တရီထ၊ ထီးတော့ခီးစသောကျေးရွာများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ သိုက်သိုက်ဝန်းဝန်း တည်ရှိနေသော ကျေးရွာလေးဖြစ်သည်။ နယ်စပ်ရေးရာဝန်ကြီးဌာနသည် အဆိုပါနို့ထကျေးရွာအနီးတွင် အရှည်ပေ ၆၉၀ ရှိသော ယွန်းစလင်းချောင်းကူး (ဟော်နန်းလင်းအေး)တံတားကို ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သန်းပေါင်း ၁၇၈၀ ကျခံသုံးစွဲ တည်ဆောက်ပေးခဲ့သည်။ ဆရာတော်ကြီး၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ဒေသခံတိုင်းရင်းသားသွေးချင်းများက တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကူညီခဲ့ကြသည်။

အထက်ဖော်ပြပါကျေးရွာများထဲတွင် လေးဖိုးဂေါ်၊ ရွှေဖလားကျ၊ မဲပလိစသောကျေးရွာများသည် အိမ်ခြေဦးရေများပြားသည်။ ဟော်နန်းလင်းအေးတံတားကြီးကိုအသုံးပြု၍ ဘားအံဒေသနှင့် ဖာပွန်ဒေသများသို့လည်းကောင်း၊ မြိုင်ကြီးငူ/ရွှေဂွန်းဒေသများသို့ လည်းကောင်း ဆက်သွယ်သွားလာနိုင်မည် ဖြစ်ပေသည်။ မြိုင်ကြီးငူဒေသတစ်ခုလုံးကို ခြုံငုံကြည့်လိုက်ပါက ၁၉၉၄ ခုနှစ်နောက်ပိုင်း ဖွံ့ဖြိုးတိုးတက်မှုများကို အစီအရီတွေ့မြင်ရမည် ဖြစ်ပေသည်။ ကရင်ပြည်နယ်၏ အထင်ကရဒေသတစ်ခုအဖြစ် ကျော်ကြားထင်ရှားခဲ့သည့် မဲသဝေါအနီး သောင်ရင်းမြစ်ကမ်းခြေတွင် ခြေစုံရပ်၍ ပတ်ဝန်းကျင်တစ်ခွင် လှမ်းမျှော်ကြည့်ရှုလိုက်စဉ် သန့်ရှင်းလတ်ဆတ်သောလေပြည်ထဲမှ ရနံ့တစ်ခုကို အလွန်မွှေးပျံ့သင်းထုံစွာ ကျွန်တော် ရှူရှိုက်လိုက်ရသည်။ ငြိမ်းချမ်းရေးလေပြည်၊ ငြိမ်းချမ်းရေးရနံ့။ ထိုနည်းတူစွာ ကရင်ပြည်နယ်အတွင်း သက်ဝင်လှုပ်ရှားနေသော ငြိမ်းချမ်းရေးပုံရိပ်များကိုလည်း ပြတ်သားစွာကျွန်တော်တွေ့မြင်နေရသည်။

မြင့်စိုး (နတလ)

## ကြံကြိတ်ခွဲရာသီတွင် လုပ်ငန်းအဆင်ပြေစေရေး ဒဟတ်ကုန်း(သကြားစက်)ဝန်ထမ်းများနှင့်တွေ့ဆုံဆွေးနွေး

၂၀၁၅-၂၀၁၆ ခုနှစ် ကြံကြိတ်ခွဲရာသီတွင် လုပ်ငန်းများအဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန်အတွက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၉ ရက်က တပ်ကုန်းမြို့နယ် မြောက်မြိုက်ကျေးရွာအုပ်စု ဒဟတ်ကုန်း (သကြားစက်)သို့သွားရောက်ကာ စက်ရုံမှူးဒေါ်ချယ်ရီအောင်နှင့် စက်ရုံဝန်ထမ်းများကို တွေ့ဆုံပြီး စက်ရုံပြန်လည်ပြင်ဆင်ရေး၊ စက်စွမ်းအားအပြည့်အဝကြိတ်ခွဲနိုင်ရေး၊ ကြံတန်ချိန်ပြည့်ဝစွာဝယ်ယူရရှိရေး၊ ဝယ်ယူရရှိသော ကြံများကို အဆင်ပြေချောမွေ့စွာသယ်ယူရေး ကိစ္စများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)

မြန်မာ့အလင်း
၂၁-၈-၂၀၁၅ (သောကြာနေ့)

ကချင်ပြည်နယ်

# မြင့်မြတ်သူတို့ နှလုံးအလှပိုင်ရှင်

မြစ်မင်းဧရာ၏ မြစ်ဖျားခံရာဒေသ . . ။ အင်းမိုင်ခ (မေခ) နှင့် မလိခမြစ်များ ဆုံစည်းရာ ဒေသ ကချင်ဌာနေသို့ အလည်တစ်ခေါက် ရောက်ဖြစ်ခဲ့သည်။ ဤဒေသသည်ကား ထင်ရှားမြင့်မားသော တောင်ကုန်း တောင်ကြားများ ပေါများပြီး ဥတုရာသီမျိုးစုံကိုလည်း ပိုင်ဆိုင်ထားသည်။ ဇီဝမျိုးစုံမျိုးကွဲများ ပေါများ၍ သဘာဝဂေဟစနစ်ကို သိမ်းဆည်းထားသည့် ပြည်နယ်ဟုလည်း ဆိုနိုင်သည်။ ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားသို့ စာရေးသူ ရောက်ရှိချိန် အပတ်စဉ်(၃)ဘက်စုံသားဖွားဒီပလိုမာသင်တန်းကျောင်း၏ ဦးဆောင်းအပ်နှင်းပွဲအခမ်းအနားနှင့် ဆုံခဲ့သည်။

ရိုးရာဓလေ့ အတီးအမှုတ် အကအခုန်များဖြင့် ဖျော်ဖြေနေမှုကို တွေ့မြင်ရ၍ စာရေးသူ သံစဉ်များနှင့်အတူ လိုက်ပါစီးမျောရင်း ပီတိဖြစ်မိခဲ့သည်။ သင်တန်းကျောင်းအုပ်ကြီး၊ နည်းပြ များနှင့် ဆရာ ဆရာမများက စာရေးသူတို့ကို ရင်းနှီးစွာ လာရောက်နှုတ်ဆက်ကြိုဆို၍ ဦးဆောင်းအပ်နှင်းပွဲခန်းမအတွင်း



သင်တန်းကျောင်းအုပ်ကြီးဒေါ်နှင်းနှင်းလွင် ရင်တွင်းစကားပြောကြားစဉ်။

ဝင်မိသည်နှင့် အဖြူနှင့်အနီကို လိုက်ဖက်စွာ ဆင်မြန်းထားသော သင်တန်းသူလေးများ၏ မျက်နှာတွင် အပြုံးပန်းများ ဝေစည်ကာ ရွှင်လန်းတက်ကြွနေသည်ကို လှမ်းမြင်မိသည်။

အဆိုပါအခမ်းအနားတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်အစိုးရ အဖွဲ့နှင့် ဌာနဆိုင်ရာမှပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ စုံလင်စွာ တွေ့မြင်ရသည်။



သင်ကြားမှုအထောက်အကူပြုကိရိယာများကို အခမ်းအနားတက်ရောက်လာသော ဧည့်သည်များ ကြည့်ရှုကြစဉ်။

မကြာမီ အပတ်စဉ်(၃) ဘက်စုံသားဖွား ဒီပလိုမာသင်တန်းသူများ၏ ဦးဆောင်းအပ်နှင်းပွဲအခမ်းအနားစတင်ရာ ကျောင်းအုပ်ကြီး ဒေါ်နှင်းနှင်းလွင်အပါအဝင် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက သင်တန်းသူ ၆၄ ဦးတို့ကို ဦးဆောင်းအပ်နှင်းပေးပြီး သူနာပြုသစ္စာအဓိဋ္ဌာန် သံပြိုင်ရွတ်ဆိုချိန်သံကို ကြားရ၍ စာရေးသူပင် ကြက်သီးမွေးညင်းလေးများ ထခဲ့မိသည်။ "ဩော် . . သူနာပြုလေးတွေ နိုင်ငံတော်နဲ့ ပြည်သူအပေါ်ထားရှိတဲ့ သစ္စာတရားက အလွန်ပင်လေးနက် ကြီးမြတ်ပါလေလား"ဟု နှုတ်မှ တဖွဖွရေရွတ်ပြီးချီးကျူးနေမိတော့သည်။

ဆက်လက်၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အတန်းတင်စာမေးပွဲနှင့် အခြေခံအရည်အချင်းစစ် စာမေးပွဲတို့တွင် ထူးချွန်ဆုရ သင်တန်းသူလေးများ၏ ဆုချီးမြှင့်ခြင်းအစီအစဉ်ကျင်းပရာ အခြေခံအရည်အချင်းစစ်စာမေးပွဲပထမဆုရ မနွယ်နီခင် (မိုးကောင်းမြို့) အား ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ဒုတိယဆုရ မဆွေဆွေနိုင် (မြစ်ကြီးနား)အား ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝင်းလွင်၊ တတိယဆုရ မစုဒါလီဝင်း(ရွှေကူ)အား လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်လီယိုနီတို့က ဆုများချီးမြှင့်ကြသည်။

တစ်ဆက်တည်းပင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အတန်းတင်စာမေးပွဲတွင် ပထမဆုရ မသက်သက်ဆွေ(မိုးညှင်း)အား ပြည်နယ် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ဒုတိယဆုရ မရွှယ်နူး (မြစ်ကြီးနား)နှင့် မသက်ဖူးမွန် (မိုးညှင်း)တို့အား ပြည်နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ငွေစံ၊ တတိယဆုရ မသင်းသင်းဟန်(မိုးကောင်း)အား ပြည်နယ်ပြည်သူ့ဆေးရုံမှ သူနာပြုအုပ် ဒေါ်ယိန်းဆွမ်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

စာရေးသူသည် သင်တန်းကျောင်းနှင့် စပ်လျဉ်း၍ သိလိုသည်များကို ကျောင်းအုပ်ကြီး ဒေါ်နှင်းနှင်းလွင်အား စေ့ငုကြည့်ရာ "ယခင်ကသားဖွားဆရာမ သင်တန်းကျောင်းအဖြစ် သင်ကြားပို့ချခဲ့ရာမှ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် သားဖွားဒီပလိုမာသင်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခဲ့ပါတယ်။ အဆင့်မြှင့်ပြီးချိန်မှ ယနေ့အထိ ဘက်စုံသားဖွား ဒီပလိုမာသင်တန်းသူ ၁၆၃ ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း သားဖွားဒီပလိုမာသင်တန်းသူ ၆၄ ဦး တက်ရောက် ပညာဆည်းပူးလျက်ရှိပါတယ်။ ဒီလိုသားဖွား ဆရာမတွေ မွေးထုတ်ပေးခဲ့တာကြောင့် ဒေသနေပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို အထောက်အကူပြုနေပါတယ်" ဟု ပြောကြားသည်။

သင်တန်းကို အခြေခံပညာတက္ကသိုလ်ဝင်တန်းအောင်မြင်သူလေးများ သတ်မှတ်ချက် ပြည့်မီပါက နှစ်နှစ်သင်တန်းသူအဖြစ် လျှောက်လွှာ လျှောက်ထားနိုင်ကြောင်း သိရသည်။ သင်တန်းသူများကို နည်းပြများအပါအဝင် ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီးရှိ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်၊ ဆရာမများက စာတွေ့ လက်တွေ့ အနီးကပ် သင်ကြားပြသလျက်ရှိသည်။

သင်တန်းပြီးဆုံးပါက မိမိတို့ဒေသတွင်းရှိ ရပ်ကွက်/ကျေးရွာ ကျန်းမာရေးဌာနခွဲများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ တိုက်နယ်ဆေးရုံများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဆေးရုံများတွင် လုပ်ငန်းခွင်ဝင်ရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဆင်းပွဲအပြီးတွင် ကျောင်းအုပ်ကြီး၏ ဦးဆောင်းအပ်နှင်းရသည့် အကြောင်းရှင်းလင်းပြောကြားလိုက်သည့်စကားကို ပြန်လည်ကြားယောင်ရင်း ဦးဆောင်း၏ တန်ဖိုး၊ မြင့်မြတ်မှုနှင့် ဥပဒေသများကို ရသည့်အခါ လူသားတိုင်း အလေးထားကြရမည်ကို လေ့လာသိရှိရသည့်အပြင် မြင့်မြတ်သူတို့၏ နှလုံးအလှပိုင်ရှင်များပါလားဟုလည်း စာရေးသူ အိမ်ပြန်လမ်းတစ်လျှောက် စဉ်းစားရင်း စဉ်းစားရင်းဖြင့် သင်တန်းသူလေးများကို ဂုဏ်ယူနေမိပါတော့သည်။

ကျော်သူလင်း



လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးရာ သားဖွားဒီပလိုမာသင်တန်းကျောင်းကို တွေ့မြင်ရစဉ်။ (ဓာတ်ပုံ-ဧရာဝတီ မောင်တိုး)



ပဲခူးတိုင်းဒေသကြီး

# ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဖွဲ့စည်း

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှင့် ကျေးရွာ စုစုပေါင်း ၁၅ ရွာ အတွက် ငွေကျပ် သန်း ၄၅၀ ဒသမ ၀၀ဖြင့် ဆောင်ရွက်ခွင့်ရရှိကြောင်း သိရှိရသည်။

ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ကြူဝတ်ကျေးရွာ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးတို့ ပါဝင်သောအဖွဲ့သည် ဩဂုတ်ဒုတိယပတ်က မြို့နယ်မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်ရေးကော်မတီအဖွဲ့ကို လူတစ်ဦးလျှင် ကျား/မ မဲနှစ်မဲစီဖြင့် ကျေးရွာသူကျေးရွာသားများ၏ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ မဲခွဲဆုံးဖြတ်ပြီး ကော်မတီခုနစ်ဦး ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

**မန္တလေးတိုင်းဒေသကြီး**

# မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အိုးပုတ်ပွဲတော် ဩဂုတ် ၂၃ ရက်တွင် ကျင်းပမည်



မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျောင်းအကွက် (၅၂) ပတ္တမြားတောရပ်ကွက် လမ်းဘေးဝဲယာတစ်လျှောက်ရှိ ဈေးဆိုင်တန်းများတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာနိုင်ငံ၏ မိုးချုပ်သည်အထိ တစ်ညနေခင်းသာကျင်းပသည့် တစ်ခုတည်းသော အိုးပုတ်ပွဲတော်ကို ဝါခေါင်လဆန်း ၈ ရက်၌ ကျင်းပမည်ဖြစ်သည်။ ပွဲတော်သို့ လာရောက်ရောင်းချသည့် အိုးထည်၊ စဉ့်ထည်ရောင်းချသူများသည် ဩဂုတ် ၈ ရက်က စတင်ရောက်ရှိနေပြီး ပွဲတော်တွင် မြန်မာ့ရိုးရာကစားစရာအိုးပုတ်များ၊ လူသုံးကုန်မြေထည်ပစ္စည်းများ၊ စဉ့်ထည်အမျိုးမျိုးနှင့် မီးဖိုချောင်သုံးပစ္စည်းများကို ရောင်းချလျက်ရှိရာ ပွဲတော်လာပြည်သူများဝယ်ယူနိုင်သည်။

အဆိုပါ မြန်မာ့ရိုးရာကစားစရာအိုးပုတ်များကို တံတားဦး၊ အင်းဝ၊ မင်းတပ်ရွာတို့မှ လည်းကောင်း၊ စဉ့်ထည်ပစ္စည်းများကို စဉ့်ကူးမြို့နယ် ကျောက်မြောင်း နွယ်ငြိမ်းဒေသတို့မှ လည်းကောင်း၊ မြေအိုးများကို ရှိန်းမကားရွာ၊ ခက်သင်ရွာတို့မှလည်းကောင်း အသီးသီးလာရောက်ရောင်းချလျက်ရှိပြီး တောင်ပြိုးပွဲတော်သို့ လှေဖြင့်လာရောက်ရောင်းချသော ဈေးသည်များကယခုနေရာမှာ ခရီးတစ်ထောက်နားရာသို့ ဒေသခံပြည်သူများလာရောက်ဝယ်ယူရာမှ ပွဲတော်သဖွယ်ဖြစ်လာသည်။ အိုးပုတ်ပွဲတော်မှာ မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုကို ဖော်ညွှန်းနေသည့် ပွဲတော်ဖြစ်ပြီး တစ်နှစ်တွင် တစ်ရက်၊ တစ်ရက်တွင် တစ်ညနေခင်းသာ ကျင်းပ၍ ပွဲတော်၏ ထူးခြားချက်မှာလောင်းကစားခြင်း၊ နတ်ကနားပေးခြင်းတို့ မပါဝင်သောကြောင့် ဒေသခံပြည်သူများသာမက မန္တလေးမြို့ အနီးဝန်းကျင်မှ လာရောက်ဝယ်ယူအားပေးလေ့လာသူများဖြင့် အထူးစည်ကားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



မြန်မာ့အလင်း
၂၁-၈-၂၀၁၅ (သောကြာနေ့)

# ရေကြီးရေလျှံမှုကြောင့် ရွှံ့နွံအောက်သို့ ရောက်ရှိနေသော အောင်မြင်သာကျေးရွာ

စစ်ကိုင်းတိုင်းဒေသကြီး



(ဂျူနိုင်း)



ကလေးမြို့တွင် မကြုံစဖူး ရေကြီးရေလျှံမှုဖြစ်ပွားပြီး ရေကျသွားသည့်နောက် ကလေးမြို့နယ် ပျဉ်းခုံကြီးကျေးရွာအုပ်စု အောင်မြင်သာကျေးရွာသည် ရွာလုံးကျွတ် နီးပါး ရွှံ့နွံအောက်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အောင်မြင်သာကျေးရွာတွင် အိမ်ခြေ ၂၀၃ လုံးရှိသည့်အနက် အိမ်ခြေ ၄၀ သည် အိမ်အောက်ထပ်အထိ ရွှံ့နွံများဖြင့် ပြည့်နှက်နေပြီး အိမ်ခြေ ၁၆၃ လုံးသည် ရွှံ့နွံအောက်သို့ နစ်မြုပ်ခဲ့သည့်အပြင် လယ်ဧက ၁၅၀၀၊ အခင်းစိုက်ခြံ ဧက ၇၀၀၊ မျိုးစပါးတင်း ၁၀၀၀၀၊ ပဲမျိုးစုံတင်း ၅၀၊ နေကြာမျိုးတင်း ၁၀၀၊ ထွန်စက်အစီး ၃၀၊ သုံးဘီးဆိုင်ကယ်ခုနစ်စီးနှင့် ဆိုင် ကယ်အစီး ၁၀၀ တို့လည်း ရွှံ့နွံထဲသို့ နစ်မြုပ်ခဲ့ကြောင်းသိရသည်။

"ဒီလိုမျိုးရေကြီးတာ အဆိုးဆုံးကတော့ နေအိမ်အချို့ဆိုရင် အိမ်အောက်ထပ်အထိ ရွှံ့နွံတွေမြုပ်ပြီး တချို့အိမ်တွေဆိုရင် အိမ်တစ်အိမ်လုံး နစ်မြုပ်နေပါတယ်။ နောက်ပြီး လယ်ထွန်စက်တွေ၊ သုံးဘီးဆိုင်ကယ်တွေ၊ လူစီးဆိုင်ကယ်တွေ၊ နွားလှည်းတွေရော ရွှံ့နွံထဲရောက်ကုန်တယ်။ လယ်မြေတွေလည်း ဒူးလောက်ကနေ ခါးလောက်အထိ ရွှံ့နွံတွေဖုံးပြီး သူ့လယ်ကိုယ်လယ်ခွဲခြားလို့မရတော့ဘူး။ ရွာထဲမှာရော အိမ်ထဲမှာပါ ရွှံ့နွံတွေ ပြည့်နှက်နေတော့ သန့်ရှင်းရေးမလုပ်နိုင်တော့ဘူး"ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါအောင်မြင်သာကျေးရွာပြန်လည်ထူထောင်ရေးနှင့် ရွှံ့နွံများဖယ်ရှားနိုင်ရေးတို့အတွက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးကိုယ်တိုင်ကလည်း ဩဂုတ် ၁၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

# ဘိန်းအစားထိုးသီးနှံ ပုလဲသွယ်မိုးစပါး စိုက်နည်းစနစ် လက်တွေ့ပြသ

ရှမ်းပြည်နယ်(တောင်ပိုင်း)

၂၀၁၅-၂၀၁၆ ခုနှစ် ဘိန်းအစားထိုးသီးနှံ မိုးစပါးသိပ္ပံနည်းကျစိုက်နည်းစနစ် လက်တွေ့ပြသခြင်း၊ ဓာတ်မြေဩဇာနှင့် နှစ်ရှည်စားသုံးသီးနှံ နဂါးမောက်ပျိုးပင်ပေးအပ်ပွဲကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့နယ် ဘန်းပြင်ကျေးရွာအုပ်စု နန်းတက်ကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးသီတာထိုက်က ဘိန်းအစားထိုးသီးနှံ စံပြကွက်များ အောင်မြင်ရေးအတွက် စိုက်နည်းစနစ်များကို ပညာပေးဆွေးနွေးသည်။ ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သင်းသင်းလဲ့က ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ နဂါးမောက်ပျိုးပင်များနှင့်ဓာတ်မြေဩဇာများကို တောင်သူများသို့ ပေးအပ်ခဲ့ပြီး ပုလဲသွယ်စပါး သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၀ တန်း တစ်တန်းလှုပ်စနစ်ဖြင့် လက်တွေ့စိုက်ပျိုးပြသခဲ့သည်။ ညောင်ရွှေမြို့နယ်တွင် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးအတွက် မိုးစပါးစံပြ သုံးဧကနှင့် နှစ်ရှည်သီးနှံစံပြကွက်တစ်ဧက စိုက်ပျိုးပြသခြင်း၊ မိုးစပါး ပုလဲသွယ်မျိုးစေ့ ဧက ၁၀၀ နှင့် အစေ့ထုတ်ပြောင်း ဧက ၁၀၀ တို့အတွက်မျိုးစေ့များ၊ မိုးစပါးသီးနှံစံပြစိုက်ခင်း ၃၅ ဧကအတွက် ဓာတ်မြေဩဇာများ အခမဲ့ ဖြန့်ဝေပေးခဲ့ဖြစ်ကြောင်း သိရသည်။



နေမျိုးသူရိန်

# မိုးစပါး အချိန်မီပြန်စိုက်နိုင်ရန် စပါးမျိုးများ ဖြန့်ဖြူးပေး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးသွားသော လယ်မြေ ၁၃၁၇၃ ဧကတွင် မိုးစပါးများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် ဩဂုတ် ၁၉ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ တောင်သူများကို စပါးမျိုးများ ဖြန့်ဖြူးပေးလျက်ရှိသည်။

ရေကြီးနစ်မြုပ်၍ ပျက်စီးသွားသည့် လယ်မြေများတွင် မိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရန် ဗီယက်နမ်စပါးမျိုးနှင့် ရတနာတိုး စပါးမျိုးများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရွှေအိုးတို့က တောင်သူများလက်ဝယ်သို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ခင်လတ်(မိုးညို)

လူတိုင်းစိတ်လှုပ်ရှားစွာနဲ့ စောင့်မျှော်နေကြတဲ့ ပရီမီယာလိဂ်ရာသီဟာ စလာခဲ့တာဟာ ပွဲစဉ်(၂)အထိ ရောက်ရှိလာခဲ့ပြီလည်းဖြစ်ပါတယ်။ ပရီမီယာလိဂ်ပွဲစဉ်(၂)အပြီးမှာတော့ လူတိုင်းအံ့အားသင့်စရာဖြစ်သွားတာကတော့ တန်းတက်အသင်းသစ်ဖြစ်တဲ့ လက်စတာအသင်းဟာ ဂိုးအသာနဲ့ မန်ယူအသင်းရဲ့ အထက်ဟာ အမှတ်ပေးဇယားရဲ့ ဒုတိယနေရာမှာရှိနေတာနဲ့ ပရီမီယာလိဂ်ရဲ့ ထိပ်ဆုံးဂိုးသွင်းရှင်စာရင်းမှာ လက်စတာတောင်ပံကစားသမား မာရက်ဇ်ရှိနေခြင်းပါပဲ။ လက်စတာအသင်းဟာ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်(၁)မှာ ဆန်းဒါးလန်းအသင်းကို ၄-၂ နဲ့ နိုင်ခဲ့သလို ပြီးခဲ့တဲ့စနေနေ့က ကစားခဲ့တဲ့ ဒုတိယမြောက် ဝက်စ်ဟမ်းအသင်းနဲ့ ပွဲမှာလည်း ၂-၁ နဲ့ အနိုင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။



## အညတရဂိုးသွင်းရှင်

သို့မဟုတ်

## လက်စတာရဲ့ ဂိုးသွင်းစက် မာရက်ဇ်

လက်စတာအသင်းရဲ့ တောင်ပံကစားသမား မာရက်ဇ်ဟာ ပထမဦးဆုံး ပွဲစဉ်ဖြစ်တဲ့ ဆန်းဒါးလန်းအသင်းနဲ့ပွဲမှာ နှစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး ဒုတိယမြောက် ဝက်စ်ဟမ်းအသင်းနဲ့ပွဲမှာတော့ တစ်ဂိုးသွင်းယူပြီး ပရီမီယာလိဂ်ရဲ့ ထိပ်တန်းတိုက်စစ်မှူးတွေကို ဖြတ်ကျော်ပြီး သုံးဂိုးသွင်းယူထားကာ ဂိုးသွင်း အများဆုံးကစားသမားအဖြစ် ရပ်တည်နေတာလည်းဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ လက်စတာအသင်းနိုင်ခဲ့တဲ့ နှစ်ပွဲဟာ မာရက်ဇ်ရဲ့ ခြေစွမ်းတွေကြောင့် နိုင်ခဲ့တာဆိုရင်တော့ မမှားဘူးလို့ ဆိုရမှာပါ။

မာရက်ဇ်ဟာ သူ့ရဲ့ကစားသမားဘဝကို သူ့ရဲ့မွေးရပ်မြို့ဖြစ်တဲ့ ဆာဆဲလ်လက်စ်ရဲ့ မြို့ခံလူငယ်အကယ်ဒမီကျောင်းမှ စတင်ကစားခဲ့တာဖြစ်ပါတယ်။ မာရက်ဇ်ဟာ ၂၀၀၉ ခုနှစ်ကစတင်ပြီး ပရိုကစားသမားဘဝကို ပြင်သစ်အောက်တန်းကလပ် ကူပါအသင်းမှာ စတင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ သူဟာ လိဂ်တူးကလပ် ဟာရီအသင်းကို ပြောင်းရွှေ့လာခဲ့ပြီး အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဟာရီအသင်းဟာ သူ့အတွက်တော့ အောင်မြင်မှုတွေ စတင်ခဲ့တဲ့နေရာလို့လည်း ပြောရမှာပါ။ သူဟာ ဟာရီအသင်းမှာ ခြောက်နှစ်ကျော်ကစားခဲ့ပြီးနောက်ပိုင်းမှာ ၂၀၁၃ ခုနှစ်မှာတော့ လက်စတာအသင်းကို ပြောင်းရွှေ့ခဲ့ပါတယ်။

မာရက်ဇ် လက်စတာကို စတင်ရောက်ရှိခဲ့တဲ့ရာသီမှာပဲ အသင်းမှာ ၁၉ ပွဲကစားပြီး သုံးဂိုးသွင်းယူပေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ရာသီမှာတော့ မာရက်ဇ်ဟာ လက်စတာအသင်းနဲ့အတူ ၃၂ ပွဲ ပါဝင်ကစားကာ လေးဂိုးသွင်းယူပေးခဲ့ပါတယ်။ ဒ့ါအပြင် ပြီးခဲ့တဲ့ရာသီမှာ မာရက်ဇ်ဟာ လက်စတာအသင်း အဓိကကစားသမားအဖြစ် ကစားနိုင်ခဲ့ရုံသာမက အသင်းကို ပရီမီယာလိဂ် တန်းတက်နိုင်ဖို့အတွက်လည်း စွမ်းဆောင်နိုင်ခဲ့တဲ့သူဖြစ်ပါတယ်။ ဒါကြောင့်လည်း လက်ရှိ လက်စတာအသင်း အကောင်းဆုံးရပ်တည်နိုင်မှုဟာ မာရက်ဇ်ရဲ့ စွမ်းဆောင်မှုမကင်းဘူးလို့ ပြောရမှာလည်းဖြစ်ပါတယ်။

မာရက်ဇ်ဟာ ပြီးခဲ့တဲ့ နှစ်ပွဲမှာ သူ့ရဲ့အသင်းအတွက် စွမ်းဆောင်မှုကို ကြည့်မယ်ဆိုရင်တော့ တစ်ပွဲမှာ ဂိုးပေါက်တည့်အောင်ကန်သွင်းနိုင်မှုက ငါးကြိမ်ရှိခဲ့ပေမယ့် ဂိုးရရှိအောင် သုံးကြိမ်ကန်သွင်းနိုင်ခဲ့ပါတယ်။ ဂိုးပေးပို့ရာမှာ တိကျမှုကတော့ ၇၈ ရာခိုင်နှုန်းရှိပါတယ်။ ဒ့ါအပြင် ကစားခဲ့တဲ့နှစ်ပွဲစလုံးမှာလည်း အကောင်းဆုံးကစားသမားဆုကို နှစ်ကြိမ်ရရှိထားခဲ့တဲ့သူလည်းဖြစ်ပါတယ်။ လက်ရှိပရီမီယာလိဂ် တောင်ပံကစားသမားတွေနဲ့ ယှဉ်ကြည့် မယ်ဆိုရင်တော့ မာရက်ဇ်ရဲ့ စွမ်းဆောင်မှုဟာ အခြားကစားသမားတွေထက် ပိုမိုသာလွန်နေတယ်လို့ ပြောရမှာပါ။ ဥပမာ မန်ယူအသင်းရဲ့ တောင်ပံကစားသမား ဒီပေးနဲ့ယှဉ်ကြည့်မယ်ဆိုရင်တောင် မာရက်ဇ်ရဲ့စွမ်းဆောင်မှုဟာ ပိုမိုသာလွန်တယ်ဆိုတာကို တွေ့ရမှာပါ။

မန်ယူအသင်းရဲ့ တောင်ပံကစားသမားသစ် ဒီပေးဟာ ပြီးခဲ့တဲ့နှစ်ပွဲအတွင်း ဂိုးပေါက်ကန်သွင်းနိုင်မှု ငါးကြိမ်ရှိခဲ့ပေမယ့် ဂိုးရရှိအောင်စွမ်းဆောင်နိုင်ခြင်း မရှိသေးပါဘူး။ ဘောလုံးပေးပို့ရာမှာ တိကျမှုက ၈၂ ဒသမ ၅ ရာခိုင်နှုန်း ရှိတာကြောင့် မာရက်ဇ်ထက် အနည်းငယ်ပိုမိုတိကျမှုရှိတယ်လို့ ဆိုနိုင်ပေမယ့် အားလုံးကိုခြုံပြီးကစားနိုင်မှုကိုကြည့်မယ်ဆိုရင်တော့ မာရက်ဇ်ရဲ့ စွမ်းဆောင်မှုဟာ ဒီပေးထက် အများကြီးသာတာကို တွေ့ရပါတယ်။

မာရက်ဇ်ဟာ ပြင်သစ်မှာမွေးဖွားတဲ့ ပြင်သစ်နိုင်ငံသားဖြစ်ပေမယ့် အယ်ဂျီးရီးယားလက်ရွေးစင်အသင်းမှာ သွားရောက်ကစားခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ သူဟာ အယ်ဂျီးရီးယားအသင်းမှာ ၂၀၁၄ ခုနှစ်က စတင်ကစားခဲ့ပြီး အယ်ဂျီးရီးယားအသင်းနဲ့အတူ ၂၀၁၅ အာဖရိကနိုင်ငံများဖလားမှာလည်း ပါဝင်ကစားခဲ့တဲ့သူဖြစ်ပါတယ်။ ဒါကြောင့်လည်း အယ်ဂျီးရီးယားလက်ရွေးစင်အသင်းကတော့ မာရက်ဇ်ဟာ အရေးကြီးတဲ့ ကစားသမားတစ်ဦးအဖြစ် ရှိနေပါတယ်။

ဒါကြောင့်လည်း လက်ရှိအချိန်မှာတော့ မာရက်ဇ်ရဲ့ ခြေစွမ်းတွေဟာ ပြိုင်ဘက်အသင်းတိုင်းအတွက်တော့ သတိထားပြီးစောင့်ကြည့်ချင်စရာလည်း ဖြစ်နေခဲ့ပါတယ်။ လာမယ့်ပွဲတွေမှာတော့ မာရက်ဇ်အနေနဲ့ လက်စတာအသင်းအတွက် ဂိုးတွေကို ဆက်လက်သွင်းယူပေးပြီး အသင်းအနိုင်ရရှိအောင် စွမ်းဆောင်နိုင်မလားဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

■ အောင်က

**မာရက်ဇ်ဟာ လက်စတာအသင်း အဓိက ကစားသမားအဖြစ် ကစားနိုင်ခဲ့ရုံသာမက အသင်းကို ပရီမီယာလိဂ် တန်းတက် နိုင်ဖို့အတွက်လည်း စွမ်းဆောင်နိုင်ခဲ့တဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့်လည်း လက်ရှိ လက်စတာအသင်း အကောင်းဆုံးရပ်တည်နိုင်မှုဟာ မာရက်ဇ်ရဲ့ စွမ်းဆောင်မှုမကင်းဘူးလို့ ပြောရမှာလည်းဖြစ်။**

>> စပိန်လီဂါတန်းတက်မိတ်ဆက်မှ



### ဘက်တစ်

တည်ထောင်သည့်နှစ် - ၁၉၀၇
ဥက္ကဋ္ဌ - ဂျန်ကားလို့စ်
နည်းပြ - ပီပီမဲလ်
ကွင်း - ဗယ်လာမာရင်
ဝင်ဆံ့မှု - ၅၂၅၀၀

တန်းတက်သုံးသင်းထဲမှာတော့ ဘက်တစ်ဟာ ပရိသတ်နဲ့ အရင်းနှီးဆုံးအသင်းဖြစ်ပါတယ်။ လာလီဂါမှာ ဘက်တစ်တို့ နောက်ဆုံးကျင်လည်သွားတဲ့နှစ်ဟာ မဝေးကွာသေးတဲ့ ၂၀၁၃-၁၄ ဘောလုံးရာသီကသာဖြစ်ပြီး ယမန်နှစ်ရာသီတစ်ရာသီသာ ဆီဂန်ဒါမှာ ကစားခဲ့ရသလို ချန်ပီယံဖြစ်မှုနဲ့အတူ ချက်ချင်းတန်းပြန်တက်လာနိုင်ခဲ့တာ ဖြစ်ပါတယ်။ အထူးသဖြင့် ဘက်တစ်ဟာ တန်းမဆင်းရခင်အချိန်အတွင်းမှာတင် လာလီဂါမှာ ကောင်းမွန်တဲ့ခြေစွမ်းတွေကို ပြသနိုင်ခဲ့ပြီး ၂၀၁၂-၁၃ ဘောလုံးရာသီမှာ ယူရိုပါလိဂ်ဝင်ခွင့်ကိုတောင် အရယူနိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။


ဒ့ါအပြင် ဘက်တစ်ဟာ လာလီဂါ ချန်ပီယံဆုဖလားကိုလည်း ၁၉၃၄-၃၅ ဘောလုံးရာသီမှာ သိမ်းပိုက်ရယူနိုင်ခဲ့တဲ့အထိ အောင်မြင်ခဲ့သလို ၁၉၇၆-၇၇ ရာသီနဲ့ ၂၀၀၄-၀၅ ရာသီတွေမှာလည်း စပိန်ဘုရင့်ဖလားကို ရရှိခဲ့တဲ့အသင်းဖြစ်တာကြောင့် ဘက်တစ်ဟာ တန်းတက်အသင်းတွေအနက်တော့ အောင်မြင်မှုအစဉ်အလာပိုင်း အကောင်းဆုံးဖြစ်နေပါတယ်။ ဒ့ါအပြင် ဘက်တစ်ဟာ အသင်းသမိုင်းကြောင်းတစ်လျှောက်မှာ လာလီဂါပြိုင်ပွဲအတွင်း ၄၈ ရာသီတိုင်း ကျင်လည်ခွင့်ရခဲ့သလို ချန်ပီယံလိဂ်ပြိုင်ပွဲအထိပါ ပါဝင်ယှဉ်ပြိုင်ဖူးပြီး ယူရိုပါလိဂ်ပြိုင်ပွဲကိုလည်း ခုနစ်ကြိမ်တိုင် ဝင်ခွင့်ရခဲ့တာကြောင့် ဘက်တစ်ဟာ တန်းတက်အသင်းတွေအနက် လာလီဂါအတွေ့အကြုံ အရင့်ဆုံးနဲ့ အစဉ်အလာအကောင်းဆုံးဖြစ်နေပါတယ်။

ဒ့ါအပြင် ဘက်တစ်ဟာ လက်ရှိ တန်းတက်လာရာမှာလည်း ပီပီမဲလ်လို အတွေ့အကြုံပြည့်ဝတဲ့ နည်းပြရဲ့ ဦးဆောင်မှုအောက်မှာ ရှိနေပါတယ်။ ပီပီမဲလ်ဟာ ဘက်တစ်ကို ၂၀၁၀ ပြည့်နှစ်ကနေ ၂၀၁၃ ခုနှစ်အထိ ကိုင်တွယ်ခဲ့စဉ်က ယူရိုပါလိဂ်ဝင်ခွင့်ကိုတောင် ရယူပေးနိုင်ခဲ့သူဖြစ်သလို ဗယ်လီကာနို၊ ဂီတာဖေးတို့လို အသင်းတွေကိုလည်း ကိုင်တွယ်ခဲ့ပြီး လာလီဂါအတွေ့အကြုံပြည့်ဝသူတစ်ဦးဖြစ်ပါတယ်။ ဒ့ါအပြင် လက်ရှိဘက်တစ်မှာ ဗန်ဒါဗတ်လို ဝါရင့်ကစားသမားကြီးက ဦးဆောင်နေပြီး အဲလ်လက်မာတီနက်ဇ်၊ ဂျာဗီးလ်မာတဲလ်လာတို့လို ကစားသမားကောင်းတွေလည်း ရှိနေတာကြောင့် တန်းတက်သုံးသင်းထဲမှာတော့ ဘက်တစ်ဟာ တန်းမဆင်းရဖို့ မျှော်လင့်နိုင်ဆုံးအသင်းအဖြစ် သတ်မှတ်ခြင်းခံထားရပါတယ်။

လင်းဆက်

## တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကို စိတ်ဝင်စားမှုမရှိကြောင်း ဂါလာတာစာရေးအသင်း သတင်းထုတ်ပြန်

**ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး အီဘရာဟီမိုဗစ်အား ခေါ်ယူသွားရန် စိတ်ဝင်စားမှုမရှိကြောင်း တူရကီကလပ် ဂါလာတာစာရေးအသင်းက သတင်းထုတ်ပြန်လိုက်သည်။**



အသက် ၃၃ နှစ်အရွယ်ရှိ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်အား ယခု နွေရာသီအတွင်းတွင် မန်ယူ၊ အေစီမီလန်နှင့် မေဂျာလိဂ်အသင်းအချို့ကခေါ်ယူရန် စိတ်ဝင်စားမှုများရှိနေသည်။ တိုက်စစ်မှူး အီဘရာဟီမိုဗစ် ကိုယ်တိုင်ကလည်း သူ၏နောက်အပြောင်းအရွှေ့သည် အားလုံးအတွက် အံ့အားသင့်စရာဖြစ်လာရမည်ဟု ဖွင့်ဟပြောဆိုထားသည်။

ယခု သီတင်းပတ်အစောပိုင်းကလည်း တိုက်စစ်မှူး အီဘရာဟီမိုဗစ်၏ အေးဂျင့်ဖြစ်သူ ရီအိုလာက အီဘရာဟီမိုဗစ်သည် ဂါလာတာစာရေးအသင်းသို့ ပြောင်းရွှေ့ဖြစ်ဖွယ်ရှိကြောင်း ပြောဆိုခဲ့ဖူးသည်။ သို့သော်လည်း ဂါလာတာစာရေးအသင်းက "တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ဂါလာတာစာရေးအသင်းရဲ့ ပစ်မှတ်တစ်ခု မဟုတ်ဘူးဆိုတာကို အကြိမ်ကြိမ်ပြောခဲ့ပြီးပါပြီ။ ဒါပေမယ့် အချို့သော မီဒီယာတွေက မဟုတ်မှန်တဲ့သတင်းတွေကို ရည်ရွယ်ချက်ရှိရှိ ထုတ်လွှင့်နေပါတယ်။ ဂါလာတာစာရေးအသင်း ပရိသတ်တွေကို အသိပေးချင်တာက အခြေအမြစ်မရှိတဲ့ သတင်းတွေအပေါ် မယုံကြည်ကြဖို့ပါ။ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ကာလအတွင်းမှာ ဂါလာတာစာရေးအသင်းလုပ်ဆောင်နေမှုတွေကို အသင်းရဲ့ တရားဝင်မီဒီယာတွေကနေ ထုတ်ပြန်ပေးသွားမှာပါ"ဟု သတင်းထုတ်ပြန်ခဲ့သည်။

အေစီမီလန်အသင်းပိုင်ရှင် ဗာလူစကိုနီက အသင်း၏ တိုက်စစ်မှူးဟောင်း အီဘရာဟီမိုဗစ်အနေဖြင့် အေစီမီလန်အသင်းသို့ ပြန်လာမည်ဆိုပါက ကြိုဆိုနေမည်ဖြစ်ကြောင်း ပြီးခဲ့သည့်ဩဂုတ် ၁၈ ရက်တွင် ပြောဆိုခဲ့သည်။

ဂါလာတာစာရေးအသင်းသည် ယခု နွေရာသီဈေးကွက်ကာလအတွင်းတွင် အာဆင်နယ်အသင်းမှ တိုက်စစ်မှူး ပိုဒေါစကီးအပါအဝင် ကစားသမားသစ် ငါးဦး ခေါ်ယူအားဖြည့်ထားသည့် အသင်းဖြစ်သည်။

အိုင်းယက်စ်၊ ဂျူဗင်တပ်၊ အင်တာမီလန်၊ ဘာစီလိုနာနှင့် အေစီမီလန်အသင်းတို့တွင် ပါဝင်ကစားခဲ့ဖူးသူ တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းအတွက် စုစုပေါင်း ၃၅ ပွဲ ပါဝင်ကစားပြီး ဂိုး ၃၀ သွင်းယူခဲ့သူဖြစ်သည်။

ထက်အောင်



| | | |
|---|---|---|
| တည်ထောင်သည့်နှစ် | - | ၁၉၄၉ |
| ဥက္ကဋ္ဌ | - | အိန်ဂျယ်လ်ရာမီရက်စ် |
| နည်းပြ | - | ပါကိုဟာရီရာ |
| ကွင်း | - | ဂရန်ကာနာရီရာ |
| ဝင်ဆံ့မှု | - | ၃၂၁၅၀ |

# စပိန်လီဂါတန်းတက်မိတ်ဆက်

လင်းဆက်

**ရာသီသစ် စပိန်လီဂါပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်မှာ စတင်ကျင်းပမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါ ရာသီသစ်မှာ တန်းတက်ယှဉ်ပြိုင်ခွင့်ရခဲ့တဲ့ ဘက်တစ်၊ ဂီဂျွန်နဲ့ လက်ပဲလ်မတ်စ်တို့ အကြောင်းကို ဖော်ပြပေးလိုက်ပါတယ်။**

## လက်ပဲလ်မတ်စ်

ယမန်နှစ် ဆီဂန်ဒါပြိုင်ပွဲမှာ စတုတ္ထနေရာရရှိခဲ့ပြီး တန်းတက်ခွင့်အတွက် အဆုံးအဖြတ်ခြေစစ်ပွဲမှာ ဗိုလ်စွဲမှုနဲ့အတူ လာလီဂါကို ရောက်ရှိလာခဲ့တဲ့ လက်ပဲလ်မတ်စ်ဟာ လာလီဂါနဲ့ အစိမ်းသက်သက် အသင်းတစ်သင်းတော့ မဟုတ်ပါဘူး။ ၁၉၄၉ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီးတဲ့နောက် လက်ပဲလ်မတ်စ်ဟာ လာလီဂါပြိုင်ပွဲအတွင်း ဘောလုံးရာသီ ၃၂ ရာသီတိုင်တိုင် ကျင်လည်ဖူးတဲ့အသင်းတစ်သင်းဖြစ်ပါတယ်။ ဒါ့အပြင် လက်ပဲလ်မတ်စ်ဟာ အသင်း သမိုင်းတစ်လျှောက် အောင်မြင်မှုကြီးကြီးမားမား ရယူနိုင်ခြင်းမရှိပေမယ့် လာလီဂါမှာ ဒုတိယတစ်ကြိမ် (၁၉၆၈-၆၉)၊ တတိယတစ်ကြိမ်(၁၉၆၇-၆၈) ရရှိတဲ့အထိ အောင်မြင်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။

အထူးသဖြင့် လက်ပဲလ်မတ်စ်ဟာ ၁၉၆၀ ပြည့်လွန်နှစ်တွေမှာ တောက်လျှောက်ခြေစွမ်းပြနိုင်ခဲ့ပြီး အဆိုပါကာလအတွင်း လာလီဂါမှာ ဘောလုံးရာသီ ၁၉ ရာသီဆက်တိုက်ကျင်လည်ခဲ့ဖူးသလို လာလီဂါမှာ အဆင့်မြင့်တဲ့ ရပ်တည်မှုတွေလည်း ရယူနိုင်ခဲ့ကာ ၁၉၇၀ ပြည့်လွန်နှစ်တွေနဲ့ ၁၉၈၀ ပြည့်လွန်နှစ်တွေမှာလည်း ခြေစွမ်းတည်ငြိမ်မှုရခဲ့ပြီး စပိန်ဘုရင့်ဖလားပြိုင်ပွဲအတွင်း ဒုတိယတစ်ကြိမ်နဲ့ ဆီမီးဖိုင်နယ်ကို နှစ်ကြိမ်တိုင် တက်ရောက်နိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဒါကြောင့် လက်ပဲလ်မတ်စ်ဟာ အစဉ်အလာပိုင်းအရ လျှော့တွက်လို့မရတဲ့ အသင်းဖြစ်ပြီး လာလီဂါနဲ့ မယဉ်ပါးဖူးတဲ့ အသင်းတစ်သင်းလည်း မဟုတ်ပါဘူး။

ဒါပေမယ့် လက်ပဲလ်မတ်စ်ရဲ့ အဆိုပါ အောင်မြင်မှုတွေဟာ ဝေးကွာခဲ့ရပြီဖြစ်ပြီး လက်ရှိအချိန်မှာတော့ လက်ပဲလ်မတ်စ်ဟာ ရုန်းကန်ရမှုတွေနဲ့သာ ရပ်တည်နေရတဲ့အသင်း ဖြစ်ပါတယ်။ အထူးသဖြင့် လက်ပဲလ်မတ်စ်ဟာ ပြီးခဲ့တဲ့နှစ်ပေါင်း ၁၇ နှစ်အတွင်းမှာ လာလီဂါကို နှစ်ရာသီသာ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့တာကိုကြည့်ရင် ဒီနောက်ပိုင်းကာလတွေမှာ အသင်းရဲ့ အနေ အထားဟာ ယိမ်းယိုင်မှုများပြားခဲ့တာ မြင်သာသလို ၂၀၀၄-၀၅ နဲ့ ၂၀၀၅-၀၆ တို့မှာဆိုရင် ဆီဂန်ဒါဘီပြိုင်ပွဲကိုတောင် ဆင်းသက်ခဲ့ရတဲ့အထိ အခြေအနေယိမ်းယိုင်ခဲ့ရပါတယ်။

ဒါကြောင့်လည်း အခုလို တန်းပြန်တက်လာရာမှာ လက်ပဲလ်မတ်စ်အနေနဲ့ လာလီဂါမှာ ရေရှည်တည်မြဲပါ့မလားဆိုတာ သံသယဖြစ်စရာလည်းကောင်းနေပါတယ်။ အထူးသဖြင့် လက်ပဲလ်မတ်စ်ဟာ လက်ရှိအချိန်မှာ အသင်းအတွက် အားဖြည့်ခေါ်ယူမှု ထိထိမိမိမရှိသေးပါဘူး။ ဒါကြောင့် လက်ပဲလ်မတ်စ်ရဲ့ အခြေခံစုဖွဲ့မှုဟာ လာလီဂါမှာ ရေရှည်ရပ်တည်ဖို့ လုံလောက်မှုမရှိနိုင်ဘူးဆိုပြီး သုံးသပ်ခံထားရသလို လက်ရှိအသင်းကို ကိုင်တွယ်နေတဲ့ နည်းပြ ပါကိုဟာရီရာဟာလည်း အရည်အသွေးပိုင်းထက်မြက်လွန်းတဲ့ နည်းပြတစ်ဦးမဟုတ်ပါဘူး။

လီဗာပူးမှာ ၂၀၀၄ ခုနှစ်ကနေ ၂၀၀၆ ခုနှစ်အထိ လက်ထောက်မန်နေဂျာအဖြစ် တာဝန်ယူခဲ့တဲ့ ပါကိုဟာရီရာဟာ ဆယ်တာဗီဂို၊ ဇာရာဂိုဇာ၊ နူမန်ဇီယာ၊ ရီခရီရေတီဗိုတို့လောက်ကိုသာ ကိုင်တွယ်ဖူးပြီး ထိရောက်တဲ့အောင်မြင်မှုတွေလည်း ရယူနိုင်ခဲ့ဖူးသူမဟုတ်ပါဘူး။ ဒါကြောင့် ပါကိုဟာရီရာဟာ လာလီဂါအတွေ့အကြုံရှိတဲ့ နည်းပြတစ်ဦးဖြစ်ပေမယ့်လည်း သာမန်အဆင့် နည်းပြတစ်ဦးအဖြစ်သာ သတ်မှတ်ခံထားရသလို ပင်ကိုအစုအဖွဲ့အားနည်းတဲ့ လက်ပဲလ်မတ်စ်ရဲ့ အနေအထားကြောင့်လည်း ရာသီသစ်မှာ တန်းမဆင်းရဖို့သာ ဦးတည်ကြိုးပမ်းရမယ့်အသင်းအဖြစ် ယူဆခံထားရပါတယ်။

## ဂီဂျွန်

ယမန်နှစ်ဆီဂန်ဒါပြိုင်ပွဲမှာ ဒုတိယရခဲ့တဲ့ ဂီဂျွန်ဟာ လက်ပဲလ်မတ်စ်ထက် လာလီဂါအတွေ့အကြုံပြည့်ဝတဲ့အသင်း ဖြစ်ပါတယ်။ အသင်းသမိုင်းကြောင်းတစ်လျှောက်လာလီဂါမှာ ဘောလုံးရာသီ ၃၉ ရာသီတိတိ ကျင်လည်ဖူးတဲ့ အသင်းလည်း ဖြစ်ပါတယ်။ အထူးသဖြင့် ဂီဂျွန်ဟာ အရင်က ဥရောပပြိုင်ပွဲတွေအထိ ပါဝင်ဆင်နွှဲခဲ့တဲ့ အသင်းတစ်သင်းဖြစ်ပြီး ယူအီးအက်ဖ်အေဖလားပြိုင်ပွဲကို ခြောက်ကြိမ်တိုင် တက်ရောက်ယှဉ်ပြိုင်ခွင့် ရခဲ့ဖူးတဲ့အသင်း ဖြစ်ပါတယ်။

အထူးသဖြင့် ဂီဂျွန်ဟာ ၁၉၇၀ ပြည့်လွန်နှစ်တွေကနေ ၁၉၉၀ ပြည့်လွန်နှစ်တွေအထိ ခြေစွမ်းပိုင်းတည်ငြိမ်ကောင်းမွန်ခဲ့ပြီး အဆိုပါကာလအတွင်းမှာ ဘောလုံးရာသီ ၂၆ ရာသီတိုင်တိုင် လာလီဂါမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် အဆိုပါကာလအတွင်းမှာပဲ ဥရောပဝင်ခွင့်တွေကို အရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ၁၉၉၀ ပြည့်လွန်နောက်ပိုင်းနှစ်တွေမှာတော့ အသင်းရဲ့ခြေစွမ်းပိုင်းနဲ့ ရပ်တည်မှုတွေဟာ ယိမ်းယိုင်ခဲ့ရပြီး အဆိုပါကာလတွေအတွင်း အောက်တန်းပြိုင်ပွဲတွေမှာသာ အများစုကျင်လည်ခဲ့ရကာ ၂၀၀၈-၀၉၊ ၂၀၁၁-၂၀၁၂ ဘောလုံးရာသီတွေမှာသာ လာလီဂါကို တက်ရောက်နိုင်ခဲ့တဲ့အထိ အသင်းရဲ့ရပ်တည်မှုနဲ့ ခြေစွမ်းဟာ ကျဆင်းသွားခဲ့ရပါတယ်။

ဒါကြောင့် ဂီဂျွန်ရဲ့ လက်ရှိအနေအထားဟာ ယခင်က ဥရောပဝင်ခွင့်ရတဲ့အထိ အောင်မြင်ခဲ့တဲ့ခြေစွမ်းမျိုးမရှိတော့သလို အခုလို တန်းပြန်တက်လာရာမှာလည်း ဂီဂျွန်ရဲ့စုဖွဲ့မှုနဲ့ အရည်အသွေးဟာ သံသယဖြစ်စရာရှိနေပါတယ်။ အထူးသဖြင့် လက်ရှိဂီဂျွန်နည်းပြ ဖာနန်ဒက်ဇ်ဟာ နည်းပြအတွေ့အကြုံ နုနယ်သူတစ်ဦးဖြစ်ပြီး လာလီဂါပြိုင်ပွဲဝင် အသင်းတစ်သင်းကို ကိုင်တွယ်ဖူးတဲ့ အတွေ့အကြုံလုံးဝမရှိသေးပါဘူး။ ဒါကြောင့် ဂီဂျွန်ဟာ စုဖွဲ့မှုမှာသာမက ဦးဆောင်မှုအခန်းကဏ္ဍမှာပါ အားလျော့မှုတွေရှိနေပြီး လက်ပဲလ်မတ်စ်နည်းတူ တန်းမဆင်းရဖို့ကိုသာ ဦးတည်ကြိုးစားရမယ့်အသင်းအဖြစ် သတ်မှတ်ခြင်း ခံထားရပါတယ်။

**စာမျက်နှာ ၇ သို့**



| | | |
|---|---|---|
| တည်ထောင်သည့်နှစ် | - | ၁၉၀၅ |
| ဥက္ကဋ္ဌ | - | အန်တိုနီယိုဗိုင်ဂါ |
| နည်းပြ | - | ဖာနန်ဒက်ဇ် |
| ကွင်း | - | မိုလီနော့ချ် |
| ဝင်ဆံ့မှု | - | ၃၀၀၀၀ |

### စပိန်လီဂါပွဲစဉ် (၁)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၂၁-၈-၁၅)** | | | |
| နံနက် ၁း၀၀ (စနေနံနက်) | မာလာဂါ | - | ဆီဗီလာ |
| **စနေနေ့ (၂၂-၈-၁၅)** | | | |
| ည ၁၁း၀၀ | အက်စ်ပန်ညို | - | ဂီတာဖေး |
| ည ၁၁း၀၀ | ဒီပို့တီဗို | - | ဆိုစီဒက် |
| နံနက် ၁း၀၀ (တနင်္ဂနွေနံနက်) | အက်သလက် | - | လက်ပဲလ်မက်စ် |
| နံနက် ၃း၀၀ (တနင်္ဂနွေနံနက်) | ဗယ်လက်ကာနို | - | ဗလင်စီယာ |
| **တနင်္ဂနွေနေ့ (၂၃-၈-၁၅)** | | | |
| ည ၁၁း၀၀ | ဘီဘာအို | - | ဘာစီလိုနာ |
| နံနက် ၁း၀၀ (တနင်္လာနံနက်) | ဂီဂျွန် | - | ရီးရဲ |
| နံနက် ၃း၀၀ (တနင်္လာနံနက်) | လီဗန်တေး | - | ဆယ်တာဗီဂို |
| နံနက် ၃း၀၀ (တနင်္လာနံနက်) | ဘက်တစ် | - | ဗီလာရီးရဲ |
| **တနင်္လာနေ့ (၂၄-၈-၁၅)** | | | |
| နံနက် ၁း၀၀ (အင်္ဂါနံနက်) | ဂရန်နာဒါ | - | အီဘာ |